# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**အလျှဒါနကို ဝမ်းမြောက်နိုင်၏**

စေးနည်းဝန်တိုသူတို့သည် နတ်ပြည်သို့ မရောက်နိုင်ကြကုန်။ လူမိုက်တို့သည် အလှူဒါနကို မချီးမွမ်းကြကုန်။ ပညာရှိသည်သာ အလှူဒါနကို ဝမ်းမြောက်နိုင်၏။ ထိုဝမ်းမြောက်မှုကြောင့်သာလျှင် ထိုပညာရှိသည် တမလွန်ဘဝ၌ ချမ်းသာရ၏။

လောကဝဂ် (ဓမ္မပဒ-၁၇၇)


၁၃၈၃ ခုနှစ်၊ ပြာသိုလဆန်း ၁ ရက် | ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၂ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၁)၊ အမှတ် (၀၉၄)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ကရင်တိုင်းရင်းသားများအနေဖြင့် ပညာနှင့်ယှဉ်သောသတ္တိ၊ မေတ္တာနှင့်ယှဉ်သော ရဲရင့်ခြင်းများသည် ထားရှိအပ်သော မွန်မြတ်သည့်စိတ်ဓာတ်များဖြစ်သည်ဟုရှုမြင်ကာ ပိုမိုကောင်းမွန်သောနှစ်သစ်ကို လက်တွဲပူးပေါင်းဖော်ဆောင်ကြရန် အလေးအနက်ဖိတ်ခေါ်လို

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ ကရင်အမျိုးသားနှစ်သစ်ကူးနေ့အတွက် ပေးပို့သော သဝဏ်လွှာ

၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်

ချစ်ခင်လေးစားအပ်ပါသော မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားမိဘပြည်သူ ညီအစ်ကိုမောင်နှမများ ခင်ဗျာ

ယနေ့ ခရစ်သက္ကရာဇ် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်၊ ကရင်နှစ် ၂၇၆၁ ခုနှစ်၊ မြန်မာသက္ကရာဇ် ၁၃၈၃ ခု၊ ပြာသိုလဆန်း ၁ ရက်နေ့သည် ကရင်တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ မြတ်နိုးတန်ဖိုးထားသည့် ကရင်အမျိုးသားနှစ်သစ်ကူး နေ့ထူးနေ့မြတ် ဖြစ်ပါသည်။ ကရင်တိုင်းရင်းသားအားလုံး အလေးအမြတ်ထား ဂုဏ်ယူတန်ဖိုးထားကြသည့် နှစ်သစ်ကူးမင်္ဂလာ နေ့ထူးနေ့မြတ်ဖြစ်သည်နှင့်အညီ နှစ်သစ်အခါသမယတွင် ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းစသည့် ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

မြန်မာနိုင်ငံအတွင်းသို့ ကရင်ဘိုးဘွားမိဘများ အခြေချနေထိုင်ခဲ့သည့် ဘီစီ ၇၃၉ ခုနှစ်မှစတင်၍ နှစ်စဉ် သလေးထိုင်ခုတ်ဖို ပြာသိုလဆန်း (၁) ရက်နေ့တွင် နှစ်သစ်ကို ကောင်းခြင်းမင်္ဂလာအဖြာဖြာဖြင့် ကြိုဆိုကြပြီး နှစ်သစ်ကူးအခမ်းအနားကို ပျော်ရွှင်ကြည်နူးစွာ ကျင်းပဆင်နွှဲ လေ့ရှိသည်ကို အားလုံးအသိပင်ဖြစ်ပါသည်။ နှစ်ဟောင်းကုန်၍ နှစ်သစ်သို့ ကူးပြောင်းသည့် အချိန်အခါတွင် ကျရောက်သည့်

*စာမျက်နှာ ၃ ကော်လံ ၁* ❐


ယနေ့ **ဖ တ် စ ရာ**

**သင်ခန်းစာယူအပ်ရာ လွတ်လပ်ရေးကြိုးပမ်းမှုမှသည် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရမည့် တန်ဖိုးများ**

(၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အကြိုဂုဏ်ပြုဆောင်းပါး

ဆောင်းပါး | စာ - ၁၀

**ဥပဒေပြုရေးဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲများအပေါ် လေ့လာခြင်း (ဖင်လန်ပြည်သူ့သမ္မတနိုင်ငံ)**

ဆောင်းပါး | စာ - ၁၆

**ဗုဒ္ဓ အဆုံးအမဖြင့် အောင်မြင်ခြင်း**

**သမဏာနဥ္စဒဿနံ**

ရဟန်းမြတ်တို့ကို ဖူးမြော်ရခြင်းသည် မင်္ဂလာမည်၏။

ဆောင်းပါး | စာ - ၂၀





## ကရင်နှစ်သစ်ကူးနေ့အထိမ်းအမှတ် ဒုံးယိမ်းအကပြိုင်ပွဲ ကျင်းပ

**ပိုင်ကျုံ ဇန်နဝါရီ ၁**

ကရင်ပြည်နယ် ဘားအံခရိုင် ပိုင်ကျုံမြို့ ကစိုကျေးရွာ နှစ်သစ်ကူးကွင်း၌ ဒီဇင်ဘာ ၃၁ ရက် ည ၇ နာရီက (၂၃)ကြိမ်မြောက် ကရင်နှစ်သစ်ကူးနေ့ အထိမ်းအမှတ် ကရင် ဒုံးယိမ်းအကပြိုင်ပွဲ အခမ်းအနားကျင်းပခဲ့သည်။

အဆိုပါ ဒုံးယိမ်းအကပြိုင်ပွဲတွင် ပိုင်ကျုံမြို့နယ်အတွင်းရှိ ကျေးရွာများမှ ပါဝင်ယှဉ်ပြိုင် ကပြကြမည့် ဒုံးယိမ်းအဖွဲ့များမှ နေ့သစ်ကူးကွင်း၌ နေရာယူခြင်း၊ ကရင်နေ့သစ်ကူးသီချင်းဖြင့် ကပြသီဆိုခြင်းများ ဆောင်ရွက်ခဲ့သည်။

ထို့နောက် (၂၃) ကြိမ်မြောက် ကရင်နှစ်သစ်ကူးအထိမ်းအမှတ်

*စာမျက်နှာ ၅ ကော်လံ ၅* ◆

မြန်မာ့အလင်း

# လွတ်လပ်ရေး၏ တာဝန်များ

"အဲဒီတော့ လွတ်လပ်ရေး ရပင်ရသော်ငြားလည်း လွတ်လပ်ရေးရဲ့ တာဝန်တွေကို ကျွန်တော်တို့က မထမ်းဆောင်ချင်ဘူးဆိုရင် ခင်ဗျားတို့ရတဲ့ လွတ်လပ်ရေးဟာ ဒီကနေ့ရပြီး မနက်ဖြန်ခါ တခြားလက်ပြန်ပါသွားမှာပဲဆိုတာ ခင်ဗျားတို့ သိစေချင်တယ်"ဟူသော စကားစုကို မြန်မာ့လွတ်လပ်ရေး ဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်းက ၁၉၄၇ ခုနှစ် ဇူလိုင် ၁၃ ရက်တွင် ပြောကြားခဲ့သည့် နောက်ဆုံးမိန့်ခွန်းတွင် ပြောကြားခဲ့သည်။ ယင်းမိန့်ခွန်းပါ ပြောကြားချက်များအရ လွတ်လပ်ရေး၏ တာဝန်များသည် တိုင်းပြည်ကို ကာကွယ်ရန်နှင့် အခြားနိုင်ငံများနည်းတူ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းထမ်းရွက်ရန်ဖြစ်သည်။

တိုင်းပြည်ကို ကာကွယ်နိုင်ရန်အတွက် လိုအပ်ပါက အရွယ်ရောက်သူ၊ ကျန်းမာသူမှန်သမျှ စစ်မှုမထမ်းမနေရ ဥပဒေပြဋ္ဌာန်း၍ စစ်ထဲသို့ ထည့်တန်ထည့်ရမည်ဖြစ်ကြောင်း၊ နှစ်နှစ်တန်သည်၊ သုံးနှစ်တန်သည် စစ်ထဲဝင်ရန်၊ စစ်ဖြစ်သည့်အခါတွင်လည်း တိုက်ချင်သည်ဖြစ်စေ၊ မတိုက်ချင်သည်ဖြစ်စေ တာဝန်အရ ဝင်တိုက်ရမည်ဖြစ်ကြောင်း၊ ယင်းသည် လွတ်လပ်ရေးရသည့်အခါတွင် ဖြစ်ရမည့် တာဝန်ဖြစ်ကြောင်း ဗိုလ်ချုပ်က ပြောကြားခဲ့သည်။ လွတ်လပ်ရေးရသည့်အခါတွင် အခြားနိုင်ငံများနှင့်တန်းတူညီတူဖြစ်စေရန် ကြိုးစားအလုပ်လုပ်ဖို့လိုကြောင်း၊ အခြားနိုင်ငံများက ခြေတစ်လှမ်းလှမ်းလျှင် မိမိတို့က ခြေလှမ်း ၄၊ ၅၊ ၁၀ လှမ်း လှမ်းလိုက်နိုင်မှ နောက် ၁၀ နှစ်၊ အနှစ် ၂၀ တန်သည်အားဖြင့် အခြားနိုင်ငံများနှင့် တန်းတူညီတူ ဖြစ်သွားမည်ဖြစ်ကြောင်းဖြင့် လွတ်လပ်ရေး၏ ဒုတိယမြောက်တာဝန်ကိုပါ ညွှန်ပြခဲ့သည်။

လွတ်လပ်ပြီးနောက် ၇၄ နှစ် ကာလသို့ ရောက်ရှိလာပြီဖြစ်သည့် မိမိတို့နိုင်ငံတွင် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို တပ်မတော်က ထမ်းဆောင်လျက်ရှိသည်။ လွတ်လပ်ရေးရပြီး မကြာမီမှာပင် ပြည်တွင်းလက်နက်ကိုင် အုံကြွမှုများနှင့် ပြည်ပကျူးကျော်မှုတို့ ပေါ်ပေါက်ခဲ့ရာ တပ်မတော်က ရှိသည့်အင်အားဖြင့် နိုင်ငံ့အချုပ်အခြာအာဏာကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် တိုက်ပွဲဝင်ခဲ့ရသည်။ တိုင်းပြည်ကို ကာကွယ်ခြင်းသည် လွတ်လပ်သည့် နိုင်ငံတစ်နိုင်ငံမှ နိုင်ငံသူ နိုင်ငံသားတိုင်း၏ တာဝန်ပင်ဖြစ်သည်။ နိုင်ငံသားတစ်ယောက်အနေဖြင့် တရားဥပဒေကို လေးစားလိုက်နာခြင်း၊ ရပ်ရွာအေးချမ်းသာယာရေး လုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းတို့အားဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်ကြရမည်ဖြစ်ပြီး စစ်မှုမထမ်းမနေရ ဥပဒေပြဋ္ဌာန်းပြီးသည့်အခါတွင်မူ ဥပဒေနှင့်အညီ စစ်မှုထမ်းကြရမည်ဖြစ်သည်။

လွတ်လပ်ရေး၏ နောက်ထပ် တာဝန်တစ်ရပ်ဖြစ်သည့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတာဝန်သည် နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့်လည်း ဆက်စပ်လျက်ရှိသည်။ နိုင်ငံအတွင်းရှိ ဒေသများတွင် တရားဥပဒေစိုးမိုးပြီး အေးချမ်းသာယာနေမှသာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို လုပ်ဆောင်နိုင်သည်။ ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်သော ဆေးရုံ၊ ဆေးခန်း၊ စာသင်ကျောင်း၊ လမ်းတံတား၊ ဓာတ်အား၊ ဆက်သွယ်ရေး စသည်တို့အပါအဝင် အခြေခံအဆောက်အအုံများ တည်ဆောက်ခြင်း၊ ဒေသနေပြည်သူများ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းများထူထောင်နိုင်ရန် ပံ့ပိုးကူညီပေးခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်းတို့အတွက် လိုအပ်ချက်တွင် ဒေသတည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုတို့က အဓိကဖြစ်သည်။

အထက်တွင် ဆိုခဲ့ပြီးသည့်အတိုင်း နိုင်ငံကို ကာကွယ်စောင့်ရှောက်ရန်နှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်ရန်တို့သည် မိမိတို့နိုင်ငံသားအားလုံး မဖြစ်မနေ ထမ်းဆောင်ကြရမည့် လွတ်လပ်ရေး၏ တာဝန်များပင် ဖြစ်သည်။ ယင်းတာဝန်များကို ထမ်းဆောင်ရန် ပျက်ကွက်မှု၊ အလေးအနက်မရှိ ပေါ့လျော့မှုတို့ များပြားလာသည်နှင့်အမျှ နိုင်ငံ၏ လွတ်လပ်ရေးသည် တစ်ပါးသူလက်သို့ သက်ဆင်းကျရောက်သည့်အဖြစ်ဆီသို့ ဦးတည်သွားစေမည်ဟု သတိဖြင့်ဆင်ခြင်ကာ လွတ်လပ်ရေး၏ တာဝန်များကို ကိုယ်စီကျေပွန်နိုင်ကြပါစေကြောင်း။ ။

# ၂၀၂၂ ခုနှစ်၊ (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက် (၄)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

၂။ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်ကို စောင့်ရှောက်ဖော်ဆောင်၍ ကောင်းမွန်သန့်ရှင်းသော အစိုးရတစ်ရပ်နှင့် အုပ်ချုပ်မှုပုံစံ ပေါ်ထွန်းလာစေရေး။

၃။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံ၍ တိုင်းရင်းသားအားလုံး စည်းလုံးချစ်ခင်စွာ ပူးပေါင်းဆောင်ရွက်ရေး။

၄။ ပြည်သူတစ်ရပ်လုံး လိုလားတောင့်တနေသည့် ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် ကြိုးပမ်းဖော်ဆောင်ရေး။

## သတိပေးနှိုးဆော်ချက်

(၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံအလေးပြုပွဲနှင့် သဝဏ်လွှာဖတ်ပွဲ အခမ်းအနားအား နေပြည်တော်၊ မြို့တော်ခန်းမရင်ပြင်တွင် ကျင်းပပြုလုပ်မည်ဖြစ်ရာ (ဝတ်စုံပြည့်) အစမ်းလေ့ကျင့်မည့် ၂-၁-၂၀၂၂ ရက်နေ့နှင့် အခမ်းအနားကျင်းပမည့် ၄-၁-၂၀၂၂ ရက်နေ့တို့တွင် နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ပျဉ်းမနား-တောင်ညိုလမ်းပေါ်ရှိ စည်ပင်ညှော့ရိပ်သာမီးပွိုင့်မှ သပြေကုန်းဈေးထောင့်လမ်းဆုံမီးပွိုင့်အထိ ယာဉ်သွားလာမှုများအား နံနက်(၀၂၀၀)အချိန်မှ (၀၈၀၀)အချိန်အထိ ခေတ္တလမ်းပိတ် / လမ်းလွှဲဆောင်ရွက်သွားမည်ဖြစ်ပါ၍ ယာဉ်အသုံးပြု သွားလာနေကြသူများအနေဖြင့် ၎င်းနေ့ရက်များတွင် နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ပျဉ်းမနား-တောင်ညိုလမ်းပေါ်ရှိ စည်ပင်ညှော့ရိပ်သာမီးပွိုင့်မှ တော်ဝင် ရတနာလမ်းအတိုင်း ရွှေကြာပင်မီးပွိုင့်ဘက်သို့လည်းကောင်း၊ သပြေကုန်းဈေးထောင့်လမ်းဆုံမီးပွိုင့်မှ ပိတောက်လမ်းအတိုင်း ရေဝတီလမ်းဘက်သို့လည်းကောင်း လမ်းလွှဲမောင်းနှင်ပေးကြပါရန် သတိပေး နှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

## နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်

**နေပြည်တော် ဇန်နဝါရီ ၁**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ရွာနိုင်သည်။ မိုး/ဇလ

# လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ချမ်းအေးသာစံမြို့နယ်တွင် အသိပညာပေး ဆွေးနွေးပွဲ ကျင်းပ

**ချမ်းအေးသာစံ ဇန်နဝါရီ ၁**

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် မြို့နယ်စာရေးဆရာအသင်းတို့ပူးပေါင်း၍ (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အသိပညာပေး Talk Show ဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီတွင် ချမ်းအေးသာစံမြို့နယ် လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဒေါ်တင်ဇာလွင်က မြန်မာနိုင်ငံ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်း၊ လွတ်လပ်ရေးနေ့ ဖြစ်ပေါ်လာပုံများနှင့် လွတ်လပ်ရေးနေ့ကို ပြည်သူများ တန်ဖိုးထားတတ်စေရေးတို့ကိုလည်းကောင်း၊ ချမ်းအေးသာစံမြို့နယ်စာရေးဆရာ အသင်းဥက္ကဋ္ဌ မောင်သန်း (မဟာဝိဇ္ဇာ) က မြန်မာနိုင်ငံ သူ့ကျွန်ဘဝရောက်ခဲ့ရမှု၊ လွတ်လပ်ရေးကြိုးပမ်းမှု၊ ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များ လွတ်လပ်ရေး တိုက်ပွဲဝင်မှု၊ လွတ်လပ်ရေး၏




အနှစ်သာရများနှင့် (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေး ဦးတည်ချက် (၄) ရပ်ကို တိုင်းရင်းသား ညီအစ်ကို မောင်နှမများအားလုံး ဝိုင်းဝန်းကြိုးပမ်း အကောင်အထည် ဖော်ဆောင်နိုင်ရေး တို့ကိုလည်းကောင်း ဆွေးနွေးပြောကြားကြကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)




## လွတ်လပ်ရေးနေ့ ဂုဏ်ပြု အားကစားပွဲများ ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၁**

ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ် အားကစားမှူး ဦးမျိုးမင်းသန်းဦးစီး၍ မြို့နယ် အားကစား ဝါသနာရှင်များ ဦးဆောင်ကျင်းပသော (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပွဲကို မရမ်းကုန်းမြို့နယ် အမှတ်(၃) ရပ်ကွက် ကျိုက်ဝိုင်း ဘောလုံးကွင်း၌ ကျင်းပမည်ဖြစ်ကာ ဘော်လီဘောနှင့် ပိုက်ကျော်ခြင်းကို အဆင့်မြင့်တန်း အားကစားသမားများက သရုပ်ဖော်ကစားမည်ဖြစ်သည်။

အဆိုပါ လွတ်လပ်ရေးနေ့တွင် မြို့နယ်အတွင်းရှိ ကြိုတင်စာရင်းပေးသွင်းထားသူများသာ မီတာ ၅၀၊ ၁၀၀ ပြေးပွဲနှင့် မုန့်ကိုက်၊ အပ်ထိုး၊ အာလူးကောက်၊ ဂုန်နီအိတ်စွပ် ကစားပွဲများဖြင့် ကစားကြမည်ဖြစ်သည်။

မျိုးမင်းသိန်း(မရမ်းကုန်း)

# သဝဏ်လွှာ

◆ **ကရင်ပြည်နယ်သည် နယ်စပ်ကုန်သွယ်ရေး၏ အချက်အချာဒေသတစ်ခု၊ မပျက်စီးသေးသည့် သဘာဝအလှတရားများ တည်ရှိနေသည့် ဒေသတစ်ခုဖြစ်သည့်အပြင် သဘာဝသယံဇာတပေါကြွယ်ဝပြီး အဖိုးတန်သစ်တောများလည်း ရှိနေသည့်အတွက် ရာသီဥတုသမမျှတပြီး စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းသည့် ပြည်နယ်တစ်ခုဖြစ်**

◆ **ကရင်တိုင်းရင်းသားတို့၏ တိုင်းပြည်အပေါ်ထားရှိသည့် ကောင်းမွန်သောစိတ်ထားများကြောင့် ငြိမ်းချမ်းရေးအသီးအပွင့်ကို လက်တွေ့သိရှိခံစားနေရပြီး ဖွံ့ဖြိုးတိုးတက်မှုများကိုလည်း ထိတွေ့ခံစားနေရပြီဖြစ်၊ ထိုရရှိပြီးသော ရလဒ်ကောင်းများကို ပိုမိုတိုးတက်ဖြစ်ထွန်းအောင်ဖော်ဆောင်ပြီး ငြိမ်းချမ်းရေးအမွေကို သားစဉ်မြေးဆက်ခံစားနိုင်အောင် ထိန်းသိမ်းစောင့်ရှောက်သွားကြရန်မှာ ကရင်တိုင်းရင်းသားတို့၏ သမိုင်းပေးတာဝန်ပင်ဖြစ်**

❐ *ရှေ့ဖုံးမှ*

ကရင်အမျိုးသားနှစ်သစ်ကူး အချိန်ကာလတွင် အတိတ်၏ အတွေ့အကြုံများအပေါ် သင်ခန်းစာရယူ၍ နှစ်သစ်အတွက် စိတ်သစ်၊ လူသစ်များဖြင့် လန်းဆန်းတက်ကြွနေမည်ဟု ယုံကြည်ပါသည်။

မြန်မာနိုင်ငံအတွင်း နေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးများသည် ဓလေ့ထုံးတမ်းများ မတူကွဲပြားကြသော်လည်း တိုင်းရင်းသားလူမျိုးများအားလုံး မိသားစုစိတ်ဓာတ်များ မွေးမြူပြီး တစ်ဦးအပေါ်တစ်ဦး တန်ဖိုးထားလေးစား၍ အတူတကွနေထိုင်လာခဲ့ကြပါသည်။ မွေးဖွားရာ ဇာတိ၊ နေထိုင်ရာအရပ်ဒေသ၊ ပြောဆိုသုံးနှုန်းသည့် စာပေ၊ စကား၊ ကိုးကွယ်ယုံကြည်သည့် ဘာသာ၊ လိုက်နာကျင့်သုံးသည့် ဓလေ့ထုံးတမ်း အစဉ်အလာများ မည်သို့ပင်ကွဲပြားစေကာမူ တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်ပြီး အေးအတူပူအမျှ မရှိအတူ ရှိအတူ စည်းလုံး ညီညာခဲ့ကြသည်။

မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်လျက်ရှိသည့် ကရင်တိုင်းရင်းသားတို့၏ ပင်ကိုသဘာဝသည် ရိုးသားအေးချမ်းပြီး မာန်မာနကင်းစင်ကာ အပြုံးကိုယ်စီဆောင်ကြသည်။ ရဲရင့်ပြတ်သားပြီး ကတိသစ္စာကြီးမားကြသည်။ ကရင်တိုင်းရင်းသားများ၏ ဖြစ်တည်မှုသမိုင်းကြောင်း ရှည်လျားမှုနှင့်အညီ ရှေးဘိုးဘွားဘီဘင်လက်ထက်ကတည်းကရှိခဲ့သော ကောင်းမြတ်သည့် ရိုးရာဓလေ့ ထုံးတမ်းစဉ်လာများနှင့်အတူ ယဉ်ကျေးမှုသမိုင်း အမွေအနှစ်ကောင်းများကိုလည်း ပိုင်ဆိုင်ထားကြသည်။

ကရင်ပြည်နယ်သည် နယ်စပ်ကုန်သွယ်ရေး၏ အချက်အချာဒေသတစ်ခု၊ မပျက်စီးသေးသည့် သဘာဝအလှတရားများ တည်ရှိနေသည့် ဒေသတစ်ခုဖြစ်သည့်အပြင် သဘာဝသယံဇာတပေါကြွယ်ဝပြီး အဖိုးတန်သစ်တောများလည်း ရှိနေသည့်အတွက် ရာသီဥတုသမမျှတပြီး စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းသည့် ပြည်နယ်တစ်ခုဖြစ်ပါသည်။ ကရင်ပြည်နယ်၏ အထင်ကရ သင်္ကေတသည် သံလွင်မြစ်ဖြစ်သလို ကရင်တိုင်းရင်းသားတို့၏ ကိုယ်စားပြုယဉ်ကျေးမှုသင်္ကေတသည် ဖားစည်ဖြစ်ပါသည်။ နှစ်သစ်ကူးပွဲ၊ အိမ်သစ်တက်ပွဲ၊ ကောက်သစ်စားပွဲ၊ လိပ်ပြာခေါ်ပွဲစသည့် ဘာသာရေးဆိုင်ရာ ရိုးရာဓလေ့ပွဲတော်များရှိပြီး ကရင်ဒုံးယိမ်းအကသည် မြူးကြွ၍ လူကြိုက်များသည့်အကတစ်မျိုး ဖြစ်ပါသည်။ ထိုသို့သော ယဉ်ကျေးမှုအမွေများသည် ကရင်တိုင်းရင်းသားများအတွက် တန်ဖိုးမဖြတ်နိုင်သည့်အရာများပင် ဖြစ်ပါသည်။

မြန်မာနိုင်ငံအတွင်းနေထိုင်ကြသည့် ကရင်တိုင်းရင်းသားများနှင့် အနယ်နယ်အရပ်ရပ်ရှိ ကရင်တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံးအနေဖြင့် စည်းလုံးညီညွတ်ခြင်းများနှင့်အတူ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကို သားစဉ်မြေးဆက် လက်ဆင့်ကမ်း ထိန်းသိမ်းစောင့်ရှောက်သွားကြရမည်ဖြစ်ပါသည်။ ကရင်တိုင်းရင်းသားများ ဘိုးဘွားဘီဘင်အစဉ်အဆက် ထိန်းသိမ်းလာခဲ့ကြသည့် စကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ရိုးရာဓလေ့ထုံးတမ်း၊ သမိုင်းအမွေအနှစ်များ လက်ဆင့်ကမ်း ထိန်းသိမ်းလာကြသည့် ရိုးသားမှု၊ ကြိုးစားမှု၊ သစ္စာရှိမှု၊ တိကျပြတ်သားစွာ ဆောင်ရွက်တတ်မှုများကို နောင်အနာဂတ် တိုင်းရင်းသားလူငယ်များကလည်း ဆက်လက်ထိန်းသိမ်း ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါသည်။ နိုင်ငံအတွင်းရှိ တိုင်းရင်းသားပြည်သူအားလုံးအနေဖြင့် မိမိတို့၏ ကောင်းမြတ်သော အစဉ်အလာများကို အစဉ်အမြဲ ထိန်းသိမ်းစောင့်ရှောက်သွားမည်ဆိုပါက ပြည်ထောင်စုကြီး အရှည်တည်တံ့ခိုင်မြဲနေမည် ဖြစ်ပါသည်။

ကရင်တိုင်းရင်းသားတို့၏ တိုင်းပြည်အပေါ်ထားရှိသည့် ကောင်းမွန်သော စိတ်ထားများကြောင့် ငြိမ်းချမ်းရေးအသီးအပွင့်ကို လက်တွေ့သိရှိခံစားနေရပြီး ဖွံ့ဖြိုးတိုးတက်မှုများကိုလည်း ထိတွေ့ခံစားနေရပြီဖြစ်သည်။ ထိုရရှိပြီးသော ရလဒ်ကောင်းများကို ပိုမိုတိုးတက်ဖြစ်ထွန်းအောင် ဖော်ဆောင်ပြီး ငြိမ်းချမ်းရေးအမွေကို သားစဉ်မြေးဆက် ခံစားနိုင်အောင် ထိန်းသိမ်းစောင့်ရှောက် သွားကြရန် မှာ ကရင်တိုင်းရင်းသားတို့၏ သမိုင်းပေးတာဝန်ပင် ဖြစ်ပါသည်။

ယနေ့အချိန်အခါသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်တာဝန်အရပ်ရပ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အခြေခံမူများဖြစ်သော ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက် (၉)ရပ်တို့ကို ချမှတ်လျက် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်ဖြစ်ထွန်းရေးကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းလုပ်ဆောင်လျက်ရှိပါသည်။

ကရင်တိုင်းရင်းသားများအနေဖြင့်လည်း ပညာနှင့်ယှဉ်သောသတ္တိ၊ မေတ္တာနှင့်ယှဉ်သော ရဲရင့်ခြင်းများသည် ထားရှိအပ်သော မွန်မြတ်သည့် စိတ်ဓာတ်များဖြစ်သည်ဟု ရှုမြင်ကာ ပိုမိုကောင်းမွန်သော နှစ်သစ်ကို လက်တွဲပူးပေါင်းဖော်ဆောင်ကြရန် အလေးအနက်ဖိတ်ခေါ်လိုပါသည်။

မိမိတို့အနေဖြင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ လိုအင်ဆန္ဒနှင့်အညီ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုကြီး တည်ဆောက်ရေး ကြိုးပမ်းအကောင်အထည်ဖော်လျက် ရှိပါသည်။ နိုင်ငံတော်ကို စစ်မှန်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ခိုင်မာ အားကောင်းလာစေရေးအတွက် အဓိကအခြေခံရမည့်အချက်မှာ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေး(၃)ပါးပင် ဖြစ်ပါသည်။ ထို့ကြောင့် တိုင်းရင်းသားပြည်သူအားလုံး၏ စည်းလုံးညီညွတ်သော စုပေါင်းအင်အားဖြင့် နိုင်ငံတော်ကို ဆက်လက်တည်ဆောက်သွားကြရန် တိုက်တွန်းလိုပါသည်။

ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသားပြည်သူအားလုံး အေးချမ်းသာယာဝပြောရေးတို့အတွက် အဓိကလိုအပ်ချက်မှာ ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ခိုင်မာရေးနှင့် နိုင်ငံအတွင်း ထာဝရငြိမ်းချမ်းရေးပင် ဖြစ်ပါသည်။ ထို့ကြောင့် တိုင်းရင်းသားအားလုံးနှင့် သက်ဆိုင်သူအားလုံးက ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် လိုအပ်ပါသည်။ မိမိတို့အနေဖြင့် ထာဝရငြိမ်းချမ်းရေးအတွက် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး NCA ကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအားလုံး လက်မှတ်ရေးထိုးလာနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ တာဝန်ရှိသူ၊ သက်ဆိုင်သူ အားလုံးက မှန်ကန်သော စိတ်ရင်းစေတနာ၊ ပြင်းပြသောဆန္ဒတို့ဖြင့် တက်ညီလက်ညီစုပေါင်း အကောင်အထည်ဖော်ကြရန် လိုအပ်ကြောင်း ဖော်ပြအပ်ပါသည်။

❐ **ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသားပြည်သူအားလုံး အေးချမ်းသာယာဝပြောရေးတို့အတွက် အဓိကလိုအပ်ချက်မှာ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ခိုင်မာရေးနှင့် နိုင်ငံအတွင်း ထာဝရငြိမ်းချမ်းရေးပင်ဖြစ်၊ ထို့ကြောင့် တိုင်းရင်းသားအားလုံးနှင့် သက်ဆိုင်သူအားလုံးက ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် လိုအပ်၊**

❐ **မိမိတို့အနေဖြင့် ထာဝရငြိမ်းချမ်းရေးအတွက် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး NCA ကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအားလုံး လက်မှတ်ရေးထိုးလာ နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိ၊ တာဝန်ရှိသူ၊ သက်ဆိုင်သူအားလုံးက မှန်ကန်သော စိတ်ရင်းစေတနာ၊ ပြင်းပြသောဆန္ဒတို့ဖြင့် တက်ညီလက်ညီ စုပေါင်းအကောင်အထည်ဖော်ကြရန်လို**

ယနေ့နှစ်သစ်ကူးနေ့တွင် ကရင်တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး ကောင်းကျိုးလိုအင်ဆန္ဒများဖြင့် ပြည့်ဝကြလျက် သာယာကောင်းမွန်သောနှစ်သစ်ကို မွန်မြတ်သော စိတ်ဓာတ်ဖြင့် ကြိုဆိုနိုင်ကြပါစေ၊ နှစ်သစ်ကူးပွဲတော်ကို တပျော်တပါးဆင်နွှဲရင်း ကရင်ပြည်နယ်အပါအဝင် တစ်နိုင်ငံလုံး တည်ငြိမ်အေးချမ်းမှု၊ စည်းလုံးညီညွတ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့ ပိုမိုရရှိပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း သဝဏ်လွှာပေးပို့အပ်ပါသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
နိုင်ငံတော်ဝန်ကြီးချုပ်
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ဇေယျဝတီသကြားစက်ရုံနှင့် အမှတ်(၃)စက်မှုသင်တန်းကျောင်း(သာဂရ) အား ပြည်ထောင်စုဝန်ကြီး ကြည့်ရှုစစ်ဆေး

## ကြံရာသီတွင် စက်ရုံမှကြိတ်ခွဲနိုင်သည့် ကြံတန်ချိန်များရရှိရန် စက်ရုံအစီအစဉ်ဖြင့် စိုက်ပျိုးထုတ်လုပ်နိုင်ရေး ကြိုးစားဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၁

**စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ဒီဇင်ဘာ ၃၁ ရက် နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်ရှိ ဇေယျဝတီသကြားစက်ရုံသို့ ရောက်ရှိရာ စက်ရုံတာဝန်ခံက လုပ်ငန်းလည်ပတ်ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြသည်။** (ယာပုံ)



ရှင်းလင်းတင်ပြမှုများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက သကြားစက်ရုံများသည် ကြံထွက်ရှိသည့်ရာသီ၌သာ လည်ပတ်ရ၍ စက်စွမ်းအားပြည့် လည်ပတ်နိုင်ရေး စီမံဆောင်ရွက်ရန်၊ စက်အရန်ပစ္စည်းများကိုလည်း အဆင်သင့်လဲလှယ် အသုံးပြုနိုင်ရေးအတွက် ကြိုတင်ဝယ်ယူစုဆောင်းထားရန်၊ ကြံကုန်ကြမ်းများ ပြတ်လပ်မှုမရှိစေရေး အစီအမံများ ချမှတ်ဆောင်ရွက်ရန်၊ စားသောက်ကုန်များ ထုတ်လုပ်သည့် စက်ရုံဖြစ်၍ စားသုံးသူများ ဘေးအန္တရာယ်မဖြစ်စေရေး အလေးထား ဆောင်ရွက်ရန်၊ ပြည်ပမှ သကြားများတင်သွင်းနေရမှုကို လျှော့ချနိုင်ရေးကြိုးစား ဆောင်ရွက်ရန်၊ ကြံကုန်ကြမ်းများ ကြိတ်ခွဲရာတွင် ကြံရည်များကုန်စင်အောင် ကြိတ်ခွဲနိုင်မှသာ သကြားအထွက်နှုန်း တိုးတက်မည်ဖြစ်၍ ကြပ်မတ်ဆောင်ရွက်ရန်၊ ကြံရာသီတွင် စက်ရုံမှ ကြိတ်ခွဲနိုင်သည့် ကြံတန်ချိန်များရရှိရန် စက်ရုံအစီအစဉ်ဖြင့် စိုက်ပျိုးထုတ်လုပ်နိုင်ရေး ကြိုးစားဆောင်ရွက်ရန်၊ ဒေသခံ ကြံတောင်သူများ ဝင်ငွေတိုးတက်၍ လူနေမှုအဆင့်အတန်းမြင့်မားစေရေးအတွက် ကုန်ထုတ်လုပ်မှု လုပ်ငန်းများအား တိုးမြှင့်ဆောင်ရွက်ရန်၊ အထွက်နှုန်းကောင်းသည့် ကြံမျိုးစိတ်များရရှိအောင် စီမံဆောင်ရွက်၍ ဒေသခံကြံတောင်သူများသို့ ဖြန့်ဝေပေးရန်နှင့် သိပ္ပံနည်းကျ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာ မျှဝေပေးရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ရန်၊ တစ်ယူနစ် ထုတ်လုပ်မှုစရိတ်များ လျှော့ချနိုင်ရေးအတွက် အလေအလွင့်မရှိရေး ကြပ်မတ်ဆောင်ရွက်ရန်၊ စက်ရုံစိုက်ကွင်းများတွင်လည်း ကြံအထွက်နှုန်းကောင်းမွန်အောင် မြေများအားပြုပြင်ဆောင်ရွက်ရန်နှင့် ကြံအထွက်နှုန်း ကောင်းမွန်စေရေးအတွက် သွင်းအားစုများနှင့် သဘာဝမြေဩဇာများကို အချိန်ကိုက် ဖြည့်ဆည်းပေးနိုင်ရေး စီမံဆောင်ရွက်ရန် မှာကြားပြီး သကြားထုတ်လုပ်သည့် လုပ်ငန်းစဉ် အဆင့်ဆင့်နှင့် ကြံစိုက်ကွင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကြံစိုက်ကွင်းများအတွင်း မသက်ဆိုင်သူများ ဝင်ရောက်စိုက်ပျိုးမှု မရှိစေရေး အလေးထားဆောင်ရွက်ရန် ထပ်ဆင့်မှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရေတာရှည်မြို့နယ်ရှိ အမှတ်(၃)စက်မှုသင်တန်းကျောင်း (သာဂရ)သို့ ရောက်ရှိပြီး နည်းပြဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများနှင့် တွေ့ဆုံ၍ နည်းပြဆရာ၊ ဆရာမများအနေဖြင့် သင်တန်းသားများကို လက်တွေ့လုပ်ငန်းခွင်တွင် ပြန်လည်အသုံးပြုနိုင်သည်အထိ လေ့ကျင့်သင်ကြားပေးရန်၊ မိမိတို့သက်ဆိုင်သည့် ဘာသာရပ်အသီးသီးကို ကျွမ်းကျင်မှုရှိရေး အမြဲမပြတ် လေ့လာ သင်ယူသွားရန်နှင့် ကျောင်းသားများ၏ စံပြဖြစ်အောင် ပြုမူနေထိုင်သွားကြရန်၊ နည်းပြဆရာ၊ ဆရာမများ၏ အရည်အသွေးတိုးတက်မြင့်မားစေရေးအတွက် ToT(Training of Trainer) သင်တန်းများ ဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်ရန်မှာကြားပြီး သင်တန်းသား သင်တန်းသူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကာ သင်တန်းသားအိပ်ဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ရေစီးရေလာကောင်းမွန်ရေးနှင့် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ရန်ကုန်မြို့တော်ဝန် ကွင်းဆင်းစစ်ဆေး

**ရန်ကုန် ဇန်နဝါရီ ၁**

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ဌေးသည် ဒုတိယဥက္ကဋ္ဌ (ဒုတိယမြို့တော်ဝန်) ဦးညီညီ၊ အတွင်းရေးမှူး ဦးညွန့်ဖေ၊ ကော်မတီဝင်များနှင့်အတူ ယနေ့ နံနက် ၈ နာရီခွဲတွင် မင်္ဂလာတောင်ညွန့်မြို့နယ် မီးရထားရပ်ကွက် သဲဖြူချောင်းအတွင်း ရေစုကန်တူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။ သဲဖြူချောင်းနှင့် ချောင်းအတွင်းသို့ စီးဝင်သည့် ရေနုတ်မြောင်းတို့ ဆုံရာနေရာတွင် ရေစုကန်တူးဖော်၍ ရေစီးရေလာကောင်းမွန်ရန် ဆောင်ရွက်ပေးခြင်းဖြင့် ဒီရေတက်ချိန်တွင် ရေကို ယာယီထိန်းသိမ်းထားနိုင်ပြီး မင်္ဂလာတောင်ညွန့်မြို့နယ်နှင့် ပုဇွန်တောင်မြို့နယ်အတွင်း ရေကြီးရေလျှံမှုကို ကာကွယ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် နံနက် ၉ နာရီတွင် ပုဇွန်တောင်ချောင်းကူး သာကေတတံတားဟောင်းရှိ စက်ဘီးလမ်းနှင့် လူသွားလမ်းပါ Linear Park တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေး၍ မကြာမီဖွင့်လှစ်နိုင်ရေးအတွက် အပြီးသတ်လုပ်ငန်းများ အမြန်ဆောင်ရွက်ရန်၊ တံတားအတက်၊ အဆင်းဝဲ/ယာတွင် အမှိုက်နှင့် မြက်ပင်ချုံနွယ်များ ရှင်းလင်း၍ မြေယာရှုခင်းများ ပြုပြင်ရန်မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ မွန်းတည့် ၁၂ နာရီတွင် ကျောက်တံတားမြို့နယ် မဟာဗန္ဓုလလမ်း ရန်ကုန်မြို့တော်ခန်းမအတွင်း အလျား ပေ ၇၀၊ အနံ ၃၃ ပေ၊ အနက် ခုနစ်ပေရှိ ရေဂါလန် တစ်သိန်းဆံ့ ရေစုကန် RC Ground Tank တည်ဆောက်နေမှုလုပ်ငန်းကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှ အဆင်ပြေချောမွေ့စွာတင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၁**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေး စခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁ ရက်အတွင်း ကုမ္ပဏီ ၉၆ ခုမှ ယာဉ်စီးရေ ၂၁၈ စီးဖြင့် အောက်ဆီဂျင်(အရည်) Bowser ယာဉ်ဖြင့် ၃၆၄ တန်၊ အောက်ဆီဂျင် (ဓာတ်ငွေ့) အိုးဖြင့် နှစ်တန်၊ အောက်ဆီဂျင်အရည် Storage Container/Tank သုံးခု၊ အောက်ဆီဂျင်အရည် Distribu–tor သုံးခု၊ အောက်ဆီဂျင် (အိုးခွံ) ၁၃၀၁၁ ခု၊ OxygenPlant လေးခု၊ အိမ်သုံး အောက်ဆီဂျင်စက် (Oxygen Concentrator) ၆၆၁ ခု Covid Test Kit ၁၉၅၇ ခု၊ PPE ဝတ်စုံ ၃၅၁၈၀၊ လက်အိတ် ၃၂ တန်နှင့် နှာခေါင်းစည်း(Mask) ၁၁၆၉ တန် တင်သွင်းခွင့်ပြုခဲ့ပြီး ဖြစ်သည်။

၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁ ရက်အတွင်း ပြည်ပမှ တင်သွင်းသည့် အောက်ဆီဂျင်အရည် (Bowser) ယာဉ်စုစုပေါင်း ၁၉ စီးမှာ ရန်ကုန်မြို့သို့ ၁၆ စီး၊ မန္တလေးမြို့သို့ နှစ်စီးနှင့် မုံရွာမြို့သို့ တစ်စီးဖြစ်ပြီး၊ Oxygen Plant လေးခုမှာ မန္တလေးမြို့ သုံးခုနှင့် မူဆယ်မြို့သို့ တစ်ခုဖြစ်ကြောင်း သိရသည်။

ကိုဗစ်–၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့်ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**

# အုတ်တွင်းမြို့ရှိ အခြေခံပညာအထက်တန်းကျောင်း(တပ်နယ်)၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၁**


ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့ရှိ အခြေခံပညာအထက်တန်းကျောင်း (တပ်နယ်) ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးအတွက် ယနေ့တွင် တောင်ပိုင်း တိုင်းစစ်ဌာနချုပ်၊ အုတ်တွင်းတပ်နယ်မှ နယ်မြေခံတပ်မတော်သားများနှင့် မိသားစုဝင်များက ကျောင်းဝင်းအတွင်း၊ အပြင်ရှိ ချုံနွယ်ပေါင်းမြက်များခုတ်ထွင်ရှင်းလင်း ခြင်း၊ အမှိုက်များရှင်းလင်းခြင်းနှင့် ခြင်ခိုအောင်းနိုင်သောနေရာများ၌ ခြင်းဆေးဖျန်းခြင်းများကို စုပေါင်းဆောင်ရွက်ပေးကြသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို အုတ်တွင်းတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်တို့ကိုအခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရာတွင် ဒီမိုကရေစီနှင့်ပတ်သက်၍ လည်းကောင်း၊ ဖက်ဒရယ်နှင့်ပတ်သက်၍ လည်းကောင်း မည်သို့ပင် အယူအဆ အမျိုးမျိုး ကွဲပြားနေပါစေ မိမိတို့နိုင်ငံနှင့် သဟဇာတဖြစ်သည့် စနစ်မျိုးကို ရွေးချယ်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ဒီမိုကရေစီ နှင့်ပတ်သက်ပြီး အများဆန္ဒအတိုင်း ဆောင်ရွက်ရသလို လူနည်းစုဆန္ဒကိုလည်း အလေးထားရန်လိုအပ်ကြောင်း၊ မိမိတို့ နိုင်ငံ၏ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် လူမျိုးတစ်မျိုးတည်း သာ နေထိုင်သည့် တိုင်းဒေသကြီး၊ ပြည်နယ်ဟူ၍ လုံးဝမရှိ ကြောင်း၊ လူမျိုးပေါင်းစုံ ရောယှက်နေထိုင်ကြကြောင်း။

မိမိတို့ ယနေ့ငြိမ်းချမ်းရေး ကြိုးပမ်းဆောင်ရွက်ခြင်းသည် မိမိတို့၏ သားစဉ်မြေးဆက်လူငယ်များအတွက် တည်ငြိမ်သည့် အနာဂတ်နှင့် ဖွံ့ဖြိုးတိုးတက်ပြီး ကမ္ဘာ့အဆင့်မီနိုင်ငံတစ်ခု ဖြစ်အောင် လက်ဆင့်ကမ်းအမွေပေးနိုင်ရန် အမျိုးသားရေး တာဝန်အဖြစ် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက် နေခြင်းပင်ဖြစ်ကြောင်း၊ ဒီမိုကရေစီအခွင့်အရေးကို တိုင်းရင်း သားအားလုံး ခံစားစေလိုကြောင်း။



မန္တလေးကျုံး ညရှုခင်း ဓာတ်ပုံ - အောင်ရဲနိုင်(အမရပူရ)

**[နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၃-၃-၂၀၂၁ ရက်နေ့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်ချက် ဗဟိုကော်မတီအစည်းအဝေး (၁/၂၀၂၁)တွင် ပြောကြားသည့် မိန့်ခွန်းကောက်နုတ်ချက်]**

## သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနလက်အောက်ရှိ တက္ကသိုလ်များမှ နေ့သင်တန်းများ ပြန်လည်ဖွင့်လှစ်မည့်ကြေညာချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
ကြေညာချက်

**တက္ကသိုလ်နေ့သင်တန်းများ ဖွင့်လှစ်ခြင်း**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)နှင့် သမဝါယမ နှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း)တို့တွင် အောက်ဖော်ပြပါအတိုင်း သင်တန်းများဖွင့်လှစ်မည်ဖြစ်ကြောင်း ကြေညာလိုက်သည်-

(၁) သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)

| စဉ် | သင်တန်း | ဖွင့်လှစ်မည့်ရက် |
|---|---|---|
| (က) | တတိယနှစ်သင်တန်း | ၆-၁-၂၀၂၂ |
| (ခ) | ဒုတိယနှစ်သင်တန်း | ၃-၂-၂၀၂၂ |
| (ဂ) | ပထမနှစ်သင်တန်း | ၃-၂-၂၀၂၂ |

(၂) သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း)

| စဉ် | သင်တန်း | ဖွင့်လှစ်မည့်ရက် |
|---|---|---|
| (က) | တတိယနှစ်သင်တန်း | ၆-၁-၂၀၂၂ |
| (ခ) | မဟာတန်းဒုတိယနှစ်သင်တန်း | ၆-၁-၂၀၂၂ |
| (ဂ) | မဟာတန်းပထမနှစ်သင်တန်း | ၆-၁-၂၀၂၂ |

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ဘွဲ့ကြို၊ ဘွဲ့လွန်သင်တန်းများ (၆-၁-၂၀၂၂) ရက်နေ့တွင် ဖွင့်လှစ်မည်

၁။ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တွင် သင်ကြားပို့ချလျက်ရှိသော (၂၀၁၉-၂၀၂၀) ပညာသင်နှစ်နှင့် (၂၀၂၁-၂၀၂၂) ပညာသင်နှစ်များအတွက် အောက်ဖော်ပြပါ ဘွဲ့ကြို၊ ဘွဲ့လွန်သင်တန်းအသီးသီးကို (၆-၁-၂၀၂၂) ရက်နေ့တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပါသည်။

(က) စတုတ္ထနှစ် (ဒုတိယနှစ်ဝက်)
(ခ) ဘွဲ့လွန်ပါရဂူ (ပထမနှစ်ဝက်)
(ဂ) ဘွဲ့လွန်မဟာသိပ္ပံ (ပထမနှစ်ဝက်)
(ဃ) ဘွဲ့လွန်ဒီပလိုမာ (ပထမနှစ်ဝက်)
(င) ဘွဲ့လွန်မဟာဒဿန (ပထမနှစ်ဝက်)

၂။ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးပြီးပါက ကာကွယ်ဆေးထိုးပြီးကြောင်း ကတ်ပြားနှင့်အတူ ကျောင်းအပ်ချိန်တွင် သတင်းပို့ရမည်ဖြစ်ပါသည်။ ကာကွယ်ဆေးမထိုးနှံရသေးပါက ကျန်းမာရေးဝန်ကြီးဌာနနှင့် အမြန်ဆုံးပူးပေါင်းကာ ဆေးထိုးနှံရေးအတွက် ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များအား Website www.yau.edu.mm တွင် ဖော်ပြပေးထားမည် ဖြစ်ပြီး၊ ဖုန်း-၀၉-၂၅-၄၃၂၅-၁၅၅ နှင့် ၀၉-၂၅-၄၀၂၃-၃၈၃ သို့ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်

◆ *ရှေ့ဖုံးမှ*

ကျင်းပရေးကော်မတီဥက္ကဋ္ဌ၊ KPF-BGF (၁၀၁၅) ဗိုလ်မှူး စောဝင်းလှိုင်စိန်က အဖွင့်အမှာစကားပြောကြားရာတွင် ရိုးရာယဉ်ကျေးမှုဓလေ့များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရန်၊ လူမျိုးများအချင်းချင်း စည်းလုံးညီညွတ်မှုရှိရန်လိုအပ်ကြောင်း၊ အနာဂတ်ခေါင်းဆောင် ဖြစ်လာမည့်လူငယ်များအနေဖြင့် မူးယစ်ဆေးဝါးအန္တရာယ်မှ ရှောင်ရှားရန် လိုအပ်ကြောင်း၊ ရပ်ရွာဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း စသည့် အကြောင်းအရာများ ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ ဒုံးယိမ်းအကပြိုင်ပွဲတွင် ပိုင်ကျုံမြို့နယ်အတွင်းရှိ ကျေးရွာများမှ ပါဝင်ယှဉ်ပြိုင်ကပြကြသည့် ဒုံးယိမ်းအဖွဲ့ ကိုးဖွဲ့ရှိကြောင်း၊ အကောင်းဆုံး ကပြဖျော်ဖြေနိုင်ခဲ့သောအဖွဲ့များအား ဇန်နဝါရီ ၁ ရက်နေ့ ညတွင် ပြန်လည် ကပြယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

ပိုင်ကျုံ (ပြန်/ဆက်)

## ရေနံချောင်း၌ ဆောင်းဆီထွက်သီးနှံ ကေသုံးထောင်ကျော် လျာထားစိုက်ပျိုးသွားမည်

**ရေနံချောင်း ဇန်နဝါရီ ၁**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်၌ ဆောင်းဆီထွက်သီးနှံ ဧကသုံးထောင်ကျော် လျာထားစိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။ ၂၀၂၁-၂၀၂၂ ခုနှစ် ဆောင်းရာသီဆောင်းသီးနှံ မြေပဲ ၁၇၄၂ ဧက၊ နှမ်း ၁၁၇၄ ဧက၊ နေကြာဧက ၂၂၀၊ ပန်းနှမ်းဧက ခြောက်ဧကတို့အား လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း မကွေးတိုင်းဒေသကြီး ရေနံချောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနစာရင်းအရ သိရသည်။

၂၀၂၀-၂၀၂၁ ခုနှစ် ဆောင်းသီးမြေပဲ ၁၇၄၂ ဧက၊ နှမ်း ၁၁၆၄ ဧက၊ နေကြာဧက ၂၂၀၊ ပန်းနှမ်း ခြောက်ဧက စိုက်ပျိုးရိတ်သိမ်းခဲ့ကြောင်း သိရသည်။ ရေနံချောင်းမြို့နယ်၌ ယာမြေနှင့်ကိုင်းမြေကို အထိထား၍ ဆီထွက်သီးနှံကို မိုးသီးနှံဆောင်းသီးနှံနှစ်မျိုး ခွဲစိုက်ပျိုးကြသည့်အပြင် မိုးရာသီတွင် မိုးမြေပဲပင်ထောင်၊ပင်ပြန့်မြေပဲ၊ ဝါဆိုမြေပဲများအား မိုးရွာသွန်းမှု အခြေခံ၍စိုက်ပျိုးကြကြောင်း နွေရာသီ၌ ကိုင်းမြေများ၌ ဆောင်းသီးနှံ နွေသီးနှံနှမ်းကို သီးထပ်အဖြစ်စိုက်ကြကြောင်း ဒေသခံများထံမှ သိရသည်။

**မျိုးမြင့်သူ**

❖ *ကျောဖုံးမှ*

(ဃ) ကမ္ဘာ့နိုင်ငံအသီးသီးမှ မြန်မာနိုင်ငံသို့ လာရောက်ကြမည့် နိုင်ငံခြားသားများအား ဗီဇာကင်းလွတ်ခွင့်နှင့် လူမှုရေးဗီဇာအပါအဝင် မည်သည့်ပြည်ဝင်ဗီဇာအမျိုးအစားကိုမဆို ယာယီရပ်ဆိုင်းမှုနှင့်စပ်လျဉ်း၍ ၂၈-၃-၂၀၂၀ ရက်စွဲပါကြေညာချက်။

၂။ ကိုဗစ်-၁၉ ကူးစက်ရောဂါ ပြည်ပမှဝင်ရောက်လာနိုင်မှုနှင့် ကူးစက်ပြန့်ပွားမှု အန္တရာယ်မှ မြန်မာပြည်သူများအား ကာကွယ်စောင့်ရှောက်ပေးနိုင်ရေးအတွက် ထိရောက်သည့်အစီအမံများကို ဆက်လက်ချမှတ်ဆောင်ရွက်သွားနိုင်ရန် ရှေးရှုလျက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအနေဖြင့် အထက်ဖော်ပြပါ ပြည်ဝင်ခွင့် ယာယီကန့်သတ်မှုဆိုင်ရာ အစီအမံများအားလုံးကို ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့အထိ ထပ်မံတိုးမြှင့်သတ်မှတ်လိုက်ပါသည်။

၃။ သို့ရာတွင် အရေးပေါ် အစိုးရတာဝန်ဖြင့်ဖြစ်စေ၊ မလွှဲမရှောင်သာသော ကိစ္စရပ်များကြောင့်ဖြစ်စေ၊ ပြည်ပနိုင်ငံသားများ (သံတမန်များနှင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဝန်ထမ်းများအပါအဝင်)အနေဖြင့် မြန်မာနိုင်ငံသို့ ပျံသန်းပြေးဆွဲရန်ရှိမည့် ကယ်ဆယ်ရေးလေယာဉ်(သို့မဟုတ်) အထူးလေယာဉ်များဖြင့် လာရောက်ရန်ရှိပါက ပြည်ဝင်ခွင့်ဗီဇာဆိုင်ရာ ကန့်သတ်မှုများမှ ကင်းလွတ်ခွင့်ရရှိနိုင်ရန်အတွက် ပြည်ပနိုင်ငံများရှိ အနီးဆုံး မြန်မာသံရုံး/ အဖွဲ့ရုံး/ကောင်စစ်ဝန်ချုပ်ရုံးများသို့ ဆက်သွယ်အကူအညီတောင်းခံရန် ဖြစ်ပါသည်။ သို့သော် မြန်မာနိုင်ငံသို့လာရောက်မည့် ခရီးသွားများအားလုံးအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်ကပ်ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ တည်ဆဲညွှန်ကြားချက်များကို မပျက်မကွက်လိုက်နာကြရမည် ဖြစ်ပါသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန
နေပြည်တော်
၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်

# ကရင်ပြည်နယ် လေးကေ့ကော်ဒေသရှိ ကျေးရွာများမှပြည်သူများ ၎င်းတို့နေရပ်အသီးသီးသို့ ပြန်လည်ဝင်ရောက်၊ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးခြင်းများ ဆောင်ရွက်ပေး

**နေပြည်တော် ဇန်နဝါရီ ၁**

ကရင်ပြည်နယ် လေးကေ့ကော်မြို့သစ်တစ်ဝိုက် ရောက်ရှိနေသည့် NUG နှင့် PDF အမည်ခံ အကြမ်းဖက်သမားများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖော်ထုတ်ဖမ်းဆီးခဲ့ရာမှစတင်၍ KNU/ KNLA အဖွဲ့မှ အကြမ်းဖက်မှုကိုလိုလားပြီး NCA ကို ပျက်စီးစေလိုသည့် ခေါင်းဆောင်အချို့ပါဝင်သောအဖွဲ့၊ NUG ၊ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ ဒီဇင်ဘာ ၁၅ ရက်မှစတင်၍ ထိတွေ့တိုက်ပွဲများဖြစ်ပွားခဲ့ပြီး အဆိုပါဒေသမှ အပြစ်မဲ့ပြည်သူများ တစ်ဖက်နိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်လျက်ရှိသည်။

အဆိုပါဒေသတစ်ဝိုက်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒီဇင်ဘာ ၂၈ ရက်မှစ၍ ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး ဒေသတည်ငြိမ်အေးချမ်းမှုရှိသည့်အတွက် တစ်ဖက်နိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်နေသည့် အပြစ်မဲ့ပြည်သူများ ပြန်လည်နေထိုင်နိုင်ရေးအတွက် အသံချဲ့စက်များဖြင့် ကရင်ဘာသာ၊ မြန်မာဘာသာစကားများဖြင့် ပြန်လည်ဖိတ်ခေါ်ခြင်း၊ ထိုင်း- မြန်မာနယ်ခြားကော်မတီများမှ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ခြင်းများကြောင့် ထွက်ပြေးတိမ်းရှောင်နေသူများအနက်မှ ယနေ့တွင် အမျိုးသား ၆၃၆ ဦး၊ အမျိုးသမီး ၈၄၈ ဦး စုစုပေါင်း ၁၄၈၄ ဦး ထပ်မံဝင်ရောက်လာခဲ့ရာ ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်မှ ယနေ့အထိ အင်ကြင်းမြိုင်၊ မင်းလက်ပံ၊ မယ်ထော်သလေးနှင့် မေတ္တာလင်းမြိုင်ကျေးရွာတို့တွင် ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ၂၇၁၂ ဦး၊ အမျိုးသမီး ၃၁၆၀ ဦး စုစုပေါင်း ၅၈၇၂ ဦး ရှိပြီးဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ ပြန်လည်ဝင်ရောက်လာသူများအား သက်ဆိုင်ရာတာဝန်ရှိသူများက စနစ်တကျ လက်ခံခဲ့ပြီး ထိုသို့လက်ခံရာတွင် သက်ဆိုင်ရာပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ်-၁၉ ရောဂါစစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက်ရမည့် အထောက်အထား စာရွက်စာတမ်းများပြုလုပ်ပေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များအား ရှင်းလင်းပြောကြားခြင်းတို့ကို စနစ်တကျ ဆောင်ရွက်ပေးပြီး တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကျန်းမာရေးဆိုင်ရာလိုအပ်ချက်များနှင့် အခြားလိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



လေးကေ့ကော်ဒေသသို့ ပြန်လည်ဝင်ရောက်လာသည့် ပြည်သူများကို တွေ့ရစဉ်။

■ *ကျောဖုံးမှ*

ဒီနှစ် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် နှစ်လခွဲကျော်အတွင်းမှာ အမေရိကန်ဒေါ်လာ ခြောက်သန်းကျော် နိုင်ငံခြားဝင်ငွေ ရှာဖွေပေးနိုင်ခဲ့တယ်။ ဒါဟာဘင်္ဂလားဒေ့ရှ်နိုင်ငံ တက္ကနပ်စ်ဆိပ်ကမ်းကို ရေထွက်ကုန်တိုက်ရိုက်တင်ပို့တဲ့ စက်လှေတွေကနေ ဝင်ငွေရခဲ့တာလည်း ပါတယ်။ နိုင်ငံတော်အတွက် အခွန်ငွေပိုမိုရရှိအောင် နည်းလမ်းအမြဲရှာနေတာဖြစ်တဲ့အတွက် ဘယ်လိုပိုရင်ဝင်ငွေပိုရနိုင်မလဲဆိုတာ ပြည်နယ်အစိုးရကို တင်ပြတယ်။ ပြည်နယ်အစိုးရနဲ့ရုံးချုပ် ဆွေးနွေးတိုင်ပင်ပြီး ခွင့်ပြုချက်နဲ့ ယမန်နှစ်တွေထက် လအနည်းငယ်အတွင်း နိုင်ငံခြားငွေပိုမိုရရှိအောင် ဌာနအနေနဲ့ ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့တာပါ” ဟု ရခိုင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးသက်ဦးက ပြောသည်။



ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့မည့် ကုန်ပစ္စည်းများကို တွေ့ရစဉ်။

ရခိုင်ပြည်နယ် စစ်တွေနှင့် မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်းနှစ်ခုကို ၂၀၂၁ ခုနှစ် အောက်တိုဘာ ၁၄ ရက်တွင် ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပြီး ရေထွက်ကုန်စင်းလုံးပို့ဆောင်မှုဖြင့် ဝင်ငွေပိုမိုရရှိရန် အောက်တိုဘာလတွင် စတင်လျာထားဆောင်ရွက်ခဲ့ရာ ဌာနအတွက် စက်လှေ၏ ကုန်တန်ချိန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅ ဒေါ်လာနှင့် စက်လှေမှတ်ပုံတင်ကြေး ဒေါ်လာ ၅၀ ရရှိသည့်အတွက် နိုဝင်ဘာလ၌ စက်လှေ ၁၁ စင်းမှ အမေရိကန်ဒေါ်လာ ၁၀၂၅၀ ဒသမ ၅၉ နိုင်ငံခြားဝင်ငွေ ရရှိခဲ့သည်။ ၂၀၂၁ ခုနှစ် အောက်တိုဘာလလယ်မှ ဒီဇင်ဘာလကုန်ပိုင်းထိ ရေချိုငါးနှင့် ငါးခြောက်မျိုးစုံ ကုန်ချိန် ၅၅၄၇ ဒသမ ၅၇၅၊ အမေရိကန်ဒေါ်လာ ၆၆၇၇၀၂၉ ဒသမ ၆၀ တင်ပို့နိုင်ခဲ့ခြင်း ဖြစ်သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ကုန်သွယ်မှုတွင် ရေချိုကုန်ပစ္စည်းတင်ပို့မှုသည် ၆၅ ရာခိုင်နှုန်းရှိပြီး ရေချိုငါးမြစ်ချင်းကို ၇၅ ရာခိုင်နှုန်း တင်ပို့လျက် ငါးမြစ်ချင်း၊ ငါးခေါင်းပွ၊ ငါးမုန့်၊ ငါးနီတူခြောက်နှင့် ငါးခြောက်စုံ၊ ကြက်သွန်နီ၊ ထန်းလျက်၊ ချင်း၊ ဆီးဖတ်၊ ဆီးယိုစုံ၊ မန်ကျည်းသီး၊ မန်ကျည်းစေ့တို့ တင်ပို့လျက်ရှိသည်။ မြန်မာနိုင်ငံမှတင်ပို့သော ရေထွက်ကုန်များကို အရှေ့အလယ်ပိုင်းနိုင်ငံများသို့ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှတစ်ဆင့် ထုပ်ပိုးပြုပြင်၍ တင်ပို့လျက်ရှိသည်။

ယခင်က ရခိုင်ပြည်နယ်မှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဆန်၊ ငါးနီတူခြောက်၊ ပင်လယ်ငါး၊ ပြောင်း၊ မြေပဲ၊ ကွမ်းသီးတင်ပို့ခဲ့ပြီး လက်ရှိတွင် တင်ပို့နိုင်ခြင်းမရှိဘဲ ရန်ကုန်မြို့မှတင်ပို့သော ရေထွက်ကုန်များနှင့် မြန်မာပြည်အထက်ပိုင်းမှတင်ပို့သော ကုန်ခြောက်ပစ္စည်းများဖြင့် ကုန်စည်စီးဆင်းလျက်ရှိသည်။

**ညိမ်းသူ (သတင်းစဉ်)**
**ဓာတ်ပုံ - ကနူး**

# မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ(ပဉ္စမ)အကြိမ် ထုတ်ချေး

**သထုံ ဇန်နဝါရီ ၁**

မွန်ပြည်နယ် သထုံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ပဉ္စမအကြိမ် ပြန်လည်ထုတ်ချေးခြင်းကို ဒီဇင်ဘာလ နောက်ဆုံးပတ်က ကျောက်တန်းကျေးရွာအုပ်စု သင်တောကျေးရွာ၌ ထုတ်ချေးပေးသည်။

ထိုသို့ထုတ်ချေးရာတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်နိုင်ဦးက သင်တောကျေးရွာ၌ အဆိုပါစီမံကိန်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှစတင်၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး ဒီဇင်ဘာလအထိ အတိုးရငွေ စုစုပေါင်း ကျပ် ၁၅ သန်းခန့် ရရှိပြီဖြစ်သောကြောင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာအုပ်ပါ စည်းမျဉ်းစည်းကမ်းများအရ အတိုးရငွေ ၁၀ သန်းအထက် ရရှိနေပြီဖြစ်၍ အတိုးရငွေ ၅၀ ရာခိုင်နှုန်းကို ပြန်လည်ထုတ်ချေးပြီး ကျန် ၅၀ ရာခိုင်နှုန်းဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာသူ ကျေးရွာသားများ၏ အများသဘောတူညီချက်ဖြင့် ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ဝန်ထမ်းများမှ ကျေးရွာမြစိမ်းရောင် ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့် ပူးပေါင်း၍ အိမ်ထောင်စု ၇၄ စုအတွက် ကျပ် ၄၂ ဒသမ ၅ သန်းတိတိအား ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ အသင်းသားများထံသို့ အရင်း/အတိုးပေးဆပ်ခြင်းနှင့် ပြန်လည်ထုတ်ချေးခြင်းအား နေ့ချင်းပြီးစနစ်ဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မိုးဝင်း(ကျေးလက်)**

# ရန်ကုန်မြို့၌ အများပြည်သူအနားယူအပန်းဖြေသည့်နေရာများတွင် ရောင်စုံမီးများဖြင့် အလှဆင်ထား

**ရန်ကုန် ဇန်နဝါရီ ၁**

ရန်ကုန်တိုင်းဒေသကြီးရှိ အများပြည်သူသွားလာလည်ပတ်အနားယူအပန်းဖြေသည့် (Public Area) များဖြစ်သည့် ပြည်သူ့ဥယျာဉ် ပြည်လမ်းရှိ အင်းလျားကန်ပေါင်ပန်းခြံ ကမ္ဘာအေးဘုရားလမ်းရှိ မြကျွန်းသာပန်းခြံ အင်းလျားကန်ပေါင်များတွင် ရောင်စုံမီးများဖြင့် အလှဆင်ထားရှိပြီး ဇန်နဝါရီ ၁ ရက်မှစ၍ ဖွင့်လှစ်ထားပြီးဖြစ်သည်။

ဒဂုံမြို့နယ်ရှိ ပြည်သူ့ဥယျာဉ်ဆင်ရုပ် ရေပန်းအနီးတစ်ဝိုက်တွင် I Love Yangon စာတန်းမီးအလှ၊ မီးပဒေသာများ၊ စောင်း၊ လိပ်ပြာ၊ ပိတုန်း၊ ပျားတို့ကို ပုံစံဖော်ထားသည့် 3D မီးအလှများ၊ ပန်းပင်များနှင့် ရေစိုခံဘောလုံး 2D မီးအလှများ တပ်ဆင်ထားရှိမှုများအပါအဝင် အလှဆင်မီး ၁၁ မျိုးကို ဝင်ကြေးအခမဲ့ဖြင့်ပြည်သူများ လာရောက်ကြည့်ရှုနိုင်ရန် စီစဉ်ထားကြောင်းနှင့် ပြည်လမ်းအင်းလျားကန်ပေါင်ပန်းခြံနှင့် ကမ္ဘာအေးဘုရားလမ်း မြကျွန်းသာပန်းခြံကန်ပေါင်တို့တွင် အလားတူ မီးအလှများကို တပ်ဆင်ထားရှိပြီး အများပြည်သူစိတ်အေးချမ်းသာစွာ အနားယူအပန်းဖြေနိုင်ရန် စီစဉ်ဆောင်ရွက်ပေးထားသည်။



မီးအလှဆင်ထားသည့် Public Area နေရာများကို ၂၀၂၁ ဒီဇင်ဘာ ၃၁ ရက် ညပိုင်းက ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများဖြစ်သည့် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင့်၊ စည်ပင်သာယာရေးဝန်ကြီး (မြို့တော်ဝန်) ဦးဗိုလ်ငွေး၊ စီးပွားရေးရာဝန်ကြီး ဦးအောင်သန်းဦး၊ သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်း၊ တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူး၊ ဥပဒေချုပ် ဦးငွေးအောင်တို့က ကြည့်ရှုစစ်ဆေးကြရာ Yangon Lighting Festival 2022 အဖွဲ့၏ အထွေထွေမန်နေဂျာ ဦးဇော်မိုးက ရှင်းလင်းတင်ပြသည်။ ဝန်ကြီးများက ရောင်စုံမီးများဖြင့် အလှဆင်ထားရှိသည့်နေရာများကို အများပြည်သူစိတ်အေးချမ်းသာစွာ အနားယူအပန်းဖြေနိုင်ရေး ဇန်နဝါရီ ၁ ရက်မှ၍ နေ့စဉ်ရက်ရှည်ဖွင့်လှစ်ထားရှိရန်မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

Public Area များတွင် ပြည်သူများ အလုပ်ပိတ်ရက်ရှည်မဟုတ်သည့်နေ့များတွင် လာရောက်လည်ပတ်အပန်းဖြေသူ ယခင်ကထက် နည်းပါးသော်လည်း နေ့ကြီး၊ ရက်ကြီးနှင့် အလုပ်ပိတ်ရက်ရှည်များတွင် အပန်းဖြေအနားယူကြသည့်အပြင် နံနက်ခင်းနှင့် ညနေခင်းအချိန်များ၌ ကိုယ်ကာယလေ့ကျင့်ခန်း ပြုလုပ်သူများ၊ လမ်းလျှောက်အပန်းဖြေသူများ၊ အားကစားပြုလုပ်သူများဖြင့် စည်ကားလေ့ရှိကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**

# နှစ်သစ်ကူးရုံးပိတ်ရက် မန်းရွှေစက်တော်ဘုရားကြီးတွင် ဘုရားဖူးများဖြင့်စည်ကား

**မင်းဘူး ဇန်နဝါရီ ၁**

မကွေးတိုင်းဒေသကြီး မင်းဘူး (စကု)မြို့နယ်ရှိ မန်းရွှေစက်တော်ဘုရားကြီး၌ ယခုတစ်ပတ် နှစ်သစ်ကူး ရုံးပတ်ရက်များ၌ နှစ်ဦးကုသိုလ်ပြု ဘုရားဖူးများဖြင့် စည်ကားလျက်ရှိကြောင်း မန်းရွှေစက်တော် ဘုရားဂေါပကအဖွဲ့ထံမှ သိရသည်။

မန်းရွှေစက်တော်ဘုရားကြီးတွင် ဇန်နဝါရီ ၁ ရက် နှစ်သစ်ကူး ရုံးပိတ်ရက်၌ မြတ်ဗုဒ္ဓ၏ ပါဒ ခြေတော်ရာ နှစ်ဆူဖြစ်တော်မူသော အထက်စက်တော်ရာနှင့် အောက်စက်တော်ရာအား နေ့ချင်းပြန် လာရောက်ဖူးမြော်ကြသော အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူ ဘုရားဖူးမိဘပြည်သူများ၊ နှစ်ဦးကုသိုလ်ပြုကြသူများ၊ ဥပုသ်သီတင်းသီလ ဆောက်တည်ကြသူများ၊ အလှူအတန်းနှင့် ကောင်းမှု ကုသိုလ်ပြုလုပ်ကြသူများ၊ ပရိတ်/ပဋ္ဌာန်းဒေသနာတော် ရွတ်ဖတ်ပူဇော်ကြသူများ၊ ပန်း၊ ဆီမီး၊ ရေချမ်း ကပ်လှူပူဇော်ကြသူများ၊ နဂါးစာကျွေး၊ ငါးလွှတ် ကုသိုလ်ပြုကြသူများနှင့် မျောက်စာ ကျွေးကြသူများ၊ အမှတ်တရဈေးအရောင်းဆိုင်များ၊ အမှတ်တရ ဓာတ်ပုံရိုက်ကူးကြသူများနှင့် မန်းချောင်းအတွင်း ရေချိုး အပန်းဖြေသူများဖြင့် စည်ကားခဲ့ပြီး အစိုးရရုံးပိတ်ရက်များအပြင် နေ့စဉ်လာရောက်ဖူးမြော်လျက်ရှိကြောင်း မန်းရွှေစက်တော်ဘုရား အောက်စက်တော်ရာ တာဝန်ခံ ဦးသိန်းလှိုင်ထံမှ သိရသည်။



မန်းရွှေစက်တော် ဘုရားကြီးကို ဘုရားဖူးမိဘပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်ဖူးမြော်နိုင်ရေးအတွက် ယာယီလူကူးဝါးတံတားများ အပြင် အောက်ခြေတော်ရာ အရောက်ကားများဖြင့် ဖူးမြော်နိုင်ရန် ယာယီသစ်သားသံပေါင်တံတားတစ်စင်းကိုလည်း တည်ဆောက်ပေးထားကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**



ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ်အတွင်း၌ ကိုဗစ်-၁၉ ကူးစက်ရောဂါနှင့် ကိုဗစ် -၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိရောက်စွာကာကွယ်နိုင်ရန်နှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများတွင် ပြည်သူလူထုပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ အသိပညာပေးနှိုးဆော်ခြင်းကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညောင်ရွှေမြို့နယ်ရုံးမှ ဝန်ထမ်းများက မြို့ပေါ်ရပ်ကွက်များအတွင်း ဆောင်ရွက်စဉ်။ စိုင်းအယ်ဘဲ

**ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့**
**သဘာဝတောတွေ ထိန်းသိမ်းစို့**

# နှစ်သစ်ကူးရုံးပိတ်ရက် ချောင်းသာကမ်းခြေ၌ ယခင်ပုံမှန်ရက်များထက် လာရောက်အပန်းဖြေသူ ပိုမိုစည်ကားများပြား

**ချောင်းသာ ဇန်နဝါရီ ၁**

ပုသိမ်ခရိုင် ချောင်းသာမြို့ရှိ ချောင်းသာကမ်းခြေတွင် နှစ်သစ်ကူးရုံးပိတ်ရက်ကာလ အပန်းဖြေလာရောက်သူ ရေကစားသူများဖြင့် ယခင်ပုံမှန်ရက်များထက် ယနေ့နံနက်ပိုင်းက ပိုမိုစည်ကားလျက်ရှိသည်။

"ဒီနေ့ မနက်အစောပိုင်းကတည်းက ဈေးရောင်းကောင်းပါတယ်။ ဟိုတယ်၊ တည်းခိုခန်းတွေလည်း ဧည့်သည်ပြည့်လို့ ရွာထဲလည်း တည်းကြတယ်လို့ ကြားတယ်။ ကမ်းခြေမှာ ဒီနေ့ဆို နေ့လယ်လောက်ထိ ရေကူးသူတွေ ပြည့်နေပါတယ်" ဟု ကမ်းခြေအမှီပြု ဈေးရောင်းချသူတစ်ဦးထံမှ သိရသည်။

ကမ်းခြေသို့ လာရောက်သူများ အေးချမ်းပျော်ရွှင်စွာအနားယူအပန်းဖြေရန်နှင့် ကမ်းခြေသာယာလှပစေရန်အတွက် မြို့အုပ်ချုပ်ရေးမှူးရုံးနှင့် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ မြို့စည်ပင်သာယာရေးအဖွဲ့၊ ပြန်/ဆက်၊ နယ်မြေခံတပ်/ ရဲများ၊ မီးသတ်ဝန်ထမ်းများ ပါဝင်သည့် ကမ်းခြေစည်းကမ်းထိန်းသိမ်းရေးအဖွဲ့က ကမ်းခြေတွင် ဈေးရောင်းချနေသော ဈေးသည်များအား ဈေးဆိုင်နေရာများကို သတ်မှတ်နေရာများ စနစ်တကျခင်းကျင်းရောင်းချရန်၊ စွန့်ပစ်သည့်အမှိုက်များကို စနစ်တကျ စွန့်ပစ်ရန်နှင့် ကမ်းခြေသို့ လာရောက်လည်ပတ်ကြသည့် ခရီးသွားဧည့်သည်များ အေးချမ်းပျော်ရွှင်စွာ နားနေအပန်းဖြေနိုင်ရန်အတွက်တို့ကို ကွင်းဆင်းကြပ်မတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်(ပြန်/ဆက်)**



# လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ထိတွေ့တိုက်ခိုက်မှုစည်းမျဉ်း ROE နှင့်အညီ တိကျစွာလိုက်နာလျက်ရှိပြီး အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များနှင့်အညီ အရပ်သားပြည်သူများ ထိခိုက်နစ်နာမှုမရှိစေရေး အလေးထားဆောင်ရွက်လျက်ရှိ

## ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုနှင့် အရေးပေါ်ကယ်ဆယ်ရေး ညှိနှိုင်းရေးမှူး Martin Griffiths ၏ ကြေညာချက်အပေါ် သတင်းထုတ်ပြန်ချက်

**နေပြည်တော် ဇန်နဝါရီ ၁**

ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုနှင့် အရေးပေါ်ကယ်ဆယ်ရေး ညှိနှိုင်းရေးမှူး Martin Griffiths က ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာ ၂၄ ရက်တွင် မြန်မာနိုင်ငံ ကယားပြည်နယ်၊ ဖရူဆိုမြို့နယ်၊ မိုဆို ကျေးရွာအနီး ဖြစ်ပွားခဲ့သော အရပ်သားများ သေဆုံးခဲ့မှုဖြစ်စဉ်နှင့် ပတ်သက်၍ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာ ၂၆ ရက်တွင် အချက်(၅)ချက်ပါ ကြေညာချက်ကို ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရှိရသည်။

### ထုတ်ပြန်ကြေညာ

အထက်ဖော်ပြပါ ထုတ်ပြန်ကြေညာချက်၌ ဖြစ်စဉ်တွင် ကလေးငယ်တစ်ဦး အပါအဝင် လူ(၃၅) ဦးထက်မနည်း သေဆုံးခဲ့ကြောင်းနှင့် Save The Children အဖွဲ့မှ ဝန်ထမ်း(၂)ဦးကို ဖမ်းဆီးထားပြီး မော်တော်ယာဉ်များလည်း မီးရှို့ဖျက်ဆီးခံခဲ့ရကြောင်း၊ ယခုကဲ့သို့ အရပ်သားများအပေါ် တိုက်ခိုက်ခဲ့မှုများကို ရှုတ်ချ၍ ကျူးလွန်ခဲ့သူများကို အမြန်ဆုံး တရားစီရင်နိုင်ရေး ပွင့်လင်းမြင်သာမှုရှိသည့် စုံစမ်းစစ်ဆေးမှုများ ချက်ချင်းလုပ်ဆောင်ရန် တိုက်တွန်းကြောင်း၊ မြန်မာ့တပ်မတော်အပါအဝင် လက်နက်ကိုင်အဖွဲ့အစည်းများကိုလည်း အရပ်သားပြည်သူများ ထိခိုက်နစ်နာမှုမရှိစေရေး ကာကွယ်ပေးရန် တိုက်တွန်းကြောင်း အစရှိသည့်အချက်များပါဝင်ကြောင်း တွေ့ရှိရသည်။

### စနစ်တကျ ကိုင်တွယ်ထိန်းသိမ်းခဲ့

မြန်မာ့တပ်မတော်အနေဖြင့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်မှ စတင်၍ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ နိုင်ငံတော်အား အရေးပေါ် အခြေအနေကြေညာ၍ နိုင်ငံတော်၏ အာဏာ အရပ်ရပ်အား ခေတ္တထိန်းသိမ်းခဲ့သည့်အချိန်မှ စတင်၍ လူစုလူဝေးဖြင့် ဆူပူအကြမ်း ဖက်ဆန္ဒပြမှုများ၊ လက်နက်ဖြင့် တိုက်ခိုက်မှုများ၊ အုပ်စုဖွဲ့ အကြမ်းဖက်တိုက်ခိုက်မှုများအပေါ် အနိမ့်ဆုံး အဆင့်၊ အနည်းဆုံးအင်အားကိုသာ အသုံးပြု၍ တည်ဆဲတရားဥပဒေများ၊ နိုင်ငံတကာစံနှုန်းများနှင့် အညီ စနစ်တကျ ကိုင်တွယ်ထိန်းသိမ်းခဲ့သည်။ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏ အာဏာအရပ်ရပ်အား ခေတ္တ ထိန်းသိမ်းထားသည့်ကာလအတွင်း နိုင်ငံအတွင်း၌ ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ နယ်မြေ အေးချမ်းသာယာရေးတို့အတွက် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်နှင့် ဦးတည်ချက် (၉) ရပ် တို့အား ချမှတ်၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ရည်မှန်းချက်၊ ရည်ရွယ်ချက်ကောင်းများထားရှိ၍ ကြိုးပမ်းလုပ်ဆောင်နေသည့် ကာလအတွင်း အကြမ်းဖက်အဖွဲ့အစည်းများဖြစ်သော CRPH ၊ NUG အမည်ခံအဖွဲ့များမှ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာ ၇ ရက်ကို D Day အဖြစ်သတ်မှတ်၍ အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့နှင့် ၎င်းတို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက နိုင်ငံတစ်ဝန်း၌ အကြမ်းဖက်တိုက်ခိုက်မှုများ စတင် လုပ်ဆောင်ရန် ထုတ်ပြန်ကြေညာခဲ့သည်။

### အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်လျက်ရှိ

ထိုသို့ကြေညာခဲ့ပြီးနောက် နိုင်ငံအတွင်းရှိ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ အချို့ဒေသများတွင် အကြမ်းဖက်အဖွဲ့ များက လုံခြုံရေးတပ်ဖွဲ့ဝင်များအား ပစ်ခတ် တိုက်ခိုက်ခြင်းကို ပိုမိုလုပ်ဆောင်လာခဲ့ပြီး အထူး သဖြင့် လက်နက်ကိုင်ဆောင်ထားခြင်းမရှိသော အရပ်သားများ၊ နိုင်ငံ့ဝန်ထမ်းများအား ဒလန်အဖြစ် စွပ်စွဲ၍ သတ်ဖြတ်ခြင်း၊ ၎င်းတို့အား ထောက်ခံ



ဖရူဆိုမြို့နယ်အတွင်း လုံခြုံရေးဆောင်ရွက်လျက်ရှိသော တပ်ဖွဲ့ဝင်များအား KNPP နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက မော်တော်ယာဉ်များပေါ်မှ လက်နက်ငယ်များဖြင့် စတင်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ပစ်ခတ်ဖမ်းဆီး

ဖရူဆိုမြို့နယ်အတွင်း လုံခြုံရေးဆောင်ရွက်လျက်ရှိသော တပ်ဖွဲ့ဝင်များအား KNPP နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက မော်တော်ယာဉ်များပေါ်မှ လက်နက်ငယ်များဖြင့် စတင်ပစ်ခတ်တိုက်ခိုက်ခဲ့သည့် ဖြစ်စဉ်နေရာပြပုံ

သိမ်းဆည်းရမိသည့် လက်လုပ်လက်ပစ်ဗုံး မြောက်လုံး၊ အမ်-၁၆ သေနတ်တစ်လက်နှင့် တူမီးသေနတ် သုံးလက်တို့ကို တွေ့ရစဉ်။

အားပေးခြင်းမရှိသည့် မိသားစုများကို အုပ်စုဖွဲ့ သတ်ဖြတ်ခြင်း၊ တန်ဖိုးရှိပစ္စည်းများအား အတင်း အဓမ္မယူဆောင်၍ နေအိမ်အဆောက်အဦနှင့် ပစ္စည်း ကိရိယာများအား မီးရှို့ဖျက်ဆီးခြင်း၊ ၎င်းတို့အား အားပေးကူညီရန်အတွက် နည်းမျိုးစုံဖြင့် ခြိမ်းခြောက် အကျပ်ကိုင်ခြင်း အစရှိသည့် အကြမ်းဖက်လုပ်ရပ် များကို ကျူးလွန်လျက်ရှိသည်။

ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှု နှင့် အရေးပေါ်ကယ်ဆယ်ရေး ညှိနှိုင်းရေးမှူး Martin Griffiths ၏ ကြေညာချက်တွင် ပါရှိသော



KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ခရီးသည်တင်လေယာဉ် လွိုင်ကော်လေဆိပ်သို့ ဆင်းသက်ရောက်ရှိစဉ် ရှော့တိုက်ဒုံးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည့် ဖြစ်စဉ်နေရာပြပုံ

ဖြစ်စဉ်ဖြစ်ပွားရခြင်းမှာလည်း ကယားပြည်နယ် အတွင်း နယ်မြေလုံခြုံရေးတာဝန်များ ထမ်းဆောင် လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဖရူဆို မြို့နယ်၊ မိုဆိုကျေးရွာအနီးသို့ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာ ၂၄ ရက် နံနက်ပိုင်း၌ ရောက်ရှိချိန်တွင် မော်တော် ယာဉ် (၇)စီးကိုတွေ့ရှိ၍ လုံခြုံရေးအရ စစ်ဆေးမှု ခံယူနိုင်ရေး ရပ်တန့်စေခဲ့ရာ ရပ်တန့်မှုမရှိဘဲ မော်တော်ယာဉ်ပေါ်မှ လက်နက်ငယ်များဖြင့်ပစ်ခတ် ၍ မောင်းနှင်ထွက်ပြေးသွားခဲ့သည်။ ထိုသို့မောင်းနှင် ထွက်ပြေးသွားစဉ် မိုဆိုကျေးရွာအနီးရှိ တောင်ကုန်း များတွင် အသင့်စောင့်ဆိုင်းနေသည့် အကြမ်းဖက် သမား ၁၀ ဦးခန့်က အာပီဂျီ၊ ၄၀ မမ ဗုံးပစ်လောင်ချာ၊ လက်နက်ငယ်များဖြင့် ထပ်မံပစ်ခတ်တိုက်ခိုက်ခဲ့ သဖြင့် မိမိလုံခြုံရေးတပ်ဖွဲ့ဝင်များက မလွှဲမရှောင် သာ ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့ရသည်။

ဖြစ်စဉ်တွင် KNPP နှင့် PDF အမည်ခံ အကြမ်းဖက်သမားများနှင့် အကြမ်းဖက်သင်တန်း တက်ရောက်ရန် စုဆောင်းလာသည့် လူသစ် အချို့တို့အား အမ်-၁၆ သေနတ် ၁ လက်၊ ပွိုင့်-၂၂ သေနတ် ၁ လက်၊ တူမီးသေနတ် ၃ လက်၊ လက်ပစ် ဗုံး ၇ လုံး၊ အမ်-၁၆ ကျည် ၂၅ တောင့်၊ ကျည်အိမ် ၂ ခု၊ ပြောက်ကျားယူနီဖောင်းများ၊ ဆက်စပ်ပစ္စည်း များ နှင့်အတူ အသေဖမ်းဆီးရမိခဲ့ပြီး ခါတ်ဆီ၊ ဒီဇယ်နှင့် အကြမ်းဖက်အဖွဲ့များစားသုံးရန် ကျေးရွာ များမှ အဓမ္မကောက်ခံခဲ့သည့် စားသောက်ကုန် ပစ္စည်းများ တင်ဆောင်ထားသည့် မော်တော်ယာဉ် ၇ စီးမှာလည်း မီးလောင်ပျက်စီးခဲ့သည်။ အဆိုပါ အကြမ်းဖက်အဖွဲ့သည် ယင်းနေ့ နံနက်ပိုင်းတွင် လွိုင်ကော်လေဆိပ်သို့ ဆင်းသက်လာသည့် အရပ် ဘက် ခရီးသည်တင်လေယာဉ်အား ရှော့တိုက်ဒုံးများ ဖြင့် ပစ်ခတ်တိုက်ခိုက်၍ အရပ်ဝတ်ဖြင့် လျှို့ဝှက် ထွက်ပြေးလာသည့်အဖွဲ့ဖြစ်ကြောင်း ဒေသခံများမှ တစ်ဆင့် ဖော်ထုတ်ရရှိခဲ့သည်။ ၎င်းဖြစ်စဉ်အား လည်း ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာ ၂၄ ရက်တွင် နိုင်ငံတော်ပိုင် ရုပ်သံလိုင်းများနှင့် သတင်းစာများ တွင် ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

### အထင်အမြင်လွဲမှားစေရန် လုပ်ဆောင်ခဲ့

အကြမ်းဖက်အဖွဲ့အစည်းများဖြစ်သော CRPH နှင့် NUG အမည်ခံ အဖွဲ့များ၏ D Day အဖြစ် သတ်မှတ်ကြေညာပြီးနောက် နိုင်ငံအတွင်း အချို့ ဒေသများတွင် ယခုဖြစ်စဉ်ကဲ့သို့ အရပ်သားများအား ပစ်မှတ်ထား တိုက်ခိုက်မှုများ များပြားစွာဖြစ်ပေါ် ခဲ့ပြီး ယခုဖြစ်စဉ်မှာလည်း တစ်ခုအပါအဝင်ဖြစ် သည်။ အကြမ်းဖက်အဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုကို မလိုလားသော ကိုယ်ကျိုးရှာ မီဒီယာများ၊ သတင်းသမားများနှင့် ပူးပေါင်း၍ ဖြစ်စဉ်အား ၎င်းတို့လိုရာဆွဲကာ ရေးသားထုတ်လွှင့်မှုများအပေါ်အခြေပြုပြီး ယခု ကဲ့သို့ အထင်အမြင်လွဲမှားစေရန် လုပ်ဆောင်ခဲ့ ကြောင်း တွေ့ရှိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ထိတွေ့ တိုက်ခိုက်မှုစည်းမျဉ်း ROE နှင့်အညီ တိကျစွာ လိုက်နာဆောင်ရွက်လျက်ရှိပြီး အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များနှင့်အညီ အရပ်သားပြည်သူ များ ထိခိုက်နစ်နာမှုမရှိစေရေး အလေးထား ဆောင်ရွက်လျက်ရှိကြောင်း သက်ဆိုင်ရာက သတင်း ထုတ်ပြန်ထားသည်။ **သတင်းစဉ်**

# ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပွှန်တန်ဆာမြို့၌ အမျိုးသား ငါးဦးက အကြမ်းဖက်မှုလုပ်ရပ်များ လုပ်ဆောင်ရန်အတွက် လက်လုပ်မိုင်းတပ်ဆင်နေစဉ် ပေါက်ကွဲမှုဖြစ်ပွား၍ လေးဦးသေဆုံးကာ တစ်ဦးဒဏ်ရာရရှိ

**နေပြည်တော် ဇန်နဝါရီ ၁**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပွှန်တန်ဆာမြို့၌ အမျိုးသား ငါးဦးက အကြမ်းဖက်မှုလုပ်ရပ်များလုပ်ဆောင်ရန်အတွက် လက်လုပ်မိုင်း တပ်ဆင်နေစဉ် ပေါက်ကွဲမှုဖြစ်ပွား၍ လေးဦး သေဆုံးကာ တစ်ဦး ဒဏ်ရာရရှိကြောင်း သိရသည်။


ဖြစ်စဉ်မှာ ညောင်လေးပင်မြို့နယ် ပွှန်တန်ဆာမြို့ မြို့မ(၃) ရပ်ကွက်၌ ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၃၁ ရက် ည ၇ နာရီခွဲခန့်တွင် ပေါက်ကွဲမှုဖြစ်ပွားကြောင်းသတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ မြို့မ(၃) ရပ်ကွက်ရှိဦးစိုးသိန်း ပိုင်ဆိုင်သည့် RC တစ်ထပ်တိုက် ဘယ်ဘက်ခြမ်းတွင် အောင်ပြည့်စုံထွန်း၊ ကျော်စွာနှင့် စည်သူထွန်းတို့ သုံးဦးမှာ ခန္ဓာကိုယ်အနှံ့ မိုင်းစထိမှန်ဒဏ်ရာများဖြင့် သေဆုံးနေပြီး အောင်မြင့်မြတ်ထွန်းတွင် ခန္ဓာကိုယ်အောက်ပိုင်း၌ မိုင်းစထိမှန်ဒဏ်ရာများ ရရှိထားသည်ကို တွေ့ရှိရသဖြင့် ဖြစ်စဉ်အား မေးမြန်းခဲ့ရာ ၎င်းသည် ဦးစိုးသိန်း၏ သားဖြစ်သူ ဇင်ကိုလွင် (၂၆)နှစ်၊ အောင်ပြည့်စုံထွန်း၊ ကျော်စွာ၊ စည်သူထွန်းတို့နှင့်အတူ အကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုရန်အတွက် လက်လုပ်မိုင်း တပ်ဆင်နေစဉ် ပေါက်ကွဲမှုဖြစ်ပွား၍ ထိခိုက်ဒဏ်ရာရရှိခဲ့ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းအား ဆေးကုသမှုခံယူနိုင်ရေး ပွှန်တန်ဆာမြို့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် အခင်းဖြစ်နေအိမ်အား အသေးစိတ် ဆက်လက်စစ်ဆေးခဲ့ရာ ပေါက်ကွဲမှုဖြစ်ထားသည့်နေရာအနီးမှ ပျက်စီးနေသော ပစ္စတိုသေနတ် တစ်လက်နှင့် ကျည် နှစ်တောင့်အား သိမ်းဆည်းရမိခဲ့ပြီး ဖြစ်စဉ်တွင်ပါဝင်ပြီး ပျောက်ဆုံးနေသည့် ဇင်ကိုလွင်အား ၎င်းနေအိမ်၏ အမြင့် ၁၂ ပေခန့်ရှိ အမိုးပေါ်၌ ခန္ဓာကိုယ်အနှံ့ မိုင်းစထိမှန်ဒဏ်ရာများဖြင့် သေဆုံးနေသည်ကို ထပ်မံတွေ့ရှိခဲ့ရသည်။

ဖြစ်စဉ်တွင် အကြမ်းဖက်မှုများ လုပ်ဆောင်ရန် လက်လုပ်မိုင်း တပ်ဆင်နေစဉ် ပေါက်ကွဲမှုဖြစ်ပွားကာ သေဆုံးခဲ့သည့် ဇင်ကိုလွင်ပါ အမျိုးသား လေးဦး၏ အလောင်းများကို ပွှန်တန်ဆာဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်းနှင့် အဆိုပါဖြစ်စဉ်တွင် ပါဝင်ပတ်သက်သူများအား ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက် လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



ကျော်စွာ(ခ)ကျော်စွာလွင်



အောင်ပြည့်စုံထွန်း(သေဆုံး)



စည်သူထွန်း(သေဆုံး)



အောင်မြင့်မြတ်ထွန်း(ဒဏ်ရာရ)



ဇင်ကိုလွင်(သေဆုံး)



အပြင်ထွက်တိုင်း

ပါးစပ်နှင့်နှာခေါင်းစည်း(mask) ကို

စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ






(၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# သင်ခန်းစာယူအပ်ရာ လွတ်လပ်ရေးကြိုးပမ်းမှုမှသည် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရမည့် တန်ဖိုးများ

ဒေါက်တာမြတ်မိုး

နှစ်ပေါင်း ၁၂၀ ကျော် တစ်ပါးတိုင်းပြည် လက်အောက်ခံကျွန်သဘောက်ဘဝဖြင့် ၁၈၂၄ ခုနှစ်ကတည်းက ဆုံးရှုံးခဲ့ရသည့် မြန်မာတို့၏ လွတ်လပ်ရေး၊ လုံးဝလွတ်လပ်ပြီး အချုပ်အခြာ အာဏာကို ပြန်လည်ရရှိခဲ့တာ ၇၄ နှစ် ရှိခဲ့ပေပြီ။

သို့သော် နိုင်ငံတော်ကား အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်နေရဆဲ ဖြစ်သည်။ အရှေ့တစ်ခုအတွက် တွန်းအားများ ရပ်တန့်သွားတိုင်း တိုးတက်မှုက တုံ့နှေးသွားတတ် သည်။ နိုင်ငံသမိုင်း၊ လူမျိုးသမိုင်း၊ ယဉ်ကျေးမှု သမိုင်းများနှင့် တန်ဖိုးများ ခိုင်ခိုင်မာမာရှိခဲ့၍သာ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲနေခြင်း ဖြစ်သည်။ စုစုစည်းစည်းတည်ဆောက်ထားသော စည်းလုံးညီညွတ်မှုကြောင့်သာ ကမ္ဘာ့အလယ် တွင် “မြန်မာ” ဟူ၍ ထာဝရရပ်တည်နေနိုင်ခြင်း ဖြစ်သည်။ အမြော်အမြင်ရှိသော ခေါင်းဆောင်များ နှင့် မျိုးချစ်စိတ်များကြောင့်သာ တိုင်းပြည်မပြိုကွဲ သွားခြင်းဖြစ်သည်။



အောင်ဆန်း-အက်တလီစာချုပ် ချုပ်ဆိုရန် အင်္ဂလန်သို့ ရောက်ရှိနေသည့် ဗိုလ်ချုပ်အောင်ဆန်းနှင့် ကိုယ်စားလှယ်အဖွဲ့အား လန်ဒန်မြို့ ဒေါင်းနင်းလမ်း အမှတ် ၁၀ နေအိမ်ရှေ့၌ တွေ့ရစဉ်။

**“မြန်မာ” ဆိုသည့်အဓိပ္ပာယ်ကိုက ပြည့်စုံကျယ်ပြန့်သည်။ စစ်ချီတက်သည့်အခါ၊ အရေးကြုံသည့်အခါ ဉာဏ်ပညာနှင့်ကြံစည်တတ်ပြီး သတ္တိနှင့်ပြည့်စုံခြင်းဆိုသည့် “မြန်”ဟူသောအဓိပ္ပာယ်ကို “မာ” ဆိုသည့် ထက်သန်သော ဆန္ဒ၊ မလျှော့သောဝီရိယ၊ ဇာတိသွေးဇာတိမာန်၊ ခက်ထန်မာကျောသော အဓိပ္ပာယ်များများဖြင့် ပေါင်းစပ်လိုက်သည့်အခါ ဂုဏ်ထူးဝိသေသထူးခြားသည့် “မြန်မာ” ဟူသော အဓိပ္ပာယ်တစ်ခု ပေါ်လွင်ထင်ရှားလာပါသည်**

### ဘုန်းမီးနေလတောက်ပခဲ့သည်ကို ကိုယ်စားပြုသည့် “မြန်မာ” ဆိုသောအဓိပ္ပာယ်

“မြန်မာ” ဆိုသည့်အဓိပ္ပာယ်ကိုက ပြည့်စုံ ကျယ်ပြန့်သည်။ စစ်ချီတက်သည့်အခါ၊ အရေးကြုံ သည့်အခါ ဉာဏ်ပညာနှင့်ကြံစည်တတ်ပြီး သတ္တိ နှင့်ပြည့်စုံခြင်းဆိုသည့် “မြန်” ဟူသော အဓိပ္ပာယ်ကို “မာ” ဆိုသည့်ထက်သန်သောဆန္ဒ၊ မလျှော့သောဝီရိယ၊ ဇာတိသွေးဇာတိမာန်၊ ခက်ထန်မာကျောသော အဓိပ္ပာယ်များများဖြင့် ပေါင်းစပ်လိုက်သည့်အခါ ဂုဏ်ထူးဝိသေသ ထူးခြားသည့် “မြန်မာ” ဟူသောအဓိပ္ပာယ်တစ်ခု ပေါ်လွင်ထင်ရှားလာပါသည်။

“မြန်မာ” ဟူသည် တိုင်းရင်းသားလူမျိုး အားလုံးကို ကိုယ်စားပြုပြီး ရှေးပဝေသဏီ ကတည်းကပင် ဂုဏ်ရောင်ထွန်းပြောင် ဘုန်းမီး နေလတောက်ပခဲ့သောအမျိုးကိုကိုယ်စားပြုသည်။ သမိုင်းအစဉ်အဆက် အဓိကကျသည်က ကာကွယ် ရေးအင်အားနှင့် ခေါင်းဆောင်မှုဖြစ်သည်။ ကာကွယ်ရေးစွမ်းပကားကို အခြေခံပြီး ပြည်ထောင်စုဖွား တိုင်းရင်းသားတို့၏ ဝန်းရံမှုနှင့် အတူ ခေါင်းဆောင်မှုအားကောင်းပါက နိုင်ငံတော် ကြီး ခိုင်မာတောင့်တင်းပြီး ပိုမိုတည်ငြိမ်ဖွံ့ဖြိုး တိုးတက်သည်ကို တွေ့ရသည်။ ကာကွယ်ရေး စွမ်းပကားအားနည်းကာ ခေါင်းဆောင်မှုညံ့ဖျင်းပြီး စည်းလုံးညီညွတ်မှုမရှိသည့် ခေတ်များတွင် သူတစ်ပါးကျူးကျော်စော်ကားမှုကို ခံရစမြဲဖြစ် သည်။ မြန်မာ့လွတ်လပ်ရေးလည်း ထိုအချက်များ နှင့်ပင် ဆုံးရှုံးခဲ့ရသည်။ နန်းတွင်းရေးအရှုပ်တော်ပုံများ အောက်တွင် ကာကွယ်ရေးအင်အားကို တည်ဆောက် ရန် ဉာဏ်အမြော်အမြင်နည်းပါးခဲ့ကြသည်။ စနစ် တကျရှိလှသော နယ်ချဲ့တို့၏ လက်နက်အင်အားကို မယှဉ်နိုင်သည့်အခြေအနေတွင် ညီညွတ်မှုမရှိခြင်းက ထပ်ဆင့်လိုက်သည့် အကျိုးဆက်အဖြစ် တစ်မျိုးသား လုံး သူ့ကျွန်ဘဝရောက်ခဲ့ရသည်ကို လေ့လာထားကြ စေလိုသည်။

**“လွတ်လပ်ရေးဆိုတာ အလွယ်တကူဆုံးရှုံးရတတ်ပေမယ့် ပြန်လည်ရယူရရှိရန်မှာ နှစ်ပေါင်းများစွာ တော်လှန်တိုက်ပွဲဝင်ပြီးမှသာ ရရှိနိုင်သည်။ ဇွဲနပဲနှင့် ခက်ခက်ခဲခဲတိုက်ယူခဲ့ရသည်ချည်း ဖြစ်သည်။ အသက်သွေးချွေးမြောက်မြားစွာ စတေးခဲ့ရသည်။ ပေးဆပ်မှုပေါင်းများစွာဖြင့် ရင်းပြီးမှ အောင်ပွဲများ ရယူခဲ့ရခြင်းဖြစ်သည်။ လယ်သမား၊ အလုပ်သမား၊ ကျောင်းသားအရေးတော်ပုံများ၊ အမျိုးသားရေးလှုပ်ရှားမှုများ တရစပ်ဆင်နွှဲပြီး လူတန်းစားပေါင်းစုံ အကျဉ်းချခံ၊ အဖမ်းခံ၊ အသက်စွန့်ကြပြီးမှ ရရှိခဲ့သည့် ရလဒ်ဖြစ်သည်”**

### လွတ်လပ်ရေးအတွက်ပေးဆပ်ခြင်းများစွာ

လွတ်လပ်ရေးဆိုတာ အလွယ်တကူဆုံးရှုံးရ တတ်ပေမယ့် ပြန်လည်ရယူရရှိရန်မှာ နှစ်ပေါင်း များစွာ တော်လှန်တိုက်ပွဲဝင်ပြီးမှသာ ရရှိနိုင်သည်။ ဇွဲနပဲနှင့် ခက်ခက်ခဲခဲတိုက်ယူခဲ့ရသည်ချည်း ဖြစ်သည်။ အသက်သွေးချွေးမြောက်မြားစွာ စတေးခဲ့ ရသည်။ ပေးဆပ်မှုပေါင်းများစွာဖြင့် ရင်းပြီးမှ အောင်ပွဲများ ရယူခဲ့ရခြင်းဖြစ်သည်။ လယ်သမား၊ အလုပ်သမား၊ ကျောင်းသားအရေးတော်ပုံများ၊ အမျိုးသားရေးလှုပ်ရှားမှုများ တရစပ်ဆင်နွှဲပြီး လူတန်းစားပေါင်းစုံ အကျဉ်းချခံ၊ အဖမ်းခံ၊ အသက် စွန့်ကြပြီးမှ ရရှိခဲ့သည့်ရလဒ်ဖြစ်သည်။

လွတ်လပ်ရေး ခရီးလမ်းတစ်လျှောက် ကြမ်းတမ်းသောအရှေ့တိုင်းတွင် မျိုးချစ်စိတ်နှင့် အမျိုးသားရေးဝိသေသလက္ခဏာများက အဓိက တွန်းအားများဖြစ်သည်ကို သတိပြုရန်လိုသည်။ ထိုအဓိကတွန်းအားများအပေါ်တွင် ယုံကြည်ချက်နှင့် အမြော်အမြင်ကြီးမားသော ခေါင်းဆောင်မှု၊ တောင်ပေါ်မြေပြန့်မခွဲခြား တိုင်းရင်းသားလူမျိုး အပေါင်း၏ စည်းလုံးညီညွတ်မှု၊ လွတ်လပ်ရေးကို အရယူလိုသည့် ပြည်သူတစ်ရပ်လုံး၏ ပြင်းပြသော ဆန္ဒနှင့် သံမဏိစိတ်ဓာတ်၊ စည်းကမ်းရှိပြီး စနစ်ကျ သောတပ်မတော်တစ်ရပ် ဖွဲ့စည်းနိုင်ပြီး လက်နက် တပ်ဆင်နိုင်မှု စသည့်အချက်များကြောင့် နယ်ချဲ့ အင်္ဂလိပ်ကိုရော ဖက်ဆစ်ဂျပန်ကိုပါ တိုက်ထုတ်နိုင် ခဲ့ပြီး နောက်ဆုံးလွတ်လပ်ရေးပန်းတိုင်ကို အရောက် လှမ်းနိုင်ခဲ့သည်ကို တွေ့ရသည်။

### အဆုံးအရှုံးမှသင်ခန်းစာယူ အခွင့်အရေးကို မျက်ခြည်ပြတ်မခံပါနှင့်

အဘက်ဘက်ကနောက်ကျ၍ လွတ်လပ်ရေး ဆုံးရှုံးခဲ့ရသော်လည်း အနိုမ်မခံ၊ သူ့ကျွန်မခံလို သည့် စိတ်ဓာတ်နှင့် တိုင်းတစ်ပါးလက်အောက်ခံ မနေလိုသူ တိုင်းရင်းသားအပေါင်း၏ တော်လှန် တိုက်ခိုက်လိုစိတ်ကိုမူ နယ်ချဲ့တို့အနေဖြင့် လျစ်လျူ ရှု၍မရခဲ့သည်ကို တွေ့ရသည်။ လူက ချေမှုန်းခံခဲ့ရသော်လည်း စိတ်ဓာတ်ကိုမူ ဦးနှိမ် ၍မရခဲ့။ သို့သော် လက်နက်ကိုင်တော်လှန်ရေး တစ်ခုတွင် စွမ်းရည်ပြည့်ဝသော ခေါင်းဆောင်မှု ကင်းမဲ့ခြင်းနှင့် ခေတ်မီပြီး စနစ်တကျရှိသော လက်နက်အင်အားဖွဲ့စည်းနိုင်မှု မရှိခြင်းဟူသော အချက်သည် အောင်မြင်မှု မရရှိခြင်းအတွက် အကြောင်းတရားတစ်ခုဖြစ်သည်ကိုမူ မမေ့ အပ်ပေ။

မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် ခေတ်မမီလှသော ကနဦးတိုင်းရင်းသားလက်နက် ကိုင်တော်လှန်ရေးများကို မြစ်ဖျားခံခဲ့၍သာ အဆက်ဆက်သော အမျိုးသားရေးလှုပ်ရှားမှုများ ပေါ်ပေါက်လာနိုင်ခဲ့ခြင်းဖြစ်၍ လွတ်လပ်ရေး ဆုံးရှုံးပြီးချင်း တော်လှန်ခဲ့ကြသည့် နယ်စွန် နယ်ဖျားက တိုင်းရင်းသားခေါင်းဆောင်များ ကိုလည်း မေ့ထား၍မရပါ။ ဆုံးရှုံးခဲ့မှုများ၊ အရင်း အနှီးများကို သင်ခန်းစာယူ၍ နယ်ချဲ့လက်အောက် မှ လွတ်မြောက်ရေးကို တစိုက်မတ်မတ် မျက်ခြည်ပြတ်မခံသည့် မြန်မာခေါင်းဆောင်များ၏ အမြော်အမြင်ကြောင့်သာ ဗြိတိသျှတို့ပါဝင်သည့် ဒုတိယကမ္ဘာစစ်ကြီးကိုအကြောင်းပြု၍ သမိုင်းဝင် လွတ်လပ်ရေးလှုပ်ရှားမှု အခွင့်အလမ်းများကို အမိအရဆုပ်ကိုင်နိုင်ခဲ့သည်ကိုလည်း တွေ့ရှိ ရသည်။

### ခေါင်းဆောင်ကောင်းနှင့် ညီညွတ်မှုသည်ပဓာန

လွတ်လပ်ရေးသမိုင်းတွင် ခေါင်းဆောင်မှု သည် အရေးပါသလို ညီညွတ်ခြင်းသည်လည်း အဓိကကျသည်။ ခေါင်းဆောင်ကောင်းတို့မည်သည် စိတ်စေတနာကောင်းဖြင့် ကျယ်ပြန့်သောစည်းရုံးမှု ကိုဖော်ဆောင်နိုင်သော်လည်း အတ္တမာနရှေ့တန်း တင်၍ အမြော်အမြင်နည်းသော ခေါင်းဆောင်များ ကြောင့်လည်း ညီညွတ်မှုပြိုကွဲရတတ်သည်။ ဒုတိယကမ္ဘာစစ်အပြီး ဖဆပလအဖွဲ့ချုပ်အတွင်း ပဋိပက္ခဖြစ်ပြီး အကွဲအပြဲဖြစ်ခြင်းက သာဓက ဖြစ်သည်။ နိုင်ငံရေးမကျေနပ်ချက်၊ ကိုယ်ရေး ကိုယ်တာမကျေနပ်ချက်တို့ကိုအခြေခံ၍ မိမိအကျိုး ကို ရှေ့တန်းတင်လိုက်သည့်အခါ ပြည်သူကို အကြည်ညိုပျက်သွားစေသည်။ ခေါင်းဆောင်များ အကြား ညီညွတ်မှုကိုထိခိုက်စေပြီး ပြည်သူတို့ လိုလားသော လွတ်လပ်ရေးပန်းတိုင် တံ့ဆိုင်း မတတ်ဖြစ်ခဲ့ရသည်ကို တွေ့ရှိရသည်။

*စာမျက်နှာ ၁၁ သို့*

# (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့အကြိုအထိမ်းအမှတ် ဇွဲကပင်တောင်တက် / တောင်ဆင်းပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**ဘားအံ ဇန်နဝါရီ ၁**

ကရင်ပြည်နယ်၏ အထင်ကရဖြစ်သော ဇွဲကပင်တောင်၏ ပြုပြင်ဖန်တီးထားခြင်း မရှိသော သဘာဝအလှအပများကို သိရှိခံစားနိုင်စေရန်၊ ခြေလျင် တောင်တက်အားကစားကို လူအများ စိတ်ပါဝင်စားလာစေရန်နှင့် အဆိုပါအားကစားနည်းအား လေ့လာလိုက်စား ဆောင်ရွက်ခြင်းဖြင့် ပြည်နယ်သူ ပြည်နယ်သားများ ပိုမိုကျန်းမာကြံ့ခိုင်လာစေရန် ရည်ရွယ်၍ (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့အကြို အထိမ်းအမှတ် ဇွဲကပင် တောင်တက်/ တောင်ဆင်းပြိုင်ပွဲကို ဇန်နဝါရီ ၁ ရက် နံနက် ၆ နာရီက ဇွဲကပင်အရှေ့ခြမ်း၊ သစ်ချကျေးရွာ တံတားဖြူမှ စတင်တာလွှတ်ယှဉ်ပြိုင်သည်။




အဆိုပါပြိုင်ပွဲကို အသက် ၄၀ နှစ်အထက် အမျိုးသား အမျိုးသမီးပြိုင်ပွဲနှင့် အသက်(၄၀)နှစ်အောက် အမျိုးသား အမျိုးသမီး ပြိုင်ပွဲဟူ၍ ပြိုင်ပွဲအမျိုးအစား လေးမျိုးခွဲ၍ ယှဉ်ပြိုင်စေခဲ့ပြီး ပြိုင်ပွဲဝင် စုစုပေါင်း ၄၈၆ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြကာ ကရင်ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီး ဦးစန်းကိုက ဇွဲကပင်အရှေ့ခြမ်း သစ်ချကျေးရွာ တံတားဖြူထိပ်၌ သေနတ်ပစ်ဖောက် တာလွှတ်ပေးခဲ့ရာ ပြိုင်ပွဲဝင်များက အမြင့်ပေ ၂၇၂၇ ပေရှိ မတ်စောက်သော တောင်ကိုကျော်၍ ဇွဲကပင်အနောက်ခြမ်း တော်ပုံကျေးရွာ အလယ်တန်းကျောင်းခွဲရှေ့၌ ပန်းဝင်ခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်း၊ ဇွဲကပင်တောင် ဆရာတော်ဘုရားကြီး မဟာမင်္ဂလာဓမ္မဇောတိကဓဇ ဘဒ္ဒန္တကဝိဓဇ၊ ရပ်မိရပ်ဖ ဦးစောဖိုးနီနှင့် ကရင်အမျိုးသားအစည်းအရုံး (KNU) ဒူးပလာယာခရိုင် ဥက္ကဋ္ဌ ပဒိုစောရွှေမောင်း၊ ဘားအံ တောင်တက်အသင်းဥက္ကဋ္ဌ၊ ကရင်အမျိုးသားအစည်းအရုံး/ ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော် – ငြိမ်းချမ်းရေးကောင်စီ (KNU/ KNLA – PC) ဒုတိယဥက္ကဋ္ဌ ဒေါက်တာ နော်ကပေါ်ထူးနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဆုရရှိသူများကို ဂုဏ်ပြုဆုငွေနှင့် ဆုဖလားကို ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်

**နေပြည်တော် ဇန်နဝါရီ ၁**

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

*စာမျက်နှာ ၁၀ မှ*

လွတ်လပ်ရေးရပြီးပြန်တော့လည်း နိုင်ငံ၏ အချုပ်အခြာအာဏာကို ရေကုန်ရေခန်း ပြန်လည်ကာကွယ်စောင့်ရှောက်ခဲ့ရပြန်သည်။ မညီညွတ်ကြခြင်း၏ အကျိုးဆက်ပင်ဖြစ်သည်။ မညီညွတ်ခြင်းနှင့် ပြည်ပ ပယောဂဝင်ရောက်မှု ဆက်စပ်နေသည်။ ပြည်ပက လမ်းညွှန်သော "လွတ်လပ်ရေးဆိုတာ တိုက်ယူမှရသည်" ဟူသော လက်ဝဲဝါဒနှင့် လမ်းစဉ်ကို ယုံကြည်၍ ဗမာပြည်ကွန်မြူနစ်ပါတီ ဗကပတို့ တောခိုသွားခဲ့ရာမှစ၍ ပြည်တွင်းစစ်မီးဟုန်းဟုန်းတောက်ခဲ့သည်။ ငြိမ်းချမ်းရေးကို မလိုလားသည့် ဗကပတို့ သူပုန်မထခင် မြို့တွင်း ဆန္ဒပြဆူပူသောင်းကျန်းမှုများ၊ လူထုအစည်းအဝေးများ၊ ဖျက်ဆီးမှုများ ပြုလုပ်ခဲ့ကြခြင်းက အစိုးရနှင့် ပြည်သူကို ရန်တိုက်ပေးသကဲ့သို့ဖြစ်သည်ကိုလည်း သတိမူရန်လိုအပ်ပါသည်။

### ရင်ဆိုင်ခဲ့ရသည့် လွတ်လပ်ရေးအတွက် ခြိမ်းခြောက်မှုများစွာ

ကွန်မြူနစ်ကတောခို၊ တပ်ရင်းအချို့က ခွဲထွက်စဉ်မှာ ပြည်သူ့ရဲဘော် (ရဲဘော်ဖြူ) နှင့် ပြည်ထောင်စုစစ်ရဲအဖွဲ့များကလည်း တောခိုသူပုန်ထကြပြန်သည်။ ကွန်မြူနစ်များ ပုန်ကန်တော့ ကွန်မြူနစ်ကိုထောက်ခံသည့် တက္ကသိုလ်ကျောင်းသားများလည်း လိုက်ပါတောခိုကြပြန်သည်။ သမဂ္ဂအမည်ခံဝန်ထမ်းများက သပိတ်မှောက်ကြသည်။ ကျောင်းများ၊ အစိုးရရုံးများ ဖရိုဖရဲဖြစ်ရသည်။

### ဒီမိုကရေစီတန်ဖိုးများ ပျက်ယွင်းစေသည်အထိ ဖိအားနှင့်သက်ရောက်မှုများ

လွတ်လပ်ရေးရပြီး နှစ်လကျော်ခန့်မှစ၍ နှစ်နှစ်ခန့်ထိကာလတစ်ရပ်သည် နိုင်ငံအတွက် အလွန်ဆိုးရွားပြင်းထန်သော ကာလတစ်ခုဟု ဆိုရမည်ဖြစ်သည်။ မြို့ရွာအများအပြား ရောင်စုံသူပုန်များ အစီးခံရပြီး အပြန်အလှန်သတ်ပွဲဖြတ်ပွဲများဖြင့် အပြစ်မဲ့ပြည်သူများ အကာအကွယ်မဲ့ အားကိုးရာမဲ့ဖြစ်ခဲ့ကြရသည်။ ပါဝင်ပတ်သက်သူ သူပုန်အပါအဝင် ဂိုဏ်းဂဏအဖွဲ့တိုင်းတွင် သူ့လူကိုယ့်လူ၊ သူ့အဖွဲ့ကိုယ့်အဖွဲ့ ထောက်ခံသူများဖြင့် ကွဲပြားသွားခဲ့ကြသည်။ နိုင်ငံရေးနှင့် စစ်ရေး အပြန်အလှန်ဆက်စပ်နေရာ ပြည်တွင်းစစ်ဖိအားက အစိုးရအပေါ် ကြီးမားသော သက်ရောက်မှုကရှိပြန်သည်။ အစိုးရအဖွဲ့မှ ဝန်ကြီးအချို့နုတ်ထွက်သွားသည်အထိဖြစ်ခဲ့ရသည်။ ဘေးကျပ်နံကျပ် အစိုးရတစ်ရပ်အနေဖြင့် ရန်ကုန်အစိုးရဟု အခေါ်ခံရသည်အထိ မြန်မာနိုင်ငံတစ်ဝက်ကျော်ကျော်မှာ ရောင်စုံသူပုန်တို့ လက်အောက် ကျရောက်ရသည့် ဘဝဖြစ်ခဲ့သည်။

> **"တကယ်တမ်း အရေးကြုံလျှင် သစ္စာရှိရှိ ပြည်ထောင်စုကို လိုလိုလားလား ကာကွယ်စောင့်ရှောက်မည့် တိုင်းရင်းသားများထဲမှ တိုင်းရင်းသားများစွာရှိခဲ့သည်။ သူပုန်ကိုထောက်ခံသည့် တိုင်းရင်းသားအချို့ရှိသလို အစိုးရကိုထောက်ခံသည့် တိုင်းရင်းသားများစွာလည်း ရှိခဲ့သည်။ အာဏာဇောမကပ်ဘဲ နိုင်ငံတော်၊ ပြည်သူနှင့် အစိုးရအပေါ် သစ္စာစောင့်သိသော နိုင်ငံရေးသမားများစွာ ရှိခဲ့သည်ကိုလည်း အသိအမှတ်ပြုရမည်ဖြစ်သည်"**

ပြည်တွင်းစစ်မီးရန်က လွတ်ပြီးပြန်တော့လည်း မရင့်ကျက်သေးသည့်ဒီမိုကရေစီနှင့် ပါလီမန်သက်တမ်းနုနုတွင် ပြဿနာများကို ကြိုးစားဖြေရှင်းကြတိုင်း အဖြေမှန်ကို ရှာရခက်ခဲနေတတ်ပြီး အဖွဲ့များအတွင်း ရန်ငြိုးများသာ ကြီးထွားလာသည်ကို တွေ့ရသည်။ နားလည်မှုလွဲ၍ ယုံကြည်မှုများ ပျောက်ဆုံးသွားဟန်ပေါ်သည်။ နောက်ဆုံးလမ်းခွဲ၍ တစ်ဖွဲ့နှင့် တစ်ဖွဲ့ကွဲကြရာမှ ဒီမိုကရေစီတန်ဖိုးများလည်း ပျက်သုဉ်းရတော့သည်။ ပါတီတွေကွဲတော့ အုပ်ချုပ်ရေးယန္တရားကြီးလည်း ပျက်စီးယိုယွင်းရလေတော့သည်။

### ကိုလိုနီလှိုင်းတံပိုးအောက် ထပ်မရောက်ရန် အထူးသတိရှိရန်လို

အကြမ်းဖက်ဖြစ်ရပ်များနှင့် ငြိမ်းချမ်းရေးခရီးအနှောင့်အယှက်များသည် ဒီမိုကရေစီကို တည်ဆောက်မည်ဆိုသော နိုင်ငံတစ်နိုင်ငံတွင် အတိုင်းအတာတစ်ခုအထိ စိန်ခေါ်မှုများဖြစ်စေသည်။ ဒီမိုကရေစီတန်ဖိုးများ စံနှုန်းများကို ကိုယ်ကျိုးကြည့်အတ္တနှင့်ရောထွေးခဲ့သည့်အတွက် အနုတ်မှအပေါင်း၊ အဆိုးမှအကောင်းသို့ပြန်ဖြစ်ရန် မနည်းကြိုးစားကြရမည်သာဖြစ်သည်။ တာဝန်ယူမှု၊ တာဝန်ခံမှုမရှိခဲ့သောကြောင့် အမှားနှင့် အမှန် ခပ်ပါးပါးကြားမှာ စည်းကမ်းမဲ့၊ အဆင်အခြင်မဲ့၊ တရားလက်လွတ်ပြုမူမှုများရှိနေသည့် ပတ်ဝန်းကျင်တွင် လွတ်လပ်မှုအရသာကို ကောင်းစွာ မခံစားကြရခြင်းမှာလည်း သဘာဝကျပါသည်။

**နိုင်ငံတစ်နိုင်ငံသည် လွတ်လပ်ရေးဆုံးရှုံးရန် လွယ်ကူသလောက် ပြန်လည်ရယူရန် ခက်ခဲတတ်ပြီး တိုးတက်ရန်ခက်ခဲသလောက် ကျဆုံးရန် လွယ်ကူလှပါသည်။ အုပ်ချုပ်မှုညံ့ဖျင်းခြင်း၊ ပဋိပက္ခများနှင့် တည်ငြိမ်မှုကင်းမဲ့ခြင်း၊ စီးပွားရေးဆက်တိုက်ကျဆင်းခြင်း၊ ညီညွတ်မှုမရှိခြင်း၊ စည်းကမ်းမဲ့ခြင်း၊ ရာဇဝတ်မှုထူပြောပြီး တရားဥပဒေစိုးမိုးမှုမရှိခြင်း စသည့်အချက်များသည် ဒီမိုကရေစီအမြစ်မတွယ်သေးသည့် နိုင်ငံတစ်နိုင်ငံအတွက် လွတ်လပ်ရေးဆုံးရှုံးနိုင်ခြေများဖြစ်သည်ကို ကမ္ဘာ့ဖြစ်စဉ်များမှ သင်ခန်းစာယူနိုင်ပါသည်။**

ကမ္ဘာ့ဖြစ်စဉ်များကနေ သင်ခန်းစာယူနိုင်သလောက်ယူ၊ လောလောဆယ် ကိုယ့်နိုင်ငံဝန်းကျင်ဖြစ်စဉ်ဖြစ်ရပ်များကိုလည်း မျက်ခြည်မပြတ်သတိထားနေရန်လိုပါသည်။ အာရှပစိဖိတ်ကနေ အင်ဒိုပစိဖိတ်အရွေ့မှာ မဟာမိတ်အုပ်စုများ အပြိုင်အဆိုင်ဖွဲ့နေခြင်း၊ ဒေသတွင်း စိုးမိုးရန် ကြိုးစားပြီး စီးပွားရေးစားကျက်လုကြခြင်း၊ မနားတမ်း လက်နက်အပြိုင်အဆိုင်တပ်ဆင်နေကြခြင်း၊ လောင်စာလောင်း၊ တို့မီးရှို့မီးများဖြင့် အကြမ်းဖက်ပြဿနာများဖန်တီးခြင်း၊ စစ်ရေးအရချုပ်ကိုင်ပြီး စီးပွားရေးအရဖိနှိပ်ခြင်း၊ မလျော်ဩဇာပေးခြင်း စသည်ဖြင့် သတိထား ပြင်ဆင်ကာကွယ်ထားရမည့်အချက်များ များစွာရှိနေပါ သည်။ ကိုလိုနီလှိုင်းတံပိုးအောက်မှာ ထပ်နစ်မြုပ်မခံရရန် တစ်မျိုးသားလုံးနိုးကြား သတိထားကြရန် ဖြစ်ပါသည်။

### သစ္စာမဖောက် သစ္စာရှိ ပြည်သူ၊ တပ်နှင့် တိုင်းရင်းသားများရှိခဲ့သည်

သို့သော် ခေတ်အဆက်ဆက်ကြီးမားသော အကျပ်အတည်းများအကြား မြန်မာနိုင်ငံကား ကျရှုံးမသွားခဲ့ပါ။ ပြည်ထောင်စုကြီး မပြိုကွဲသွားခဲ့ပါ။ လွတ်လပ်ရေးလည်း မဆုံးရှုံးခဲ့ပါ။ နိုင်ငံနှင့် လူမျိုးအပေါ် သစ္စာဖောက်ခဲ့သူများရှိခဲ့သလို သစ္စာမယွင်းသူများလည်းရှိခဲ့ကြသည်။ မှန်တိုင်းထန်သော ပါလီမန်ဒီမိုကရေစီခေတ်ကာလအတွင်း မြို့ရွာများကို ဝင်စီးသော သူပုန်များကို ပြန်တိုက်ရန် ပြည်သူများကိုယ်တိုင် အစိုးရထံမှ လက်နက်များ တောင်းခံခဲ့ကြသည့် သစ္စာရှိပြည်သူများ အမြဲရှိခဲ့သည်။ အစိုးရကိုသစ္စာခံသော တပ်ရင်းများ၊ တပ်သားပေါင်းများစွာက လွတ်လပ်ရေးနှင့် ဒီမိုကရေစီအမြစ်တွယ်ရေးအတွက် အသက်ပေးကာကွယ်စောင့်ရှောက်ခဲ့ကြသည်။

**တကယ်တမ်း အရေးကြုံလျှင် သစ္စာရှိရှိ ပြည်ထောင်စုကို လိုလိုလားလားကာကွယ်စောင့်ရှောက်မည့် တိုင်းရင်းသားများထဲမှ တိုင်းရင်းသားများစွာရှိခဲ့သည်။ သူပုန်ကို ထောက်ခံသည့် တိုင်းရင်းသားအချို့ရှိသလို အစိုးရကိုထောက်ခံသည့် တိုင်းရင်းသားများစွာလည်း ရှိခဲ့သည်။ အာဏာဇောမကပ်ဘဲ နိုင်ငံတော်၊ ပြည်သူနှင့် အစိုးရအပေါ် သစ္စာစောင့်သိသော နိုင်ငံရေးသမားများစွာရှိခဲ့သည်ကိုလည်း အသိအမှတ်ပြုရမည်ဖြစ်သည်။**

(၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းနှင့် လွတ်လပ်ရေးကို ကာကွယ်စောင့်ရှောက်ထိန်းသိမ်းခဲ့ရပုံများကို လေ့လာလျှင် သင်ခန်းစာယူဖွယ်ရာ သံဝေဂပွားစရာများ များစွာရှိပါလိမ့်မည်။ ယနေ့ခေတ်လူငယ်များ၊ အနာဂတ်မျိုးဆက်သစ်များအနေဖြင့် များစွာလေ့လာသိရှိထားရန် လိုအပ်ပါမည်။ အနည်းဆုံးတော့ လွတ်လပ်မှု၏ တန်ဖိုးကို နားလည်သဘောပေါက်ပြီး လွတ်လပ်ရေးကို ချစ်မြတ်နိုးတတ်ရန် လိုအပ်နေပါသည်။

ခေတ်အဆက်ဆက် ခက်ခက်ခဲခဲကြိုးပမ်းရယူခဲ့ရပြီး အသက်ပေးကာကွယ်စောင့်ရှောက်နေရသည့်၊ အားလုံးပိုင်ဆိုင်သည့် တန်ဖိုးတစ်ခုကို သားစဉ်မြေးဆက် မပျောက်ပျက်အောင် ဆက်လက်ထိန်းသိမ်းရန် သမိုင်းပေးတာဝန်တစ်ရပ် အားလုံးတွင် ရှိနေပါပြီ။ ။

# အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်ခဲ့သူများနှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့မှ ကြေညာထားသည့် အကြမ်းဖက်အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက် ထောက်ပံ့နေသူများကို ပြစ်ဒဏ်အသီးသီးချမှတ်



တရားခံ
ဖြိုးကိုကိုစံ(ခ)ကိုပေါက်



တရားခံ
အောင်နိုင်ဦး(ခ)အိုစမာ



တရားခံ
နန္ဒအောင်လင်း(ခ)လူးဝစ်





တရားခံ
ယမင်းထက်



တရားခံ
နေအောင်လွင်(ခ)နေကြီး

**နေပြည်တော် ဇန်နဝါရီ ၁**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ် ရွှေလင်ပန်းကျေးရွာနေ ယမင်းထက်(ဘ)ဦးရေလွှမ်းသည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှစ၍ ဆူပူဆန္ဒပြမှုဖြစ်စဉ်များတွင် တက်ကြွစွာ ပါဝင်လှုပ်ရှားခြင်း၊ အကြမ်းဖက်မှု တိုက်ဖျက်ရေးဗဟိုအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၂၁)ဖြင့် အကြမ်းဖက်အုပ်စုများအဖြစ် သတ်မှတ်ကြေညာထားသည့် အဖွဲ့အစည်းများနှင့် ဆက်သွယ်ခြင်း၊ ငွေကြေးကောက်ခံ ထောက်ပံ့ခြင်းများကို လုပ်ဆောင်ခဲ့သည့်အတွက်ကြောင့် လည်းကောင်း၊ လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ် အမှတ်(၆) ရပ်ကွက်နေ အောင်နိုင်ဦး(ခ) အိုစမာ (ဘ)ဦးအလီကာ သည် ဖေဖော်ဝါရီလမှစ၍ ဆူပူဆန္ဒပြမှုဖြစ်စဉ်များတွင် တက်ကြွစွာ ပါဝင်လှုပ်ရှားခြင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ နယ်မြေအတွင်း လက်နက်နှင့် ဖောက်ခွဲဖျက်ဆီးရေးသင်တန်း တက်ရောက်ခဲ့ခြင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း အကြမ်းဖက်တိုက်ခိုက်မှုများတွင် ပါဝင်လုပ်ဆောင်ခဲ့သည့်အတွက်ကြောင့် လည်းကောင်း၊ လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ် အမှတ် (၂၀)ရပ်ကွက်နေ မျိုးမြင့်သန်း(ခ)အသေးလေး(ခ) လင်းယုန် (ဘ) ဦးသောင်းညွန့်သည် PDF အမည်ခံအကြမ်းဖက်အဖွဲ့ ဆက်ကြေးတာဝန်ခံအဖြစ် လုပ်ကိုင်ခဲ့ခြင်း၊ လက်နက်/ခဲယမ်းများ ရောင်းဝယ်ခြင်း၊ လက်ဝယ်ကိုင်ဆောင်ခြင်းနှင့် ဖောက်ခွဲဖျက်ဆီးရေး လုပ်ငန်းများ လုပ်ဆောင်ခဲ့သည့်အတွက်ကြောင့် လည်းကောင်း။

အင်းစိန်မြို့နယ် ရွာမ အနောက်ရပ်ကွက် နေထက်ရှား(ခ)ဘာဘာ (ဘ) ဦးကြည်ဝင်း၊ ဝင်းသူရ(ခ)သူရ (ဘ)ဦးမင်းသူနှင့် ဒလမြို့နယ် အန်ကြီးအရှေ့ရပ်ကွက်နေ ခန့်ဝင်းထွန်း(ခ) ကျော်ကျော် (ဘ) ဦးမျိုးဝင်းတို့သုံးဦးသည် ဆက်သွယ်ရေးတာဝါတိုင်များ၊ စာသင်ကျောင်းများ၊ အစိုးရရုံး/ ဌာနများနှင့် စက်ရုံများကို မိုင်းထောင်ဖောက်ခွဲခြင်းနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများကို သတ်ဖြတ်ခြင်းများ လုပ်ဆောင်ခဲ့သည့်အတွက်ကြောင့် လည်းကောင်း၊ မြောက်ဥက္ကလာပမြို့နယ် (ဃ) ရပ်ကွက်နေ နန္ဒအောင်လင်း(ခ) လူးဝစ် (ဘ) ဦးကိုကိုဦးသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ နယ်မြေအတွင်း ဖောက်ခွဲဖျက်ဆီးရေးသင်တန်း တက်ရောက်ခဲ့ခြင်း၊ လက်နက်/ ခဲယမ်းများ ရောင်းဝယ်ခြင်းများ လုပ်ဆောင်ခဲ့သည့်အတွက်ကြောင့် လည်းကောင်း၊ မြောက်ဥက္ကလာပမြို့နယ် (ဃ) ရပ်ကွက်နေ ဖြိုးကိုကိုစံ(ခ) ကိုပေါက် (ဘ) ဦးသန်းဦးသည် အုပ်ချုပ်ရေးမှူး ရုံးများကို ဖောက်ခွဲဖျက်ဆီးရာတွင် ပါဝင်ခြင်း၊ အကြမ်းဖက်အုပ်စုများအဖြစ် သတ်မှတ်ကြေညာထားသည့် အဖွဲ့အစည်းများနှင့် ဆက်သွယ်ခြင်း၊ ငွေကြေးကောက်ခံ ထောက်ပံ့ခြင်းများကို လုပ်ဆောင်ခဲ့သည့်အတွက်ကြောင့် လည်းကောင်း။

မြောက်ဥက္ကလာပမြို့နယ် (စ) ရပ်ကွက်နေ နေအောင်လွင်(ခ) နေကြီး(ဘ) ဦးကျော်ရွှေ သည် ဆူပူဆန္ဒပြမှုများတွင် ပါဝင်ခြင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့နယ်မြေအတွင်း ဖောက်ခွဲဖျက်ဆီးရေးသင်တန်း တက်ရောက်ခဲ့ခြင်း၊ အုပ်ချုပ်ရေးမှူးရုံးများကို ဖောက်ခွဲဖျက်ဆီးရာတွင် ပါဝင်ခြင်း၊ အပြစ်မဲ့ပြည်သူများကို ဒလန်ဟု စွပ်စွဲပြောဆို သတ်ဖြတ်ခြင်းတို့တွင် ပါဝင်ခဲ့များကို လုပ်ဆောင်ခဲ့သည့်အတွက်ကြောင့်လည်းကောင်း စစ်အုပ်ချုပ်ရေး(Martial Law) စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၀(ဈ)၊ ၅၀(က)နှင့် ၅၀(ည)တို့အရ ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်တွင် ၎င်းတို့အား "ထောင်ဒဏ်တစ်သက် " ပြစ်ဒဏ် အမိန့်ချမှတ်လိုက်ကြောင်း သိရှိရသည်။

အဆိုပါ ပြစ်ဒဏ်ချမှတ်ခံရသူများအနက်မှ ထွက်ပြေးလွတ်မြောက် နေသူများအား ၎င်းတို့နှင့်စပ်လျဉ်း၍ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ-၈၇၊ ၈၈ အရ ဖမ်းဝရမ်းထုတ်ဆင့်ရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရှိရသည်။

စစ်အုပ်ချုပ်ရေး အမိန့်ထုတ်ပြန် ကြေညာထားသည့် မြို့နယ်များအတွင်း စစ်ခုံရုံးဖြင့် စစ်ဆေးမည့် ပြစ်မှုဆိုင်ရာ ၂၃ မျိုးကိုလည်း ပူးတွဲထုတ်ပြန်ထားကြောင်းနှင့် အဆိုပါပြစ်မှုများကို ဖောက်ဖျက်ကျူးလွန်ပါက စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများ ဆောင်ရွက်ကာ ထိထိရောက်ရောက် မြန်မြန်ဆန်ဆန် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



တရားခံ ခန့်ဝင်းထွန်း၊ ဝင်းသူရနှင့် ထက်ရှား(ခ)ဘာဘာ (ဝဲမှယာ)တို့၏ မှတ်တမ်းဓာတ်ပုံ။



တရားခံ မျိုးမြင့်သန်း(ခ) အသေးလေး(ခ)လင်းယုန်၏ မှတ်တမ်းဓာတ်ပုံ။

---

# တရားမဝင်ကုန်ပစ္စည်းများ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၁**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၃၁ ရက်တွင် အေးရှားဝေါလ်ကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ ID No. 100192145540 (23.12.2021) ကုန်သေတ္တာအမှတ် TEMU–3911040 (1x40’) ဖြင့် တရုတ်နိုင်ငံမှ တင်သွင်းလာသော Motorcycle Spare Part ကို စစ်ဆေးခဲ့ရာ Import Declaration (ID) တွင် ကြေညာထားခြင်းမရှိသည့် Motorcycle Spare Parts Item ၁၀ မျိုး၊ (97029) U, (5050)Kg ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၅ ဒသမ ၂၁၅ သန်းကို လည်းကောင်း၊ Network Camera Recorder (46)U ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂ ဒသမ ၅၆ သန်းခန့်ကို လည်းကောင်း အမှုတွဲဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့သည်။

ထို့အတူ ဒီဇင်ဘာ ၃၀ ရက်တွင် မြန်မာစက်မှုဆိပ်ကမ်း ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ID No, 100191620541 (19.12.2021) ကုန်သေတ္တာအမှတ် ZCSU–T243403 (1x40’) ဖြင့် တရုတ်နိုင်ငံမှ တင်သွင်းလာသော ကုန်ပစ္စည်း Item ငါးမျိုးကို စစ်ဆေးခဲ့ရာ Item (1) Induction Cooker တစ်မျိုးသာ မှန်ကန်မှုရှိပြီး ကျန် Item လေးမျိုးမှာ ပါရှိလာခြင်းမရှိပေ။ ID တွင် ကြေညာထားခြင်းမရှိသော လူသုံးကုန်ပစ္စည်း Item လေးမျိုး၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၆၈ ဒသမ ၄ သန်းခန့်ကို လည်းကောင်း၊ Chemical ပစ္စည်း Item နှစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၆ ဒသမ ၃၅၂ သန်းခန့်ကို လည်းကောင်း အမှုတွဲ ဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့သည်။

အလားတူ ယင်းနေ့တွင် မြန်မာစက်မှုဆိပ်ကမ်း ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ID No. 100191619621 (19.12.2021) ကုန်သေတ္တာအမှတ် ZC5U–T784408 (1x40') ဖြင့် တရုတ်နိုင်ငံမှ တင်သွင်းလာသော ကုန်ပစ္စည်း Item ရှစ်မျိုးကို စစ်ဆေးခဲ့ရာ ID တွင် ကြေညာထားသည့် Item (2) Racking System တစ်မျိုးသာ ကိုက်ညီမှန်ကန်မှုရှိသည်။ ကျန် Item ခုနစ်မျိုးမှာ ပါရှိလာခြင်းမရှိပေ။ ID တွင် ကြေညာထားခြင်းမရှိသည့် Chemical ပစ္စည်း Item ခြောက်မျိုး၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၅ ဒသမ ၆၈၂ သန်းခန့်ကို လည်းကောင်း၊ အလှကုန်ပစ္စည်း Item ၁၁ မျိုး၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉ ဒသမ ၀၃ သန်းခန့်ကို လည်းကောင်း၊ လူသုံးကုန်ပစ္စည်း Item သုံးမျိုး၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၅၉ ဒသမ ၈၁ သန်းခန့်ကိုလည်းကောင်း၊ အဝတ်အထည်ဟောင်း Item သုံးမျိုး၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀ ဒသမ ၅ သန်းခန့်ကို လည်းကောင်း အမှုတွဲ ဖွင့်လှစ်အရေးယူ ဆောင်ရွက်ခဲ့သည်။

ထို့အတူ ယင်းနေ့တွင် မြန်မာစက်မှုဆိပ်ကမ်း ကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ ID No. 100191618661 (19.12.2021) ကုန်သေတ္တာအမှတ် JXLU–6640509 (1x40’) ဖြင့် တရုတ်နိုင်ငံမှ တင်သွင်းလာသော ကုန်ပစ္စည်း Item ၁၁ မျိုးကို စစ်ဆေးခဲ့ရာ ID တွင် ကြေညာထားသည့် Item ခုနစ်မျိုးသာ ကိုက်ညီမှန်ကန်မှုရှိပြီး ကျန် Item လေးမျိုးပါရှိခြင်း မရှိပေ။ ID တွင် ကြေညာထားခြင်းမရှိသည့် Chemical ပစ္စည်း Item နှစ်မျိုး၊ ခန့်မှန်းတန်ဖိုးငွေကျပ် (၃ ဒသမ ၁၁၅)သန်းခန့်ကို လည်းကောင်း၊ Phone Battery Item ခုနစ်မျိုး၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅ ဒသမ ၄၃ သန်းခန့်ကို လည်းကောင်း၊ အလှကုန်ပစ္စည်း Item ခြောက်မျိုး၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁ ဒသမ ၅၄ သန်းခန့်ကို လည်းကောင်း၊ စားသောက်ကုန် Item လေးမျိုး၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၄ ဒသမ ၃၆ သန်းခန့်ကို လည်းကောင်း၊ လူသုံးကုန်ပစ္စည်း Item ငါးမျိုး၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၄ ဒသမ ၃၆၂ သန်းခန့်ကို လည်းကောင်း အမှုတွဲ ဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

သို့ဖြစ်ပါ၍ ဒီဇင်ဘာ ၃၁ ရက်တွင် အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ဖမ်းဆီးရမိမှု တစ်မှု၊ စုစုပေါင်းခန့်မှန်းတန်ဖိုးမှာ ငွေကျပ် ၁၂၇ ဒသမ ၇၇၅ သန်းခန့်နှင့် မြန်မာစက်မှုဆိပ်ကမ်း ကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ ဖမ်းဆီးရမိမှု သုံးမှု၊ စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၈ ဒသမ ၅၈၁ သန်းခန့်တို့ဖြစ်၍ ဖမ်းဆီးရမိမှု စုစုပေါင်းလေးမှု၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးမှာ ငွေကျပ် ၃၄၆ ဒသမ ၃၅၆ သန်းခန့်ဖြစ်သည်။ အဆိုပါ ဖမ်းဆီးရမိမှုလေးမှုနှင့် ပတ်သက်၍ အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

## အစ္စရေးနိုင်ငံ၌ စတုတ္ထအကြိမ်မြောက် ကိုဗစ် -၁၉ ကာကွယ်ဆေးထိုးနှံပေး



အစ္စရေးနိုင်ငံ တဲအဗစ်မြို့တွင် စတုတ္ထအကြိမ်မြောက် ကိုဗစ်– ၁၉ ကာကွယ်ဆေးထိုးပေးနေစဉ်။

**ဂျေရုဆလင် ဇန်နဝါရီ ၁**

အစ္စရေးနိုင်ငံတွင် သက်ကြီးရွယ်အိုများနှင့် သက်ကြီးစောင့်ရှောက်ရေးဂေဟာမှ ဝန်ထမ်းများကို စတုတ္ထအကြိမ်မြောက် ကိုဗစ်– ၁၉ ကာကွယ်ဆေး ထိုးနှံမှုများ စတင်နေပြီဖြစ်သည်။

အစ္စရေးနိုင်ငံတွင် အိုမီခရွန်မျိုးကွဲကူးစက်မှုများ ဖြစ်ပေါ်နေသည့်အတွက် စတုတ္ထအကြိမ်မြောက် ကာကွယ်ဆေးထိုးနှံပေးမှုများကို ပြုလုပ်ပေးနေခြင်းဖြစ်သည်။ သက်ကြီးစောင့်ရှောက်ရေးဂေဟာများနှင့် ရောဂါအခံရှိသည့် သက်ကြီးရွယ်အိုများကို ကျန်းမာရေးစောင့်ရှောက်မှုပေးရန်အတွက် စတုတ္ထအကြိမ် ကာကွယ်ဆေးထိုးနှံမှုများကိုစတင်နေခြင်းဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဒီဇင်ဘာ ၃၁ ရက်တွင် ပြောသည်။ အစ္စရေးအစိုးရအဖွဲ့၏ ကျွမ်းကျင်သူများကလည်း အသက် ၆၀ နှင့်အထက်များ၊ ဆေးဘက်ဆိုင်ရာဝန်ထမ်းများကို စတုတ္ထအကြိမ်မြောက် ကာကွယ်ဆေးထိုးပေးရန် ထောက်ခံချက်ပေးခဲ့သည်။

အစ္စရေးနိုင်ငံသည် ကမ္ဘာပေါ်တွင် ကိုဗစ် -၁၉ ကာကွယ်ဆေးကို အလျင်မြန်ဆုံးထိုးပေးနိုင်သည့် နိုင်ငံလည်းဖြစ်သည်။ အစ္စရေးနိုင်ငံတွင် လူဦးရေ၏ ထက်ဝက်နီးပါး သို့မဟုတ် ၄ ဒသမ ၂၄ သန်းကို ကိုဗစ် – ၁၉ ကာကွယ်ဆေးတတိယအကြိမ်ထိုးပေးပြီးဖြစ်သည်။ တတိယအကြိမ် ကာကွယ်ဆေးထိုးပေးထားသည့်အထဲတွင် အသက် ၆၀ နှင့်အထက် လူဦးရေ ၈၀ ရာခိုင်နှုန်းပါဝင်သည်။

အစ္စရေးနိုင်ငံတွင် ရောဂါကူးစက်မှုများမှာ ပြီးခဲ့သည့်လများအတွင်း ကျဆင်းခဲ့သော်လည်း နိုဝင်ဘာလနှောင်းပိုင်းမှ စတင်ကာ ကူးစက်မှုများပြန်လည်ဖြစ်ပေါ်လာခဲ့သည်။ နေ့စဉ်ကူးစက်မှုနှုန်းမှာလည်း ဒီဇင်ဘာ ၃၀ ရက်တွင် ၅၀၀၀ အထိရှိခဲ့ပြီး နှစ်လတာအတွင်း ကူးစက်မှုအရေအတွက်အများဆုံးလည်းဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

## ကော်လိုရာဒိုတောမီးကြောင့် နေအိမ်များပျက်စီးပြီး လူထောင်ပေါင်းများစွာ နေရာရွှေ့ပြောင်းခဲ့ရ



ကော်လိုရာဒိုပြည်နယ်တွင် တောမီးလောင်မှုကို တွေ့ရစဉ်။

**ဒန်ဗာ ဇန်နဝါရီ ၁**

အမေရိကန်ပြည်ထောင်စု ကော်လိုရာဒိုပြည်နယ်တွင် လျင်မြန်စွာလောင်ကျွမ်းသည့် တောမီးကြောင့် နေအိမ်ပေါင်း ရာနှင့်ချီ၍ ပျက်စီးခဲ့ပြီး လူပေါင်းထောင်နှင့်ချီ၍ ဘေးလွတ်ရာသို့ ထွက်ပြေးခဲ့ရသည်။

လေတိုက်နှုန်းမှာလည်း တစ်နာရီလျှင် ၁၇၅ ကီလိုမီတာအထိရှိပြီး တောမီးကို လျင်မြန်စွာလောင်ကျွမ်းစေခဲ့သည်။ ဒန်ဗာမြို့မြောက်ပိုင်း ဒေသခံများနေထိုင်ရာနေရာများသို့ တောမီးရောက်ရှိရန် အချိန်အနည်းငယ်သာ ကြာမြင့်ခဲ့သည်။

နေအိမ်ပေါင်း ၅၈၀ မှာ မီးလောင်မှုကြောင့် ပျက်စီးခဲ့ရသည်။ တောမီးလောင်သွားသည့် အထဲတွင် ဈေးဝယ်စင်တာတစ်ခုနှင့် ဟိုတယ်တစ်လုံးလည်း ပါသွားခဲ့သည်။ ဘာဆက်လုပ်ရမည်မသိသည့် ဒေသခံများအတွက် အခြေအနေများမှာ ကြောက်မက်ဖွယ်ဖြစ်နေခဲ့သည်။

တောမီးကြောင့် လူခုနစ်ဦးထက်မနည်း ဒဏ်ရာရရှိခဲ့သည်။ မီးတောက်ကြီးမားသည့်အတွက် ဒဏ်ရာရရှိသူဦးရေမှာ ယခုထက်ပို၍ များပြားလာနိုင်ကြောင်းလည်း အာဏာပိုင်များက ပြောသည်။ တောမီးလောင်ရာ ဒေသမှာ တောမီးမလောင်မီက ဆိုးရွားစွာ မိုးခေါင်မှုဒဏ်ကို ခံစားခဲ့ရသည့်နေရာလည်းဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

## အမေရိကန်တွင် မူးယစ်ဆေးဝါး အလွန်အကျွံသုံးစွဲမှုကြောင့် သေဆုံးသူဦးရေမှာ တစ်သန်းအထိရှိလာ

**နယူးယောက် ဇန်နဝါရီ ၁**


ပြီးခဲ့သည့် နှစ်ပေါင်း ၂၀ အတွင်း အမေရိကန်တွင် မူးယစ်ဆေးဝါး အလွန်အကျွံသုံးစွဲမှုကြောင့် သေဆုံးသူဦးရေမှာ တစ်သန်းအထိရှိလာသည်ဟု အမေရိကန် ရုပ်သံလွှင့်ဌာနဖြစ်သည့် အင်န်ပီအာတွင် ဒီဇင်ဘာ ၃၀ ရက်က ဖော်ပြထားသည်။

အမေရိကန်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ(စီဒီစီ) ၏ ဖော်ပြချက်များအရ သိရှိရခြင်းဖြစ်သည်။ အမျိုးသားကျန်းမာရေး စာရင်းအင်းစင်တာ၏ လေ့လာမှုအရ အမေရိကန်ပြည်ထောင်စုတွင် ၁၉၉၉ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ မူးယစ်ဆေးအလွန်အကျွံသုံးစွဲမှုကြောင့် သေဆုံးသူဦးရေမှာ ၉၃၂၃၆၄ ဦးရှိသည်ဟု သိရသည်။

စီဒီစီ၏ ဖော်ပြချက်များအရ ၂၀၂၁ ခုနှစ်တွင်လည်း မူးယစ်ဆေးကြောင့် သေဆုံးသူဦးရေမှာ ၁၀၀၀၀၀ အထိ ရှိနိုင်သည်ဟု ကနဦး ရလဒ်များအရ သိရသည်။

**ဆင်ဟွာ**

## ကင်ညာနိုင်ငံ၌ နှစ်သစ်ကူးကာလမတိုင်မီ လူပေါင်း ၁၀ သန်းကျော်ကို ကိုဗစ် -၁၉ ကာကွယ်ဆေးထိုးပေးနိုင်ခဲ့



အက်စ်ထရာဇနီကာ ကိုဗစ်– ၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူနေသည့် ကင်ညာအမျိုးသားတစ်ဦးကို တွေ့ရစဉ်။

**နိုင်ရိုဘီ ဇန်နဝါရီ ၁**

ကင်ညာနိုင်ငံတွင် လူပေါင်း ၁၀ သန်းကျော်ကို ကိုဗစ် – ၁၉ ကာကွယ်ဆေး ထိုးပေးနိုင်ခဲ့ပြီး ၂၀၂၁ ခုနှစ်မကုန်မီ လူပေါင်း ၁၀ သန်းကျော်ကို ကာကွယ်ဆေး ထိုးပေးနိုင်ရမည်ဟူသော ရည်မှန်းချက် ပြည့်မီအောင် စွမ်းဆောင်နိုင်ခဲ့သည်ဟု ဒီဇင်ဘာ ၃၁ ရက်တွင် ကင်ညာကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

ကာကွယ်ဆေး ထိုးပေးနိုင်ခဲ့သည့် လူပေါင်း ၁၀ သန်းတွင် ၅ ဒသမ ၈ သန်းမှာ တစ်ကြိမ်ကာကွယ်ဆေးထိုးပြီးသားဖြစ်ကာ ၄ ဒသမ ၁၆ သန်းမှာ နှစ်ကြိမ် ကာကွယ်ဆေးထိုးပြီးသားဖြစ်သည်ဟု ကျန်းမာရေးဝန်ကြီးဌာန၏ အစိုးရအဖွဲ့အတွင်းဝန် မူတာဟီကာဝီက ပြောသည်။

ကာကွယ်ဆေး နှစ်ကြိမ်ထိုးပြီးသူဦးရေမှာ ၁၅ ဒသမ ၃ ရာခိုင်နှုန်းရှိပြီး အစိုးရသည် လူပေါင်း ၂၇ သန်းလုံးကို ကာကွယ်ဆေး ထိုးပေးနိုင်ရေး ကြိုးပမ်း လုပ်ဆောင်လျက်ရှိသည်ဟု အရာရှိတစ်ဦးက ပြောသည်။

အရှေ့အာဖရိက နိုင်ငံတစ်နိုင်ငံဖြစ်သည့် ကင်ညာနိုင်ငံတွင် လူဦးရေ ၁၀ သန်းကို ကာကွယ်ဆေး ထိုးပေးနိုင်ပြီဖြစ်သော်လည်း အိုမီခရွန်ကူးစက်မှုနှင့် ရုန်းကန်နေရဆဲ ဖြစ်သည်။

ဇန်နဝါရီ ၁ ရက်မှ စတင်ကာ နှစ်ကြိမ် ကာကွယ်ဆေးထိုးပြီးသူများ ဗီဇပြောင်းကူးစက်မှုမှ အကာအကွယ်ပေးနိုင်ရေးအတွက် တတိယအကြိမ် ကာကွယ်ဆေးထိုးပေးမှု စတင်တော့မည်ဟု သမ္မတအူဟူရာကင်ညာတာက ပြောသည်။

**ဆင်ဟွာ**

## တူရကီနိုင်ငံ၌ ၁၀ ရက်အတွင်း ကိုဗစ် - ၁၉ ကူးစက်မှုများ နှစ်ဆတိုးလာ

**အင်ကာရာ ဇန်နဝါရီ ၁**

တူရကီနိုင်ငံတွင် ပြီးခဲ့သည့် ၁၀ ရက်တာကာလအတွင်း ကိုဗစ် – ၁၉ ကူးစက်ခံရသူဦးရေမှာ နှစ်ဆဖြစ်လာသည်ဟု တူရကီကျန်းမာရေးဝန်ကြီး ဖာရင်တန်ကိုကာက ဒီဇင်ဘာ ၃၁ ရက်တွင် ပြောသည်။

သို့သော်လည်း ဆေးရုံတက်ရမှုနှုန်းမှာမူ ၄ ဒသမ ၆ ရာခိုင်နှုန်းသာရှိသည်ဟု သိရသည်။ တူရကီနိုင်ငံတွင် ဒီဇင်ဘာ ၃၁ ရက်က နောက်ထပ်ကိုဗစ် –၁၉ ကူးစက်ခံရသူ ၄၀၇၈၆ ဦးရှိပြီး စုစုပေါင်းကူးစက်ခံရသူဦးရေမှာ ၉၄၈၂၅၅၀ အထိရှိလာခဲ့သည်။

တူရကီနိုင်ငံတွင် ကိုဗစ် –၁၉ ကာကွယ်ဆေးထိုးနှံမှုများကို ၂၀၂၁ ခုနှစ် ဇန်နဝါရီလအတွင်းက ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

**ဆင်ဟွာ**

# နှစ်သစ်မှာ အိုမီခရွန်ကူးစက်ဖြစ်ပွားမှုမြင့်တက်လာခြင်းကို အကောင်းဆုံးကိုင်တွယ်ဖို့ ကိုဗစ်-၁၉ ဆောင်ရွက်ချက်တွေကို တင်းကျပ်လိုက်တဲ့ ဥရောပ

*ထွန်းကျော်*

**ယခုလတ်တလောမှာ အိုမီခရွန်မိုင်းရပ်စ်သစ်ဟာ ကမ္ဘာတစ်ဝန်းမှာ ကျယ်ကျယ်လောင်လောင်ကြားနေရတဲ့ ကိစ္စတစ်ခုဖြစ်တာနဲ့အညီ နှစ်သစ်ကူးနေ့မတိုင်မီ တချို့ဥရောပနိုင်ငံတွေဟာ ဗီဇပြောင်းအိုမီခရွန်မိုင်းရပ်စ်သစ် ကူးစက်ဖြစ်ပွားမှု မြင့်တက်လာခြင်းကို ထိန်းချုပ်ဖို့ တင်းကျပ်တဲ့ ဆောင်ရွက်ချက်တွေလုပ်ဆောင်ခဲ့ကြပါတယ်။**



လန်ဒန်မြို့ အောက်စ်ဖို့ဒ်လမ်းတစ်လျှောက် ကိုဗစ်-၁၉ ကပ်ရောဂါကို ကာကွယ်ရန် ပါးစပ်နှာခေါင်းစည်း ဝတ်ဆင်ထားသူများကို တွေ့ရစဉ်။

❖ **ဂျာမနီနိုင်ငံမှာ ကိုဗစ်-၁၉ အခြေအနေဆိုးရွားလာမှုဟာ အဓိက အိုမီခရွန်မိုင်းရပ်စ်ကြောင့် ဖြစ်ပါတယ်။ တစ်နေ့တည်းမှာကိုပဲ ကိုဗစ်-၁၉ အသစ် ထပ်မံကူးစက်ဖြစ်ပွားမှုဟာ ၂၆ ရာခိုင်နှုန်းနီးပါး တိုးလာပါတယ်လို့ ရောဘတ်ကို့စ်အင်စတီကျုက ကြေညာချက် ထုတ်ပြန်လိုက်ပါတယ်**

**သမိုင်းမှာ အမြင့်ဆုံးဖြစ်**

ပြင်သစ်နိုင်ငံမှာ နေ့စဉ်ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားတဲ့ အရေအတွက်ဟာ ဒီဇင်ဘာ ၂၉ ရက်က ၂၀၈၀၉၉ ဦးဖြင့် စံချိန်သစ်တင်ခဲ့ပြီး ဒီဇင်ဘာ ၂၈ ရက် နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အမြင့်ဆုံးစံချိန်ကို ချိုးခဲ့ပါတယ်။ နိုင်ငံအတွင်း နေ့စဉ်ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု သမိုင်းမှာ အမြင့်ဆုံးဖြစ်ပွားခဲ့ပါတယ်။

ဆိုလိုတာကတော့ တစ်နေ့ ၂၄ နာရီရဲ့ စက္ကန့်တိုင်းမှာ ပြင်သစ်နှစ်ဦး ကိုဗစ်-၁၉ စမ်းသပ်တွေ့ရှိခဲ့တာကို ဖော်ပြလိုက်တာပဲ ဖြစ်ပါတယ်လို့ ကျန်းမာရေးဝန်ကြီး အိုလီဗီရာ ဗီရန်က အမျိုးသားညီလာခံမှာ ပြောကြားခဲ့ပါတယ်။ အဲဒီညီလာခံမှာ ကာကွယ်ဆေးထိုးရေး ဥပဒေကြမ်းကို အတည်ပြုဖို့လည်း တင်ပြခဲ့ပါတယ်။

**အပိုဆုကြေးထပ်မံချီးမြှင့်**

ဒီဇင်ဘာ ၂၈ ရက်က ပြင်သစ်အစိုးရဟာ ဇန်နဝါရီလကုန်အထိ ဈေးဝယ်ကုန်တိုက်တွေမှာ ကိုဗစ်-၁၉ ရောဂါ စစ်ဆေးရေးပစ္စည်းတွေ ရောင်းချခွင့်ပြုခဲ့ပါတယ်။ ဒါ့အပြင် အထူးကြပ်မတ်ကုသဆောင်မှာ တာဝန်ထမ်းဆောင်နေတဲ့ ဆေးဝန်ထမ်းတွေအတွက် လစဉ် အပိုဆုကြေးအဖြစ် ယူရို ၁၀၀ (အမေရိကန်ဒေါ်လာ ၁၁၃ ဒေါ်လာ) ပေးဖို့လည်း ကြေညာခဲ့ပါတယ်။

**ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြီးအကဲ စိုးရိမ်**

အိုမီခရွန်မိုင်းရပ်စ်ဟာ ပိုပြီးကူးစက်ဖြစ်ပွားလာမယ့်အရေးကို စိုးရိမ်ပူပန်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိတ်ချ်အို) ညွှန်ကြားရေးမှူးချုပ် တက်ဒရော့စ် အက်ဒါနွမ် ဂီဘရီယက်ဆုစ်က ဒီဇင်ဘာ ၂၉ ရက်က သတိပေးခဲ့ပါတယ်။ ဆူနာမီလိုအဟုန်နဲ့ ဒယ်လ်တာမိုင်းရပ်စ်လိုမျိုး ကူးစက်ဖြစ်ပွားမှုတွေ တစ်ရှိန်ထိုးများပြားလာမှာကို စိုးရိမ်နေတယ်လို့ သူကပြောပါတယ်။

ပြိုလဲလုနီးနီးဖြစ်နေတဲ့ ကျန်းမာရေးခရီးလမ်းကြောင်းရှည်ကြီးပေါ်မှာ အသက်ကို ပဓာနမထားဘဲ ပြေးလွှားနေရတဲ့ မောပန်းနွမ်းလျပန်းကျနေတဲ့ ကျန်းမာရေးဝန်ထမ်းတွေနဲ့ ကျန်းမာရေးစနစ်ကို ကြီးမားတဲ့အထောက်အကူတွေ ဆက်လက်ပေးဖို့လည်း သူက ပြောကြားလိုက်ပါတယ်။ အဲဒီလိုမှ ကျန်းမာရေးကဏ္ဍကို ထောက်ပံ့မှု မလုပ်ဘူးဆိုရင် အိုမီခရွန်မိုင်းရပ်စ်ဟာ ကမ္ဘာ့ပြည်သူတွေရဲ့ အသက်နဲ့ နေ့စဉ်လူမှုဘဝကို ကောင်းစွာနှောင့်ယှက်လိမ့်မယ်လို့ သူက ပြောပါတယ်။

**ကျန်းမာရေးဝန်ထမ်းတွေအပေါ်ဝန်ပိမှုတွေလျှော့ချပေး**

စပိန်နိုင်ငံမှာရှိတဲ့ ကျန်းမာရေးဝန်ထမ်းတွေကို ကျရောက်နေတဲ့ ဖိအားတွေကို လျှော့ချပေးဖို့ ရောဂါလက္ခဏာမပြတဲ့ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားနေသူတွေကို ၁၀ ရက်တာ ကွာရန်တင်းဝင်ရမယ့်အစား ခုနစ်ရက်အထိ လျှော့ချပေးဖို့ ကျန်းမာရေးအာဏာပိုင်တွေက ဆုံးဖြတ်ခဲ့ပါတယ်။

အခုလို အသစ်ပြုပြင်လိုက်တဲ့ ဆောင်ရွက်ချက်ကြောင့် ဆေးဝန်ထမ်းတွေအပေါ် ဖိအားတွေလျှော့သွားဖို့ မျှော်လင့်ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနက ဒီဇင်ဘာ ၂၃ ရက်အထိ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားနေတဲ့ ကျန်းမာရေးဝန်ထမ်းတွေ ၅၀၀၀ ကျော်လောက်ရှိတယ်လို့ ပြောကြားခဲ့ပါတယ်။

**စားဝတ်နေရေးကဏ္ဍကိုထိခိုက်**

ကျန်းမာရေးဝန်ဆောင်မှုအပြင် စားဝတ်နေရေးကဏ္ဍဟာလည်း ကိုဗစ်-၁၉ ကပ်ရောဂါရဲ့ ရိုက်ခတ်မှုကို ဆိုးရွားစွာခံစားခဲ့ရပါတယ်။ ကိုဗစ်-၁၉ ကပ်ရောဂါ စတင်ဖြစ်ပွားမှုနဲ့အတူ ကပ်ရောဂါကန့်သတ်တားဆီးရေးဆောင်ရွက်ချက်တွေ ချမှတ်လိုက်တဲ့အတွက် ပထမဆုံး ထိခိုက်လာတဲ့ ကဏ္ဍကတော့ စားဝတ်နေရေးကဏ္ဍပဲ ဖြစ်ပါတယ်။

**ကိုဗစ်-၁၉ တားဆီးရေးတွေချမှတ်**

နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုဟာ ၄၈ နာရီအတွင်း သုံးဆမြင့်တက်လာပြီးနောက်မှာတော့ ဂရိအစိုးရက နောက်ထပ် ကိုဗစ်-၁၉ တားဆီးရေးဆောင်ရွက်ချက်တွေကို အကောင်အထည်ဖော်ဖို့ ဒီဇင်ဘာ ၂၉ ရက်က ဆုံးဖြတ်ခဲ့ပါတယ်။

အိုမီခရွန်မိုင်းရပ်စ်ဟာ အခုတော့ လွှမ်းမိုးလာပါပြီ။ နိုင်ငံရဲ့ ကျန်းမာရေးစနစ်ဟာ ဒယ်လ်တာကြောင့် ဖိအားတွေနဲ့ ရင်ဆိုင်နေရဆဲ အချိန်မှာ အခုတော့ ပိုဆိုးလာဖို့ရှိပါတယ်။ ထိန်းချုပ်ဟန့်တားနိုင်ဖို့ ဆိုရင် အချက်တွေအကုန်လုံးကို ချင့်ချိန်တွက်ဆရမှာပဲ ဖြစ်ပါတယ်လို့ ဂရိကျန်းမာရေးဝန်ကြီး သာနော့စ်ပလီဗရစ်က ပြောပါတယ်။

ကိုဗစ်-၁၉ ကူးစက်မှုမြင့်တက်လာတာကို ရင်ဆိုင်နေရချိန် အစိုးရဟာ နောက်ထပ် ကိုဗစ်-၁၉ ကန့်သတ်တားဆီးရေးဆောင်ရွက်ချက်တွေကို ဇန်နဝါရီ ၃ ရက်မှာ ချမှတ်ဖို့ဆုံးဖြတ်ခဲ့ပါတယ်။

**ကိုဗစ်-၁၉ တားဆီးရေးဆောင်ရွက်ချက်တွေကို ချမှတ်**

ဆိုက်ပရပ်စ်ဟာ ခရီးသွားကဏ္ဍကို အဓိကမှီခိုနေရတဲ့ နောက်ထပ် နိုင်ငံတစ်နိုင်ငံဖြစ်တာနဲ့အညီ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားမှု အဟုန်ကို နှေးသွားအောင် နောက်ထပ်ဆောင်ရွက်ချက်သစ်တွေကို လုပ်ဆောင်နေပါတယ်လို့ ကျန်းမာရေးဝန်ကြီး မီချဲလစ်ဟာဂျီပန်တီလက်စ်က ပြောပါတယ်။

ပေါ်တူဂီအစိုးရဟာ နောက်ထပ်ကိုဗစ်-၁၉ ကန့်သတ်တားဆီးရေးဆောင်ရွက်ချက်တွေကို ဇန်နဝါရီ ၅ ရက်အထိ ထပ်မံသက်တမ်းတိုးချမှတ်ထားပါတယ်။ စားသောက်ဆိုင်တွေ၊ ပါတီတွေနဲ့ ရှိုးပွဲတွေကို သွားဖို့ဆိုရင် ပြည်သူတွေဟာ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးထားကြောင်း သို့မဟုတ် ကိုဗစ်-၁၉ ကင်းစင်ကြောင်း သက်သေပြဖို့ လိုပါတယ်။

ပေါ်တူဂီနိုင်ငံမှာ လွန်ခဲ့တဲ့ ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်သူ အသစ် ၂၆၈၆၇ ဦးရှိတယ်လို့ မှတ်တမ်းတင်ဖော်ပြခဲ့ပါတယ်။ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားကတည်းက နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အများဆုံးနေ့တစ်နေ့ဖြစ်ခဲ့ပါတယ်။

**အိုမီခရွန် မိုင်းရပ်စ်ကြောင့်ဖြစ်**

ဂျာမနီနိုင်ငံမှာ ကိုဗစ်-၁၉ အခြေအနေဆိုးရွားလာမှုဟာ အဓိက အိုမီခရွန်မိုင်းရပ်စ်ကြောင့် ဖြစ်ပါတယ်။ တစ်နေ့တည်းမှာကိုပဲ ကိုဗစ်-၁၉ အသစ်ထပ်မံကူးစက်ဖြစ်ပွားမှုဟာ ၂၆ ရာခိုင်နှုန်းနီးပါး တိုးလာပါတယ်လို့ ရောဘတ်ကို့စ်အင်စတီကျုက ကြေညာချက်ထုတ်ပြန်လိုက်ပါတယ်။

ကိုဗစ်-၁၉ ကပ်ရောဂါကို အဆုံးသတ်ဖို့ဆိုရင် မိမိတို့တတ်နိုင်တာတွေကို အမြန်ဆုံးလုပ်ဆောင်သွားကြဖို့လိုတယ်လို့ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး ဆဗန်ဂျာဆချူဇီက ပြောပါတယ်။

အိမ်နီးချင်း ဘယ်လ်ဂျီယံနိုင်ငံမှာလည်း အသစ်အသစ်သော ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားမှုရဲ့ ၆၀ ရာခိုင်နှုန်းဟာ အိုမီခရွန်မိုင်းရပ်စ်ကြောင့် ဖြစ်ပါတယ်လို့ အဏုဇီဝပညာရှင် အန်မန်နျူရယ်အန်ဒရီက ပြောပါတယ်။

ဒိန်းမတ်ကျန်းမာရေးအာဏာပိုင်တွေကလည်း အခုလို အားလပ်ရက်ရာသီချိန်မှာ လူနည်းနိုင်သမျှအနည်းဆုံးကို မြင်တွေ့ချင်တယ်ဆိုပြီး ပြည်သူတွေကို တိုက်တွန်းထားပါတယ်။

**နှစ်ကူးအားလပ်ရက်ပျော်ရွှင်ဖို့ တစ်ခုတည်းသောနည်းလမ်း**

ဖြိတိန်မှာလည်း လွန်ခဲ့တဲ့ ၂၄ နာရီအတွင်းမှာ ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူဦးရေဟာ ၁၈၃၀၃၇ ဦးအထိ တိုးလာခဲ့ပါတယ်။ ထပ်မံကူးစက်ဖြစ်ပွားတဲ့ ကိုဗစ်-၁၉လူနာအရေအတွက် ၉၀ ရာခိုင်နှုန်းကျော်ဟာ အိုမီခရွန်မိုင်းရပ်စ်ကြောင့် ဖြစ်ပါတယ်။

ဗြိတိန်ဝန်ကြီးချုပ်ဘောရစ်ဂျွန်ဆင်ကတော့ ကိုဗစ်-၁၉ အပိုဆောင်းကာကွယ်ဆေးထိုးခြင်းရဲ့ အရေးပါပုံကို အသားပေးပြောဆိုခဲ့ပါတယ်။ နှစ်ကူးအားလပ်ရက်ကို အသိဉာဏ်ရှိရှိနဲ့ သတိရှိရှိပျော်ရွှင်ဖို့ဆိုရင် ဒါကသာ တစ်ခုတည်းသောနည်းလမ်းဖြစ်တယ်လို့ သူက အလေးအနက်ပြောကြားခဲ့ပါတယ်။

**ကိုးကား-ဆင်ဟွာ**

# ဇန်နဝါရီ ၁ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၁၂ ဦး တွေ့ရှိ

## ထပ်မံသေဆုံးသူ ၄ ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း ၁၉,၂၇၂ ဦးရှိ

**(၁-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၃၁-၁၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၃၁၅) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၁၂) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၁.၃၅) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၀၄၈,၉၆၅)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၅၃၀,၉၄၆) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၂၅၅) ဦးဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၅၀၈,၄၈၇) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီးဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၄) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၁၉,၂၇၂) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၁-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၇၄၆) ခု | (၇) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၅) ခု | - |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၄၉) ခု | (၁) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၄၂) ခု | (၅) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၀၅၁) ခု | (၆) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၄၆၀) ခု | (၅) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၅,၇၆၂) ခု | (၈၈) ဦး |
| စုစုပေါင်း | (၈,၃၁၅) ခု | (၁၁၂) ဦး |

- ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) ရောဂါပိုးဝင်ရောက်ဖြစ်ပွားမှုကြောင့် (၁-၁-၂၀၂၂)ရက်နေ့၊ (၁၇:၀၀) နာရီအချိန်အထိ အတည်ပြုလူနာစုစုပေါင်း (၃၉၈,၅၆၀) ဦး ရှိ၍ သေဆုံးသူ (၈၂) ဦးရှိပြီဖြစ်ရာ ဥရောပ၊ မြောက်အမေရိက၊ တောင်အမေရိက၊ အာဖရိက၊ သြစတြေးလျ၊ အရှေ့တောင်အာရှအပါအဝင် အာရှဒေသနိုင်ငံများစသည့် ကမ္ဘာ့ဒေသ အသီးသီးရှိ နိုင်ငံ/ဒေသပေါင်း (၁၃၀) ခုအထိ ကျယ်ပြန့်စွာ ပျံ့နှံ့ရောက်ရှိပြီးဖြစ်သည်ဟု သိရှိရပါသည်။
- မြန်မာနိုင်ငံတွင် ပြည်ပနိုင်ငံများမှ ပြန်လည်ရောက်ရှိလာသူများအနက် ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိရသည့်လူနာများတွင် မျိုးရိုးဗီဇပြောင်းရောဂါပိုး ရှိ/မရှိ ဓာတ်ခွဲစစ်ဆေးမှုများအရ ယူအေအီးနိုင်ငံ၊ ဒူဘိုင်းမြို့မှ Relief Flight ဖြင့် ပြန်လည်ဝင်ရောက်လာသူ မြန်မာနိုင်ငံသား (၄) ဦး၏ ဓာတ်ခွဲနမူနာများတွင် SARS-CoV-2 Variant Omicron (အိုမီခရွန်) ရောဂါပိုး တွေ့ရှိရကြောင်း (၂၈-၁၂-၂၀၂၁) ရက်နေ့တွင် ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းထုတ်ပြန်ပြီး ဖြစ်ပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်)နှင့် ပတ်သက်၍ ရောဂါဖြစ်ပွားမှုများကို မျက်ခြည်မပြတ် စောင့်ကြပ်ကြည့်ရှုလျက်ရှိကာ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခြင်း၊ အသွားအလာကန့်သတ်၍ သီးသန့်ခွဲခြားထားရှိရာနေရာ (Quarantine Center) များ၊ ကုသရေးစင်တာ (Treatment Center) များနှင့် အောက်ဆီဂျင်အပါအဝင် ဆေးနှင့်ဆေးပစ္စည်းများ ကြိုတင်ပြင်ဆင်ခြင်း၊ နီးနွယ်ဝန်ကြီးဌာနများ၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ အလှူရှင်များ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းစသည့် လုပ်ငန်းများကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။
- သို့ဖြစ်ပါ၍ အိုမီခရွန်ဗီဇပြောင်းကိုဗစ်-၁၉ရောဂါပိုးနှင့် ပတ်သက်၍ မိဘပြည်သူများအနေဖြင့် အလွန်အမင်းစိုးရိမ်ကြောင့်ကြခြင်းမပြုဘဲ တစ်ဦးချင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အခြေခံစည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာခြင်း၊ သံသယရောဂါလက္ခဏာရှိသူများ အနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပေးပို့ခြင်း၊ အလှည့်ကျရရှိလာသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက် အကြိမ်ပြည့်ခံယူခြင်းနှင့် ကာကွယ်ဆေးထိုးရန် ကျန်ရှိသူများကို ကာကွယ်ဆေးထိုးနှံပေးနိုင်ရန်အတွက် ကျန်းမာရေးဌာနသို့ ဆက်သွယ်ပို့ဆောင်ပေးခြင်း စသည်တို့ကို မမေ့မလျော့ သတိပြု၍ ဆောင်ရွက်ကြပါရန်နှင့် ကျန်းမာရေးဝန်ကြီးဌာနက အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေသည့်လုပ်ငန်းများကို ကျရာကဏ္ဍမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် အသိပေးတိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ၁-၁ -၂၀၂၂ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၅၅၆၉၆၅၀၀ | ၄၁၅၀၂၇၃၉ | ၈၄၆၉၀၅ |
| ၂။ | အိန္ဒိယ | ၃၄၈၆၁၅၇၉ | ၃၄၂၇၅၃၁၂ | ၄၈၁၄၈၆ |
| ၃။ | ဘရာဇီး | ၂၂၂၈၇၅၂၁ | ၂၁၅၆၇၈၄၅ | ၆၁၉၁၀၉ |
| ၄။ | ဗြိတိန် | ၁၂၉၃၇၈၈၆ | ၁၀၃၁၄၇၂၆ | ၁၄၈၆၂၄ |
| ၅။ | ရုရှား | ၁၀၅၁၉၇၃၃ | ၉၄၉၇၀၆၃ | ၃၀၉၇၀၇ |
| ၆။ | ပြင်သစ် | ၉၉၇၂၈၀၀ | ၈၀၉၁၁၀၃ | ၁၂၃၇၄၁ |
| ၇။ | တူရကီ | ၉၄၈၂၅၅၀ | ၉၀၆၃၃၁၂ | ၈၂၃၆၁ |
| ၈။ | ဂျာမနီ | ၇၁၇၆၄၄၈ | ၆၄၁၈၃၀၀ | ၁၁၂၇၅၆ |
| ၉။ | စပိန် | ၆၂၉၄၇၄၅ | ၅၀၅၆၉၅၅ | ၈၉၄၀၅ |
| ၁၀။ | အီရန် | ၆၁၉၅၄၀၃ | ၆၀၃၉၁၇၁ | ၁၃၁၆၃၉ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

၁- ၁ - ၂၀၂၂

| နိုင်ငံ | ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၂၆၂၉၉၄ | ၄၁၁၄၄၉၉ | ၁၄၄၀၉၆ |
| ဖိလစ်ပိုင် | ၂၈၄၇၄၈၆ | ၂၇၇၈၅၆၇ | ၅၁၅၄၅ |
| မလေးရှား | ၂၇၅၈၀၈၆ | ၂၆၈၅၃၇၈ | ၃၁၄၈၇ |
| ထိုင်း | ၂၂၂၆၄၆ | ၂၁၇၁၈၀၉ | ၂၁၇၀၈ |
| ဗီယက်နမ် | ၁၇၄၆၀၉၂ | ၁၃၅၈၂၇၆ | ၃၂၆၁၀ |
| မြန်မာ | ၅၃၀၉၄၆ | ၅၀၈၄၈၇ | ၁၉၂၇၂ |
| စင်ကာပူ | ၂၇၉၄၀၅ | ၂၇၅၇၀၉ | ၈၂၈ |
| ကမ္ဘောဒီးယား | ၁၂၀၅၀၇ | ၁၁၆၉၂၉ | ၃၀၁၂ |
| လာအို | ၁၁၂၀၈၃ | ၁၀၂၆၀၀ | ၃၇၄ |
| ဘရူနိုင်း | ၁၅၄၇၀ | ၁၅၂၇၂ | ၉၈ |

# ဥပဒေပြုရေးဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲများအပေါ် လေ့လာခြင်း(ဖင်လန်ပြည်သူ့သမ္မတနိုင်ငံ)

ကိုအောင် (ရန်ကုန်)

**နိဒါန်း**

ဖင်လန်ပြည်သူ့သမ္မတနိုင်ငံ (Republic of Finland) သည် မြောက်ဥရောပတိုက်၏ မြောက်ပိုင်းစွန်းတွင် တည်ရှိသော နိုင်ငံတစ်ခုဖြစ်သည်။ အနောက်ဘက်တွင် ဆွီဒင်နိုင်ငံ၊ အရှေ့ဘက်တွင် ရုရှားနိုင်ငံ၊ မြောက်ဘက်တွင် နော်ဝေနိုင်ငံတို့နှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသည်။ ဖင်လန်နိုင်ငံ၏ အနောက်ဘက်တွင် ဘို့သ်နီးယားပင်လယ်ကွေ့ (Gulf of Bothnia)နှင့် တောင်ဘက်တွင် အက်စ်တိုးနီးယားကို ဖြတ်သန်းစီးဆင်းလျက်ရှိသော ဘော့လ်တစ်ပင်လယ် (Baltic Sea)၏ ဖင်လန်ပင်လယ်ကွေ့ရှိသည်။ ဧရိယာ ၃၃၈၄၅၅ စတုရန်းကီလိုမီတာ (၁၃၀၆၇၈ စတုရန်းမိုင်) ကျယ်ဝန်းပြီး လူဦးရေစုစုပေါင်း ၅ ဒသမ ၅ သန်းရှိသည်။ မြို့တော်မှာ ဟယ်လ်ဆင်ကီ (Helsinki) ဖြစ်ပြီး နိုင်ငံ၏အကြီးဆုံးမြို့လည်းဖြစ်သည်။

၁၉၅၅ ခုနှစ်တွင် မြောက်အတ္တလန္တိတ်သဘောတူစာချုပ်အဖွဲ့ (North Atlantic Treaty Organization–NATO) အဖွဲ့ဝင်နိုင်ငံဖြစ်လာပြီး ကြားနေမူဝါဒကို ကျင့်သုံးရန် အတည်ပြုခဲ့သည်။ ၁၉၆၉ ခုနှစ်တွင် Organisation of Economic Cooperation and Development (OECD) အဖွဲ့ဝင်နိုင်ငံအဖြစ်လည်းကောင်း၊ ၁၉၉၄ ခုနှစ်တွင် နေတိုးငြိမ်းချမ်းရေးဆွေးနွေးမှုအဖွဲ့ဝင် (NATO Partnership for Peace) နိုင်ငံအဖြစ်လည်းကောင်း၊ ၁၉၉၅ ခုနှစ်တွင် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံအဖြစ်လည်းကောင်း၊ ၁၉၉၇ ခုနှစ်တွင် ဥရောပအတ္တလန္တိတ်မိတ်ဖက်ကောင်စီ (Euro– Atlantic Partnership Council) အဖွဲ့ဝင်နိုင်ငံအဖြစ်လည်းကောင်း ပါဝင်ခဲ့သည်။

**ဖင်လန်နိုင်ငံအုပ်ချုပ်မှုဒေသများ**

ဖင်လန်နိုင်ငံအား မြူနီစီပယ်များဖြင့် ဖွဲ့စည်းထားပြီး ယင်းတို့ကို မြို့များ သို့မဟုတ် မြို့ကြီးများဟုလည်း ခေါ်သည်။ ၂၀၂၁ ခုနှစ်စာရင်းများအရ မြူနီစီပယ် စုစုပေါင်း ၃၀၉ ခုရှိပြီး နေထိုင်သူ ၆၀၀၀ အောက်ရှိသည့် မြူနီစီပယ်မှာ အများစုဖြစ်သည်။ အုပ်ချုပ်မှုအဆင့်အနေဖြင့် မြူနီစီပယ်အဆင့်အောက်တွင် ပြည်နယ် ၁၉ ခုနှင့် ပြည်နယ်ခွဲ ၇၀ ရှိသည်။ ယင်းအဆင့်များကို မြူနီစီပယ် အဖွဲ့ဝင်များက အုပ်ချုပ်ပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုဖြစ်သည့် Aland ဒေသကို ဒီမိုကရေစီနည်းကျရွေးကောက်တင်မြှောက်သည့် ဒေသန္တရကောင်စီက အုပ်ချုပ်သည်။ Sami လူမျိုးများအတွက် Lapland ဒေသတွင် တစ်စိတ်တစ်ပိုင်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိပြီး ဘာသာစကားနှင့် ယဉ်ကျေးမှုဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်းပြီး ဆောင်ရွက်သည်။

**အုပ်ချုပ်ရေး**

သမ္မတသည် ဖင်လန်နိုင်ငံ၏ အကြီးအကဲဖြစ်သည်။ ယခင်က သမ္မတထံတွင် အုပ်ချုပ်ရေးအာဏာ ပိုမိုပိုင်ဆိုင်ခဲ့သော်လည်း ၂၀၀၀ ပြည့်နှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အား အတည်ပြုပြဋ္ဌာန်းပြီးနောက်တွင် ၎င်း၏အာဏာမှာ လျော့ကျလာခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ သမ္မတသည် ဖင်လန်နိုင်ငံ၏ ကာကွယ်ရေးဦးစီးချုပ်လည်းဖြစ်ပြီး နိုင်ငံတော်၏ပြည်ပနိုင်ငံရေး (Foreign Politics) ဆိုင်ရာ ကိစ္စရပ်များအား နိုင်ငံတော်ကောင်စီနှင့်အတူ ဦးဆောင်ဦးရွက်ပြုသည်။ နိုင်ငံခြားရေးမူဝါဒဆိုင်ရာကိစ္စကဲ့သို့သော လုပ်ငန်းများအား အစိုးရအဖွဲ့နှင့်အတူ ကြီးကြပ်ဆောင်ရွက်ပြီး ကာကွယ်ရေးဦးစီးချုပ်ဖြစ်သည့် အားလျော်စွာ ဒီကရီများထုတ်ပြန်ခြင်း၊ လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်း၊ အချို့သော ရာထူးများအား ခန့်အပ်ခြင်းစသည်တို့ကိုလည်း လုပ်ဆောင်သည်။ သမ္မတရွေးကောက်ပွဲများကို မဲအများဆုံးရရှိသူအား တိုက်ရိုက်ရွေးကောက်တင်မြှောက်သည့် စနစ်ဖြင့် ကျင်းပပြီး Two Rounds Basis ဖြစ်သည်။ သမ္မတ၏သက်တမ်းမှာ ခြောက်နှစ်ဖြစ်ကာ သမ္မတသက်တမ်းအား တစ်ဆက်တစ်စပ်တည်း နှစ်ကြိမ်ထမ်းဆောင်နိုင်သည်။

ရွေးကောက်ပွဲများ ကျင်းပပြီးနောက်တွင် နိုင်ငံရေးပါတီများသည် အစိုးရအဖွဲ့ ဖွဲ့စည်းနိုင်ရေးအတွက် ညှိနှိုင်းမှုများပြုလုပ်ရပြီး အစိုးရအဖွဲ့အား လွှတ်တော်တွင် အများစု၏ထောက်ခံမဲဖြင့် အတည်ပြုဖွဲ့စည်းသည်။ ထို့အတူ လွှတ်တော်အတွင်း အယုံအကြည်မရှိအဆို တင်သွင်းပြီး အစိုးရအဖွဲ့အား ဖျက်သိမ်းနိုင်သည်။ သို့ရာတွင် အစိုးရအဖွဲ့တွင် ပါဝင်သည့်ပါတီများမှာ လွှတ်တော်အတွင်းတွင် နေရာရရှိမှု အများစုဖြစ်သောကြောင့် ယင်းကဲ့သို့ ဖျက်သိမ်းမှုမှာ ဖြစ်တောင့်ဖြစ်ခဲဖြစ်သည်။ အစိုးရအဖွဲ့ထံတွင် အုပ်ချုပ်မှုအာဏာ အများဆုံးရှိပြီး ဥပဒေကြမ်းအများစုအား အစိုးရအဖွဲ့က တင်သွင်းကာ လွှတ်တော်အတွင်းတွင် ဆွေးနွေး မဲခွဲဆောင်ရွက်သည်။ အစိုးရအဖွဲ့အား ဝန်ကြီးချုပ်က ဦးဆောင်ပြီး ဝန်ကြီးချုပ်ပြီးလျှင် ဘဏ္ဍာရေးဝန်ကြီးက အစိုးရအဖွဲ့၌ ရာထူးအကြီးဆုံး ဖြစ်သည်။

**ဥပဒေပြုရေး**

ဖင်လန်နိုင်ငံတွင် ဥပဒေတစ်ရပ်သာရှိပြီး လွှတ်တော်ကိုယ်စားလှယ် ၂၀၀ ရှိသည်။ လွှတ်တော်သက်တမ်းမှာ လေးနှစ်ဖြစ်ပြီး အချိုးကျကိုယ်စားပြုစနစ် ( D’Hondt Method Open List Proportional Representation System) ဖြင့် ရွေးကောက်တင်မြှောက်သည်။ လွှတ်တော်တွင် အစိုးရအဖွဲ့အားထုတ်ပယ်ခြင်း၊ သမ္မတ၏ ဗီတိုအာဏာအား ပယ်ဖျက်ခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဥပဒေများအား ပြင်ဆင်ခြင်းတို့ကို ဆောင်ရွက်သည်။

**တရားစီရင်ရေး**

တရားစီရင်ရေးသည် Civil Law System ဖြစ်ပြီး သာမန်ရာဇဝတ်မှုများနှင့် တရားမမှုများဆိုင်ရာတရားရုံးများ၊ ပြည်သူများနှင့် အများပြည်သူအုပ်ချုပ်ရေးအကြား တရားစွဲဆိုမှုများအတွက် အုပ်ချုပ်ရေးဆိုင်ရာ တရားရုံးများဟူ၍ နှစ်မျိုးရှိသည်။ ရာဇဝတ်မှုများနှင့် တရားမမှုများဆိုင်ရာ တရားရုံးများတွင် ဒေသန္တရတရားရုံးများ (Regional Court)၊ ဒေသန္တရအယူခံတရားရုံးများ (Regional Appellate Court) နှင့် တရားလွှတ်တော်ချုပ် (Supreme Court)တို့ ပါဝင်သည်။ အုပ်ချုပ်ရေးဆိုင်ရာတရားရုံးများတွင် အုပ်ချုပ်ရေးဆိုင်ရာတရားရုံးများ၊ အုပ်ချုပ်ရေးဆိုင်ရာ တရားလွှတ်တော်ချုပ် (Supreme Administration Court) တို့ ပါဝင်သည်။ ထို့အပြင် အုပ်ချုပ်မှုအလိုက် အထူးတရားရုံးအနည်းငယ်လည်းရှိပြီး အဆင့်မြင့်အစိုးရအရာရှိကြီးများအား ရာဇဝတ်ကြောင်းအရ တရားစွဲဆိုသော အမှုများအတွက် စွပ်စွဲပြစ်တင်မှုများဆိုင်ရာဗဟိုတရားရုံး (High Court of Impeachment ) လည်းရှိသည်။

**ရွေးကောက်ပွဲစနစ်နှင့်**
**ရွေးကောက်ပွဲအမျိုးအစားများ**

ဖင်လန်နိုင်ငံတွင် ရွေးကောက်ပွဲအမျိုးအစားလေးမျိုးရှိသည်။ အသက် ၁၈ နှစ်ပြည့်ပြီးသည့် ဖင်လန်နိုင်ငံသားများသည် လွှတ်တော်ရွေးကောက်ပွဲ၊ သမ္မတရွေးကောက်ပွဲ၊ ဥရောပသမဂ္ဂ ရွေးကောက်ပွဲနှင့် မြူနီစီပယ်နှင့် မြို့တော်ကောင်စီရွေးကောက်ပွဲများတွင် မဲပေးခွင့်ရှိသည်။

သမ္မတရွေးကောက်ပွဲများအား မဲအများဆုံးရသူအနိုင်ယူစနစ်ဖြင့် ခြောက်နှစ်လျှင် တစ်ကြိမ်လည်းကောင်း၊ လွှတ်တော်ရွေးကောက်ပွဲများအား အချိုးကျကိုယ်စားပြုစနစ်ဖြင့် လေးနှစ်လျှင် တစ်ကြိမ်လည်းကောင်း၊ ဥရောပသမဂ္ဂ ရွေးကောက်ပွဲများအား ငါးနှစ်လျှင် တစ်ကြိမ်လည်းကောင်း၊ မြူနီစီပယ်ရွေးကောက်ပွဲများအား လေးနှစ်လျှင် တစ်ကြိမ်လည်းကောင်း ကျင်းပသည်။ ဖင်လန်နိုင်ငံသည် ဥရောပလွှတ်တော်တွင် ကိုယ်စားလှယ်နေရာ ၁၄ နေရာ ရရှိသည်။ မြူနီစီပယ်များအောက်ရှိ ကောင်တီများအတွက် ကောင်တီကောင်စီ (County Council) များအား ခန့်အပ်ရန် ကောင်တီရွေးကောက်ပွဲများကို ၂၀၂၂ ခုနှစ်မှ စတင်ကျင်းပမည်ဖြစ်သည်။


ဖင်လန်နိုင်ငံတွင် ဝန်ကြီးချုပ်အား လွှတ်တော်ရွေးကောက်ပွဲရလဒ်များအပေါ် အခြေခံ၍ သမ္မတက ခန့်အပ်ပြီး အများအားဖြင့် အကြီးဆုံးပါတီ၏ဥက္ကဋ္ဌအား ဝန်ကြီးချုပ်အဖြစ် ခန့်အပ်လေ့ရှိသည်။ ဖင်လန်နိုင်ငံ ရွေးကောက်ပွဲစနစ်အရ ဝန်ကြီးချုပ်သည် လွှတ်တော်သက်တမ်း လေးနှစ်တာအတွင်း လွှတ်တော်ကို ဖျက်သိမ်းပြီး ရွေးကောက်ပွဲများ ကျင်းပရန် သမ္မတအား တောင်းဆိုခွင့်ရှိသည်။ ဖင်လန်နိုင်ငံတွင် အချိုးကျကိုယ်စားပြုစနစ် (PR) ကို ကျင့်သုံးခြင်းဖြင့် နိုင်ငံရေးပါတီများ ပိုမိုပါဝင်လာစေပြီး ပါတီများ စုပေါင်းကာ ညွန့်ပေါင်းအစိုးရဖွဲ့မှုကို ဖြစ်ပေါ်စေသည်။ D’Hondt စနစ်သည် နားလည်အသုံးပြုရန် လွယ်ကူသော်လည်း ပါတီကြီးအချို့အား အသာရစေသည်။ ဥပမာအားဖြင့် ၂၀၁၇ ခုနှစ်က ကျင်းပခဲ့သော လွှတ်တော်ရွေးကောက်ပွဲ၌ တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းများအပါအဝင် နိုင်ငံရေးပါတီ ၁၈ ခုမှ ကိုယ်စားလှယ်လောင်း ၂၀၀၀ ခန့်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး နိုင်ငံရေးပါတီ ရှစ်ခုမှ ကိုယ်စားလှယ်လောင်းများသာ ရွေးချယ်ခံခဲ့ရသည်။

ဖင်လန်နိုင်ငံရှိ Aland စီရင်စုတွင် နိုင်ငံ၏ လူဦးရေ ၀ ဒသမ ၅ ရာခိုင်နှုန်းရှိပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖြစ်ကာ Aland ဒေသလွှတ်တော်ရွေးကောက်ပွဲများအား သီးခြားကျင်းပသည်။ Aland စီရင်စုတွင်ရှိသော နိုင်ငံရေးပါတီများမှာ ဖင်လန်နိုင်ငံ ပြည်မကြီးတွင်ရှိသည့် နိုင်ငံရေးပါတီများနှင့် မတူညီပေ။ Aland ဒေသ လွှတ်တော်ရွေးကောက်ပွဲများတွင်လည်း အချိုးကျကိုယ်စားပြုစနစ်ကို အသုံးပြုသည့်အတွက် ညွန့်ပေါင်းအစိုးရအဖွဲ့များ ဖွဲ့စည်းအုပ်ချုပ်သည်။ Aland စီရင်စုဆိုင်ရာ ဝန်ကြီးချုပ်အား လွှတ်တော်ရွေးကောက်ပွဲရလဒ်များအပေါ် အခြေခံကာ လွှတ်တော်ဥက္ကဋ္ဌက ခန့်အပ်ပြီး အများအားဖြင့် အကြီးဆုံးပါတီ၏ ဥက္ကဋ္ဌအား ဝန်ကြီးချုပ်အဖြစ် ခန့်အပ်လေ့ရှိသည်။

မြူနီစီပယ်ရွေးကောက်ပွဲများကို မြို့များနှင့် အခြား(ကျေးလက်ဒေသ) မြူနီစီပယ်များအတွက် ကျင်းပပြီး ဖင်လန်နိုင်ငံ၏ အခြေခံအကျဆုံး အုပ်ချုပ်မှုအဆင့်ဖြစ်သည်။ မြူနီစီပယ်များတွင် ကောင်စီမန်နေဂျာဦးဆောင်သော အစိုးရအဖွဲ့ရှိပြီး ယင်းကောင်စီအား ရွေးချယ်ရန် ရွေးကောက်ပွဲများကို လေးနှစ်လျှင် တစ်ကြိမ်ကျင်းပသည်။

ဖင်လန်နိုင်ငံသည် ၁၉၉၅ ခုနှစ်တွင် ဥရောပသမဂ္ဂအဖွဲ့ဝင်ဖြစ်လာခဲ့ပြီးနောက် ဥရောပသမဂ္ဂ ရွေးကောက်ပွဲများကို ၁၉၉၆ ခုနှစ်မှ စတင်ကျင်းပခဲ့သည်။

စီရင်စုရွေးကောက်ပွဲများကို ယခင်က ကျင်းပခဲ့ခြင်းမရှိဘဲ ၂၀၂၂ ခုနှစ်၌ စတင်ကျင်းပမည်ဖြစ်သည်။ လူထုဆန္ဒခံယူပွဲများအား ကျင်းပရန် လွှတ်တော်က အဆိုပြုဆောင်ရွက်နိုင်ပြီး ၂၀၁၃ ခုနှစ်အထိ ဖင်လန်နိုင်ငံတွင် လူထုဆန္ဒခံယူပွဲ နှစ်ကြိမ်သာရှိခဲ့ကာ စာမျက်နှာ ၁၇ သို့




ဖင်လန်နိုင်ငံ၏ မဲဆန္ဒနယ်မြေအလိုက် ကိုယ်စားလှယ်ရရှိမှုများ (၂၀၁၉ ခုနှစ်)

*စာမျက်နှာ ၁၆ မှ*

၁၉၃၁ ခုနှစ်နှင့် ၁၉၉၄ ခုနှစ်များတွင် ကျင်းပခဲ့ခြင်းဖြစ်သည်။ ဥပဒေတစ်ရပ်ပြဋ္ဌာန်းရန် သို့မဟုတ် လူထုဆန္ဒခံယူပွဲကျင်းပရန် ဖင်လန်နိုင်ငံသား ၅၀၀၀၀ က လက်မှတ်ရေးထိုး တောင်းဆိုပါက လွှတ်တော်တွင် ဆွေးနွေးရသော်လည်း လွှတ်တော်အနေဖြင့် အဆိုပြုတောင်းဆိုလာသော လူထုဆန္ဒခံယူပွဲအားလုံးကို ကျင်းပပေးရန် တာဝန်မရှိပါ။

**လွှတ်တော်ရွေးကောက်ပွဲများ**

ဖင်လန်လွှတ်တော်တွင် ကိုယ်စားလှယ်နေရာ ၂၀၀ ရှိပြီး ရွေးကောက်ပွဲများအား လေးနှစ်လျှင် တစ်ကြိမ် အချိုးကျကိုယ်စားပြုစနစ်ဖြင့် ရွေးချယ်သည်။ ရွေးကောက်ပွဲနေ့မှာ ဧပြီလ၏ တတိယမြောက် တနင်္ဂနွေနေ့ဖြစ်သည်။ ဝန်ကြီးချုပ်၏အဆိုပြုမှုဖြင့် သမ္မတက လွှတ်တော်ကို ဖျက်သိမ်းခွင့်ရှိသည်။ လွှတ်တော်အတွင်း ဆွေးနွေးအတည်ပြုပြီးနောက် လွှတ်တော်ဖျက်သိမ်းရန် အမိန့်ကြေညာချက်ထုတ်ပြန်ပြီး ၅၀ ရက်မှ ၇၀ ရက်အတွင်းရှိ ပထမဦးဆုံးသော တနင်္ဂနွေနေ့တွင် ရွေးကောက်ပွဲကျင်းပရသည်။ ဖင်လန်နိုင်ငံ လွတ်လပ်ရေးရရှိချိန်မှ စတင်ပြီး လွှတ်တော်အား ဖျက်သိမ်းမှု ရှစ်ကြိမ်ရှိခဲ့ကာ ၁၉၇၅ ခုနှစ်တွင် ဖျက်သိမ်းခဲ့ပြီးနောက် လွှတ်တော်အား ဆောလျင်စွာ ဖျက်သိမ်းမှု မရှိသေးပါ။ ရွေးကောက်တင်မြှောက်ခံရန်အတွက် ကိုယ်စားလှယ်လောင်း တစ်ဦးချင်းအနေဖြင့် အနည်းဆုံးရရှိရမည့် ဆန္ဒမဲအရေအတွက် (Threshold) သတ်မှတ်ထားရှိခြင်း မရှိပါ။

**မဲဆန္ဒနယ်များ**

ဖင်လန်နိုင်ငံတွင် မဲဆန္ဒနယ် သို့မဟုတ် ရွေးကောက်ပွဲခရိုင် ၁၃ နယ်ရှိပြီး မဲဆန္ဒနယ်တစ်ခုလျှင် လူဦးရေအပေါ်မူတည်ပြီး လွှတ်တော်ကိုယ်စားလှယ် ခြောက်ဦးမှ ၃၅ ဦးအထိ ရွေးချယ်ခွင့်ရှိသည်။ ရွေးကောက်ပွဲနေ့မတိုင်မီ ခြောက်လအလိုတွင် သက်ဆိုင်ရာ မဲဆန္ဒနယ်များအတွင်း နေထိုင်လျက်ရှိသည့် လူဦးရေအပေါ် အခြေခံတွက်ချက်ခြင်းဖြစ်သည်။ ခြွင်းချက်အနေဖြင့် Aland စီရင်စုအတွက်မူ လွှတ်တော်ကိုယ်စားလှယ် တစ်ဦးကို အစဉ်အမြဲ ရွေးချယ်သည်။ ရွေးကောက်ပွဲနေ့မတိုင်မီ လူဦးရေအချက်အလက်စနစ် (Population Information System) မှ အချက်အလက်များကို ကောက်နုတ်တွက်ချက်ပြီး မဲဆန္ဒနယ်များအလိုက် ရရှိသည့် လွှတ်တော်ကိုယ်စားလှယ်အရေအတွက်ကို အစိုးရက ထုတ်ပြန်ကြေညာသည်။ ဥပမာအားဖြင့် ၂၀၁၉ ခုနှစ် လွှတ်တော်ရွေးကောက်ပွဲတွင် မဲဆန္ဒနယ်အလိုက် ကိုယ်စားလှယ်ရရှိမှုမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| | မဲဆန္ဒနယ်အမည် | နေရာအရေအတွက် |
|---|---|---|
| ၁။ | Helsinki | ၂၂ |
| ၂။ | Uusimaa | ၃၆ |
| ၃။ | Finland Proper | ၁၇ |
| ၄။ | SataKunta | ၈ |
| ၅။ | Aland | ၁ |
| ၆။ | Tavastia | ၁၄ |
| ၇။ | Pirkanmaa | ၁၉ |
| ၈။ | South-East Finland | ၁၇ |
| ၉။ | Savonia-Karelia | ၁၅ |
| ၁၀။ | Vaasa | ၁၆ |
| ၁၁။ | Central Finland | ၁၀ |
| ၁၂။ | Oulu | ၁၈ |
| ၁၃။ | Lapland | ၇ |

**မဲပေးခွင့်နှင့် ဝင်ရောက်ယှဉ်ပြိုင်ခွင့်**

ရွေးကောက်ပွဲနေ့တွင် အသက် ၁၈ နှစ်ပြည့်ပြီးသည့် ဖင်လန်နိုင်ငံသားတိုင်း မဲပေးခွင့်ရှိပြီး နေထိုင်မှုနေရာ (Residence) အား ထည့်သွင်းစဉ်းစားမှုမပြုပါ။ မဲပေးခွင့် မရှိသူများသည် ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်မရှိပါ။ တပ်မတော်သားများလည်း လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခွင့်မရှိပါ။ ထို့အပြင် တရားသူကြီးချုပ်၊ တရားလွှတ်တော်ချုပ် တရားသူကြီးများကဲ့သို့သော အဆင့်မြင့်အစိုးရအရာရှိများသည် ၎င်းတို့၏ လက်ရှိရာထူးများမှ နုတ်ထွက်ခြင်းမပြုဘဲ လွှတ်တော်ကိုယ်စားလှယ်ဖြစ်ခွင့်မရှိပါ။

**ကိုယ်စားလှယ်လောင်း**
**အမည်စာရင်းတင်သွင်းခြင်း**

လွှတ်တော်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် ကိုယ်စားလှယ်လောင်းအမည်စာရင်းများကို ဥပဒေရေးရာဝန်ကြီးဌာန (Ministry of Justice) တွင် မှတ်ပုံတင်ထားသော နိုင်ငံရေးပါတီများနှင့် မဲပေးခွင့်ရှိသော မဲဆန္ဒရှင်များက တည်ထောင်ဖွဲ့စည်းထားသည့် မဲဆန္ဒနယ်အသင်းအဖွဲ့များက တင်သွင်းခွင့်ရှိသည်။ နိုင်ငံရေးပါတီများနှင့် မဲဆန္ဒနယ်အသင်းအဖွဲ့များသည် ကိုယ်စားလှယ်လောင်းအမည်စာရင်းများအား ရွေးကောက်ပွဲနေ့မတိုင်မီ ၄၀ ရက်မြောက်နေ့ ညနေ ၄ နာရီထက်နောက်မကျဘဲ သက်ဆိုင်ရာ မဲဆန္ဒနယ်ရှိ ရွေးကောက်ပွဲကော်မတီများထံ တင်သွင်းရသည်။ နိုင်ငံရေးပါတီမဟာမိတ်အဖွဲ့များ၏ ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းမှုနှင့် မဲဆန္ဒနယ်အသင်းအဖွဲ့များ၏ ပူးပေါင်းအမည်စာရင်းများတင်သွင်းရန် သတ်မှတ်ရက်မှာလည်း အတူတူပင်ဖြစ်သည်။ ရွေးကောက်ပွဲကော်မတီများသည် ကိုယ်စားလှယ်လောင်း အမည်စာရင်းများကို ရွေးကောက်ပွဲနေ့မတိုင်မီ ၃၁ ရက်နေ့တွင် အတည်ပြုရသည်။ ကိုယ်စားလှယ်လောင်း အမည်စာရင်းများကို မဲရုံများတွင် ကပ်ထားကြေညာပါသည်။

**ဖင်လန်နိုင်ငံတွင် အထူးကြိုတင်မဲရုံများအား ဆေးရုံများ၊ အကျဉ်းထောင်များနှင့် အခြားသတ်မှတ်ထားသည့် အဖွဲ့အစည်းနေရာများတွင် ဖွင့်လှစ်သည်။ ဆေးကုသမှုခံယူနေသူ သို့မဟုတ် အကျဉ်းကျနေသူ သို့မဟုတ် သက်ဆိုင်ရာအဖွဲ့ အစည်းနေရာများနှင့် သက်ဆိုင်သူများသာ ယင်းမဲရုံများတွင် ကြိုတင်မဲပေးခွင့်ရှိသည်။ ကြိုတင်မဲပေးရုံများသို့ သွားရောက်မဲမပေးနိုင်သူများ သို့မဟုတ် ရွေးကောက်ပွဲနေ့တွင် မဲရုံသို့ သွားရောက်မဲမပေးနိုင်သူများအတွက် အိမ်၌ အထူးကြိုတင်မဲပေးခွင့် ပြုထားသည်**

နိုင်ငံရေးပါတီ တစ်ပါတီလျှင် မဲဆန္ဒနယ်တစ်နယ်စီ၌ ကိုယ်စားလှယ်လောင်းအများဆုံး ၁၄ ဦး အမည်စာရင်း တင်သွင်းခွင့်ရှိပြီး အကယ်၍ မဲဆန္ဒနယ်တစ်နယ်တွင် လွှတ်တော်ကိုယ်စားလှယ်နေရာ ၁၄ နေရာထက်ပိုမို၍ ရွေးချယ်ခံရပါက ယင်းအရေအတွက်အတိုင်း ရွေးကောက်တင်မြှောက်ခံရမည်ဖြစ်သည်။ နိုင်ငံရေးပါတီများ စုစည်းပြီး ရွေးကောက်ပွဲဆိုင်ရာ မဟာမိတ်များအဖြစ် ဖွဲ့စည်းနိုင်သော်လည်း အဆိုပါ မဟာမိတ်အဖွဲ့တစ်ဖွဲ့စီအနေဖြင့် လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းသည့် အရေအတွက်မှာ ပါတီတစ်ခုချင်းစီက တင်သွင်းသည့် ကိုယ်စားလှယ်လောင်းအရေအတွက်ထက် မပိုရပါ။

မဲဆန္ဒနယ်အသင်းအဖွဲ့တစ်ဖွဲ့အား သက်ဆိုင်ရာ မဲဆန္ဒနယ်အတွင်း မဲပေးခွင့်ရှိသည့် မဲဆန္ဒရှင်အနည်းဆုံး ၁၀၀ ဦးက တည်ထောင်ဖွဲ့စည်းနိုင်ပြီး မဲဆန္ဒနယ်အသင်းအဖွဲ့ တစ်ဖွဲ့လျှင် ကိုယ်စားလှယ်လောင်း တစ်ဦးစီ အမည်စာရင်းတင်သွင်းနိုင်သကဲ့သို့ မဲဆန္ဒနယ်အသင်းအဖွဲ့များ ပေါင်းစပ်ပြီး ကိုယ်စားလှယ်လောင်းအများဆုံး ၁၄ ဦး အမည်စာရင်းအား ပူးပေါင်းအမည်စာရင်း (Joint List) အဖြစ် တင်သွင်းနိုင်သည်။ အကယ်၍ မဲဆန္ဒနယ်တစ်နယ်တွင် လွှတ်တော်ကိုယ်စားလှယ်နေရာ ၁၄ နေရာထက် ပိုမို၍ ရွေးချယ်ခံရပါက ယင်းအရေအတွက်အတိုင်း ရွေးကောက်တင်မြှောက် ခံရမည်ဖြစ်သည်။

**မဲဆွယ်စည်းရုံးခြင်း**

ဥပဒေ၌ မဲဆွယ်စည်းရုံးရေးကာလအား တရားဝင်သီးသန့် သတ်မှတ်ထားခြင်းမရှိဘဲ ရွေးကောက်ပွဲနေ့အထိ မဲဆွယ်စည်းရုံးနိုင်သည်။ ရွေးကောက်ပွဲနေ့တွင်မူ မဲရုံအနီးဝန်းကျင်၌ မဲဆွယ်စည်းရုံးခွင့်မပြုပါ။ ဥပဒေအရ နိုင်ငံရေးပါတီ သို့မဟုတ် မဲဆန္ဒနယ်အသင်းအဖွဲ့များသည် ၎င်းတို့၏ ရွေးကောက်ပွဲမဲဆွယ်စည်းရုံးရေးအသုံးစရိတ်ဆိုင်ရာ အစီရင်ခံစာအား အမျိုးသားစာရင်းစစ်ရုံး (National Audit Office - NAO) သို့ တင်သွင်းရသည်။

**မဲဆန္ဒရှင်စာရင်းပြုစုခြင်း**

ရွေးကောက်ပွဲနေ့မတိုင်မီ ၄၆ ရက်မြောက်နေ့တွင် ကွန်ပျူတာစနစ်သုံး မဲဆန္ဒရှင်စာရင်းကို လူဦးရေစာရင်းပြုစုရေးအေဂျင်စီ (Digital and Population Data Services Agency) က ပြုစုရသည်။ ရွေးကောက်ပွဲနေ့မတိုင်မီ ၅၁ ရက်အလိုတွင် လူဦးရေအချက်အလက်စနစ် (Population Information System) ၌ရှိသော အမည်၊ သက်သေခံကုဒ်အမှတ်၊ မဲဆန္ဒနယ်၊ နေထိုင်ရာ မြူနီစီပယ်၊ မဲရုံအမည် စသည့်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၏ အချက်အလက်များအား မဲဆန္ဒရှင် စာရင်းအဖြစ် ပြောင်းလဲပြုစုခြင်းဖြစ်သည်။ မဲဆန္ဒရှင် စာရင်းကို ရွေးကောက်ပွဲနေ့ မတိုင်မီ ၄၁ ရက်အလိုတွင် လူဦးရေစာရင်းပြုစုရေးအေဂျင်စီက အများပြည်သူ သိရှိရန် ကပ်ထားကြေညာသည်။ ရွေးကောက်ပွဲနေ့မတိုင်မီ ၂၄ ရက်ထက် နောက်မကျဘဲ မဲပေးကတ်များအား မဲဆန္ဒရှင်များထံ ပေးပို့သည်။ အဆိုပါကတ်တွင် ရွေးကောက်ပွဲနေ့၊ ကြိုတင်မဲပေးရမည့်ကာလ၊ သက်ဆိုင်ရာမဲဆန္ဒနယ်အတွင်းရှိ ကြိုတင်မဲပေး ရမည့် မဲရုံနေရာများ၊ ရွေးကောက်ပွဲနေ့တွင် မဲပေးရမည့် မဲရုံလိပ်စာ၊ ရွေးကောက်ပွဲအာဏာပိုင်များ ထံ ဆက်သွယ်ရမည့် လိပ်စာအချက်အလက်များ ပါဝင်သည်။ မဲစာရင်းများကို မဲရုံများတွင်လည်း ကပ်ထားသည်။

မဲဆန္ဒရှင်စာရင်းတွင် အမည်မပါရှိသူများသည် မဲပေးခွင့်ရှိသူများဖြစ်ပါက ရွေးကောက်ပွဲနေ့ မတိုင်မီ ၁၆ ရက်ထက် နောက်မကျဘဲ လူဦးရေစာရင်းပြုစုရေးအေဂျင်စီထံ လျှောက်ထားနိုင်သည်။ လူဦးရေစာရင်းပြုစုရေး အေဂျင်စီက ရွေးကောက်ပွဲနေ့မတိုင်မီ ၁၃ ရက်ထက် နောက်မကျဘဲ ဆုံးဖြတ်ချက်ချမှတ်ရပြီး အဆိုပါဆုံးဖြတ်ချက်အား လက်ခံနိုင်ခြင်း မရှိသူများသည် ဒေသန္တရအုပ်ချုပ်ရေးတရားရုံးများထံ ဆုံးဖြတ်ချက်ထုတ်ပြန်အပြီး ခုနစ်ရက်အတွင်း အယူခံလွှာတင်သွင်းနိုင်သည်။ ဒေသန္တရအုပ်ချုပ်ရေး တရားရုံးများ၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

မဲဆန္ဒရှင်စာရင်းသည် ရွေးကောက်ပွဲနေ့မတိုင်မီ ၁၂ ရက်တွင် အတည်ဖြစ်ပြီး ယင်းနေ့နောက်ပိုင်းတွင် မဲဆန္ဒရှင်စာရင်းအား ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်ခြင်းကို ဆောင်ရွက်ခွင့် မရှိပါ။ ခြွင်းချက်အနေဖြင့် ဒေသန္တရအုပ်ချုပ်ရေးတရားရုံး သို့မဟုတ် အုပ်ချုပ်ရေးဆိုင်ရာ တရားလွှတ်တော်ချုပ်ထံ တင်သွင်းသည့် အယူခံအမှုများအနက် ယင်းနေ့ကျော်လွန်ပြီးနောက်ပိုင်း၌ မဲဆန္ဒရှင်စာရင်းတွင် ပါဝင်ခွင့်ရှိသည်ဟု ဆုံးဖြတ်ချက်ချမှတ်ခံရသည့် မဲဆန္ဒရှင်အမည်စာရင်းကို ထပ်မံထည့်သွင်းနိုင်ပြီး အဆိုပါမဲဆန္ဒရှင်သည် တရားရုံး၏ ဆုံးဖြတ်ချက်ကို မဲရုံထံယူဆောင်လာရပြီး သက်ဆိုင်ရာ ရွေးကောက်ပွဲအာဏာပိုင်များထံ ပြသရသည်။

**မဲပေးခြင်း**

မဲပေးခွင့်ရှိသည့် မဲဆန္ဒရှင်များသည် ကြိုတင်မဲပေးရန် သတ်မှတ်ထားသည့် ကာလအတွင်း၌ ကြိုတင်မဲပေးခြင်း သို့မဟုတ် ရွေးကောက်ပွဲနေ့တွင် မဲပေးခြင်းကို ဆောင်ရွက်နိုင်ပြီး နိုင်ငံပြင်ပတွင် နေထိုင်သော မဲဆန္ဒရှင်များသည် စာတိုက်မှတစ်ဆင့် မဲပေးနိုင်သည်။

**ကြိုတင်မဲပေးခြင်း**

နိုင်ငံပြင်ပတွင် ကြိုတင်မဲပေးသည့် ကာလမှာ ရွေးကောက်ပွဲနေ့မတိုင်မီ ၁၁ ရက်မြောက်နေ့ (ဗုဒ္ဓဟူးနေ့) မှ ရွေးကောက်ပွဲနေ့မတိုင်မီ ၈ ရက်မြောက်နေ့ (စနေနေ့) အထိဖြစ်ပြီး ဖင်လန်နိုင်ငံအတွင်းတွင် ကြိုတင်မဲပေးသည့် ကာလမှာ ရွေးကောက်ပွဲနေ့မတိုင်မီ ၁၁ ရက်မြောက်နေ့ (ဗုဒ္ဓဟူးနေ့) မှ ရွေးကောက်ပွဲနေ့မတိုင်မီ ၅ ရက်မြောက်နေ့ (အင်္ဂါနေ့) အထိ ဖြစ်သည်။

နိုင်ငံတွင်းရှိ ပုံမှန်ကြိုတင်မဲပေးသည့် မဲရုံများမှာမြူနီစီပယ်ရုံးများနှင့် ဒေသန္တရအုပ်ချုပ်ရေး အာဏာပိုင်များက သတ်မှတ်ပေးထားသည့် အခြားနေရာများ၌ တည်ရှိပြီး နိုင်ငံပြင်ပ၌ သက်ဆိုင်ရာ ဖင်လန်သံရုံးများတွင် ဖွင့်လှစ်ခြင်းဖြစ်သည်။ ယေဘုယျအားဖြင့် မြူနီစီပယ်တစ်ခုလျှင် ကြိုတင်မဲရုံ အနည်းဆုံး တစ်ရုံရှိပြီး မဲဆန္ဒရှင်များသည် ၎င်းတို့နေထိုင်ရာ မြူနီစီပယ်အတွင်းရှိ ကြိုတင်မဲရုံ၌ မဲပေးခွင့်ရှိသည်။

ဖင်လန်နိုင်ငံတွင် အထူးကြိုတင်မဲရုံများအား ဆေးရုံများ၊ အကျဉ်းထောင်များနှင့် အခြားသတ်မှတ်ထားသည့် အဖွဲ့အစည်းနေရာများတွင် ဖွင့်လှစ်သည်။ ဆေးကုသမှုခံယူနေသူ သို့မဟုတ် အကျဉ်းကျနေသူ သို့မဟုတ် သက်ဆိုင်ရာအဖွဲ့ အစည်းနေရာများနှင့် သက်ဆိုင်သူများသာ ယင်းမဲရုံများတွင် ကြိုတင်မဲပေးခွင့်ရှိသည်။ ကြိုတင်မဲပေးရုံများသို့ သွားရောက်မဲမပေးနိုင်သူများ သို့မဟုတ် ရွေးကောက်ပွဲနေ့တွင် မဲရုံသို့ သွားရောက်မဲမပေးနိုင်သူများအတွက် အိမ်၌ အထူးကြိုတင်မဲပေးခွင့် ပြုထားသည်။ အဆိုပါပုဂ္ဂိုလ်အား တရားဝင်ကူညီစောင့်ရှောက်ပြီး တစ်အိမ်တည်း အတူနေသူသည်လည်း ယင်း"အိမ်၌အထူးကြိုတင်မဲ"အား ပေးခွင့်ရှိသည်။ ရွေးကောက်ပွဲအရာရှိက ၎င်းတို့၏ နေအိမ်သို့သွားရောက်ကာ ကြိုတင်မဲပေးစေပြီး မဲလက်မှတ်များ စုစည်းသည်။

ရွေးကောက်ပွဲကာလအတွင်း၌ ဖင်လန်သင်္ဘောများပေါ်တွင် တာဝန်ထမ်းဆောင်နေသူများလည်း သင်္ဘောပေါ်၌ ကြိုတင်မဲပေးခွင့်ရှိသည်။ သင်္ဘောပေါ်၌ ကြိုတင်မဲပေးခြင်းကို ရွေးကောက်ပွဲနေ့မတိုင်မီ ၁၈ ရက်ထက်နောက်မကျဘဲ စောနိုင်သမျှစောစောပြုလုပ်ရသည်။

**ကြိုတင်မဲပေးခြင်း လုပ်ငန်းစဉ်များ**

ကြိုတင်မဲပေးသူသည် မဲရုံသို့ရောက်သည့်အခါ သက်သေခံကတ်ပြားပြသရပြီး မဲဆန္ဒရှင်စာရင်းတွင် ပါဝင်သူဟုတ်/မဟုတ် ရွေးကောက်ပွဲအရာရှိက စိစစ်ပြီးသည့်အခါ ကြိုတင်မဲလက်မှတ်ကိုရရှိသည်။ မဲဆန္ဒရှင်များသည် မဲရုံအတွင်းရှိ ဆန္ဒပြုခန်း (Polling Booth) သို့ သွားရောက်ကာ မိမိဆန္ဒပြုလိုသော ကိုယ်စားလှယ်လောင်း၏ နံပါတ်အား မဲလက်မှတ်ပေါ်တွင် ရေးသားရသည်။ ကြိုတင်မဲပေးသူသည် ၎င်းနှင့်သက်ဆိုင်သည့် မဲဆန္ဒနယ်အတွင်းရှိ ကိုယ်စားလှယ်လောင်း တစ်ဦးကိုသာ ကြိုတင်ဆန္ဒမဲပေးခွင့်ရှိသည်။ *(ဆက်လက်ဖော်ပြပါမည်)*

# တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ ၊ ဆေး၊ အလှူငွေများပေးအပ်လှူဒါန်း

**နေပြည်တော် ဇန်နဝါရီ ၁**

တပ်မတော်(ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင်အလှူရှင်များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် တောတိုက်ရပ်ကွက်ရှိ တောတိုက်ဓမ္မရိပ်သာကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ လိပ်ဥကုန်း(စံပြ)ကျောင်းတိုက်၊ ရခိုင်ပြည်နယ် အမ်းမြို့နယ် စပ်စီကျေးရွာ ဘုန်းတော်ကြီးကျောင်း၊ ဘူးသီးတောင်မြို့နယ် အောင်မင်္ဂလာဘုန်းတော်ကြီးကျောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့ ပေါမိုင်းရပ်ကွက်ရှိ ထေရဝါဒဗုဒ္ဓသာသနာပြု(ဗဟို)ကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာဇံမြို့နယ် တိပိဋကရွှေဟင်္သာကျောင်းတိုက်တို့ရှိ ဆရာတော်၊ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ နဝကမ္မအလှူငွေများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများ၊ နေ့ဆွမ်းများနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန တောင်သူများအား သင်တန်းပို့ချ

**အင်းတော် ဇန်နဝါရီ ၁**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ တောင်သူများအား စိုက်ပျိုးရေးသင်တန်းပေးအပ်ပွဲကို ဒီဇင်ဘာ ၂၉ ရက်က မြို့နယ်စိုက်ပျိုးရေးရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။



အခမ်းအနားတွင် အင်းတော်မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးသိန်းခိုင်က သင်တန်းပေးအပ်ရခြင်း ရည်ရွယ်ချက်များ ပြောကြားပြီး ဒုဦးစီးမှူးနှင့် လ/ထဦးစီးမှူးတို့က စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ စိုက်နည်းစနစ်စိုက်ပျိုးကြရန်နှင့် သဘာဝမြေသြဇာသုံးစွဲရန်၊ ပိုးမွှားရောဂါကြိုတင်ကာကွယ်ရန် စသည့်နည်းပညာပေးသင်တန်းများ ပို့ချဆွေးနွေးသည်။

အခမ်းအနားသို့ အင်းတော်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းနိုင်အောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စိုက်ပညာရှင်ဝန်ထမ်းများ၊ တောင်သူများ စုစုပေါင်း ၄၇ ဦး တက်ရောက်ကြောင်း သိရသည်။

လူအောင်(ကသာ)

## ကာတွန်းဆရာကြီး ဦးဘဂျမ်း၏ ခေတ်အမြင် ကာတွန်း




## စဉ်အလာ အမျိုးသားရေးရယ်နဲ့

❆ စစ်သုံးကြိမ်ဆင်နွှဲလို့
နယ်ချဲ့တို့အားသာချိန်၊
မြန်တိုင်းပြည်မြန်လူမျိုး
တန်ခိုးမှိန်မှိန်။
ထီးနန်းဂုဏ်ဒြပ်ရယ်နဲ့
လွတ်လပ်ရေးအလှအိမ်
ချိုးနှိမ်လို့ ဖျက်ချေနင်း၊
ဘီလူးသွင်နယ်ချဲ့ယုတ်
စိတ်နုပ်ပုံခင်း။

❆ သယံဇာတ ပေါပြည့်ဝ
မြန်မာ့မြေသိမ်းပိုက်ဆောင်၊
ရသမျှ အမြတ်ထုတ်
သွေးစုပ်ဖုတ်ကောင်။
မြင်သမျှ တွေ့မရှောင်
ကုန်အောင်ပင် ယူဖို့တွေး၊
မြန်မာမျိုးမှိန်တန်ခိုးရယ်ကြောင့်
ကြမ္မာဆိုး ချားရဟတ်ရယ်က
ကျွန်ဇာတ်ပုံရေး။

❆ မျိုးချစ်စိတ်နှလုံးသားရယ်နဲ့
မြန်ပြည်ဖွားသွေးချင်းမှန်၊
ညီညွတ်ရေးသွေးပေါင်းစု
သူ့ကျွန်မခံ။
သွေးနီးလို့ တွန်းတော်လှန်
နယ်ချဲ့ရန်အောင်ခဲ့သား၊
သွေးချွေးသက်အရင်းတည်
ရခဲ့ပြီ လွတ်လပ်ရေး
ရဲသွေးဝင့်ကြွား။

❆ လွတ်လပ်ရေး တန်ဖိုးထား
ဘိုးဘွားတို့ မွေအနှစ်ပင်၊
သွေးပြစေချင်။
ဉာဏ်စိတ်ရယ်ယှဉ်
ပညာသင်ကြိုးကြံကျင့်။
တိုးတက်စေ
ဖြိုးကျက်သရေကျော်မဆုံးအောင်ပ
ပျော်တစ်ပြုံးကြည်သာသာနဲ့
ပြည်မြန်မာခုအခါမှာဖြင့်
စဉ်အလာ အမျိုးသားရေးရယ်နဲ့
(အလိုကွယ်)နိုးကြားတေးဖွင့်။ ။

**ဖိုးယုန်(မကွေး)**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂-၁-၂၀၂၂ တနင်္ဂနွေနေ့

**MRTV HD**

**၀၆း၀၀** မေတ္တာသုတ်၊ ရတနသုတ်၊ ဓာဗျဂ်သုတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၆း၁၅** နှစ်သစ်ကူးတရားအလှူတော်မင်္ဂလာဘင် 'သဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဘိဝံသ (ဝန်းဖော်ဆရာတော်)၏တရားတော်'
**၀၉း၂၀** အသိပညာနှင့်အမှန်တရား 'မြတန်သာ'
**၀၉း၃၀** 'တူယှဉ်ခြွဲပျော်ဂီတပွဲတော်' သီချင်းဆိုပြိုင်ပွဲ (ပွဲစဉ်-၆)
**၁၂း၃၀** This Week's Special Interest
**၁၃း၂၀** MRTV National News
**၁၃း၄၅** လွတ်လပ်ရေးနေ့ဝင်ကဗျာပြုရုပ်ရှင် 'မြန်မာ့ငပ်ကွန်း' (ဆန်နီနေဝင်းထွန်း၊ ကျော်ကျော်ပိုင်မှူး၊ သင်းသင်းယုလှိုင်၊ ပေမာန်အောင်အောင်)
**၁၆း၄၅** ကော့ဂွန်းဂူ
**၁၇း၂၅** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုခရီးစဉ်လတာ (၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ)(အပိုင်း-၂)
**၁၈း၀၀** ပြည်တွင်းသတင်း
**၁၈း၃၀** သုတဝေဖြာသီရိဂေဟာ
**၁၉း၂၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'အမှန်တရားရဲ့လျှို့ဝှက်ချက်' (အပိုင်း-၅၁)
**၂၀း၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
**၂၀း၅၀** လွတ်လပ်ရေးနေ့ဝင်ကဗျာပြုအစီအစဉ် 'မြန်မာ့လွတ်လပ်ရေးသမိုင်းနှင့် ငပ်ကွန်းကျောက်တိုင်'
**၂၁း၀၅** မြန်မာ့ရွှေဝင်ရုပ်ရှင် 'အသက်ကိုနှင်း၍' (တွံတေးသိန်းတန်၊ စိုးနိုင်၊ ခင်သန်းနု)

သောကြာနေ့ ညတိုင်းတွင် တေးဂီတပျော်ပွဲ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပေးလျက်ရှိပါသည်

MRTV online www.mrtv.gov.mm
t.me/mrtvnews
twitter.com/mrtvwebportal
SCAN ME

**mitv**

**07:01** Dhamma Set Taw (Sein Lei Lei)
**07:08** Innovative Handiworks Based On The Art Of Line Drawing
**07:27** A Traditional Food in Bagan: Pone Ye Gyi
**07:40** Karunar Kabar Home for the Aged (Nay Pyi Taw)
**08:01** Atuladhipati Mahamunisacca Koe Htat Kyee Pagoda
**08:17** Today Myanmar: The Handicraft Businesses in Myinkaba Village
**08:26** Myanmar's Bamboo Hat
**08:39** "Myanmar's Traditions and Culture" The Golden Land
**09:26** Global Partnership for Brighter Future: Mongolia Pavilion at Expo 2020 Dubai
**09:32** Discovering Tribes- Bwe
**10:04** Weekly Review
**10:20** Buddha - Dhita (Buddhist Nuns)

**MRTV NRC**

**ပကောကရင် (၀၆း၀၀ မှ ၀၇း၀၀)**
စာပေစကားပြောကြရအောင်(အပိုင်း-၁)

**အနောက်ပိုးကရင် (၀၇း၀၀ မှ ၀၈း၀၀)**
နှစ်သစ်ဦးရဲ့ကောက်သစ်ထမင်းဝိုင်း

**အရှေ့ပိုးကရင် (၀၈း၀၀ မှ ၀၉း၀၀)**
နလုံးသားလေးဒုံးယိမ်းအက(ဇာတ်လမ်း)

**ချင်း (လိုင်ဇိုး) (၀၉း၀၀ မှ ၁၀း၀၀)**
ဇီးဖြူသီးနှင့်ကျန်းမာရေး

**ချင်း (ချိုး) (၁၀း၀၀ မှ ၁၁း၀၀)**
တောင်ယာခင်းသို့အလည်တစ်ခေါက်

**မွန် (၁၁း၀၀ မှ ၁၃း၀၀)**
ကြက်ဟင်းခါးသီးအစွမ်း

**ရခိုင် (၁၃း၀၀ မှ ၁၅း၀၀)**
ပင်မြင့်သဇင်ပန်းတော်ဝင်

**ရှမ်း (၁၅း၀၀ မှ ၁၇း၀၀)**
ဘီးမုန့်ပြုလုပ်နည်း

**ဝ (၁၇း၀၀ မှ ၁၉း၀၀)**
မတူညီသောပုံရိပ်များ(အပိုင်း-၁)

**ကချင် (၁၉း၀၀ မှ ၂၁း၀၀)**
ကချင်ဘာသာစကားပြောကြရအောင်(အပိုင်း-၂)

**ကယား (၂၁း၀၀ မှ ၂၃း၀၀)**
ကယားဒေသမှအင်ဥရှာထွက်မယ်

**MRTV PARLIAMENT**

**၀၉း၀၀** အဖွင့်၊ အလံ
**၁၀း၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက် သတင်းများ
**၁၀း၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း(အပိုင်း-၈)
**၁၁း၀၀** ပဒေရေးရာအပြာပြာဇာတ်လမ်းတို 'သိလျက်နှင့်ထိန်ချန်မှု'
**၁၁း၃၀** အတွေးအမြင် (အပိုင်း-၈)

**MRTV SPORTS**

**၀၆း၀၀** အဖွင့်
**၀၆း၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇း၀၀** Sports News
**၀၇း၃၀** Soccer View/ Weekly Sports Info
**၀၇း၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈း၀၀** ပြန်လည်ခံစား မြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀း၀၀** ပြည်တွင်းသတင်း

MRTV Farmers' Channel ကို နေ့စဉ်နံနက် (၆း၀၀) နာရီမှ ည (၁၀း၀၀) နာရီထိ၊ Education Channel ကို စနေ၊ တနင်္ဂနွေမှအပ နံနက် (၁၀း၀၀) နာရီမှ ည (၁၀း၀၀) နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

## ကိုဗစ်- ၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၁-၁-၂၀၂၂) ညနေ ၆ နာရီအချိန်အထိဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| Symptomatic | | | | |
| 1 | P.O Paracetamol 500 mg | 10X10's tablets/ Box | 1500 | AA Medical |
| 2 | P.O Dextromethophan | 10X10's | 1450 | AA Medical |
| 3 | P.O Bromhexine | 10X10's tablets/ Box | 1000 | Medi Myanmar |
| 4 | P.O Cetrizine | 10X10's / Box | 2200 | AA Medical |
| Supportive | | | | |
| 5 | P.O Multivitamin with/ without zinc | 3X10's / Box | 5600 | OLIVE |
| 6 | P.O Vitamin C | 10X10's / Box | 700 | Pai Brother |
| 7 | P.O – Pantocid | 10X10's / Box | 7000 | PL |
| 8 | P.O Omeprazole | 10X10's / Box | 1650 | Shwe Htay Min |
| 9 | Injection Pantocid | 1g/Vial | 1500 | Aorta |
| 10 | Injection Omeprazole | 1g/Vial | 1050 | Aorta |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org)နှင့် Facebook Page https://www.facebook.com/32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

သတင်းစဉ်

## ထူးခြားသည့် ညအပူချိန်များ

နေပြည်တော် ဇန်နဝါရီ ၁

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၀ ဒီဂရီစင်တီဂရိတ်၊ ဟဲဟိုးမြို့တွင် ၃ ဒီဂရီစင်တီဂရိတ်၊ ကျောက်မဲမြို့နှင့် ပြင်ဦးလွင်မြို့တို့တွင် ၄ ဒီဂရီစင်တီဂရိတ်စီနှင့် နမ့်စန်မြို့၊ တီးတိန်မြို့နှင့် မိုးကုတ်မြို့တို့တွင် ၅ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ လှိုင်ကော်မြို့တွင် ၀ ဒသမ ၀၈ လက်မနှင့် ကျိုင်းတုံမြို့တွင် ၀ ဒသမ ၀၄ လက်မတို့ ဖြစ်ကြသည်။

မိုး/ဇလ

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁ - ၁ - ၂၀၂၂

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၈၂၀၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၇၁၂၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၈၂၀၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၇၁၂၉၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၃၀၆/၁၃၄၅ ကျပ် | ၁၃၄၀/၁၃၇၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၃၁၅/၁၃၆၅ ကျပ် | ၁၃၆၀/၁၃၉၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၃၄၀/၁၃၆၀ ကျပ် | ၁၃၉၀/၁၄၁၅ ကျပ် |
| အောက်တိန်း ၉၅ | ၁၃၉၀/၁၄၂၅ ကျပ် | ၁၄၉၅/၁၅၂၀ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၇၇၈ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၀၁၀ . ૨ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၁૨ . ၀ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅૨ . ૩၂၉ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၄૨ . ၇ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၂၅ . ၇၇ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၇၈ . ၉၀ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂૨ . ၉၀၀ |

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈૨၀၀ | ၈၄၀၀ | ၅၂ | ၄૨၂၁၀၀ |
| MTSH | ૨၁၀၀ | ૨၁၀၀ | ၇၆ | ၂૨၅၆၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၉၅၀၀ | ၁၉၅၀၀ | ၇၉ | ၁၅၄၀၅၀၀ |
| TMH | ၂၆၀၀ | ၂၆၀၀ | ၁၉၈၆ | ၅၁၆૨၆၀၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ချိုးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၀၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

ဗုဒ္ဓ အဆုံးအမဖြင့် အောင်မြင်ခြင်း

# သမဏာနဉ္စဒဿနံ

## ရဟန်းမြတ်တို့ကို ဖူးမြော်ရခြင်းသည် မင်္ဂလာမည်၏။

ကျော်ကျော်လှိုင်

**ရဟန်းမြတ်တို့ကို ဖူးမြော်ရခြင်းသည် မင်္ဂလာမည်၏ဟု ဗုဒ္ဓဘုရားရှင်က ဟောပါသည်။ ကိလေသာအညစ်အကြေးများ စင်ကြယ်အောင် ကျင့်ကြံအားထုတ်နေသည့်ရဟန်းများ၊ သီလမြဲပြီး ဗုဒ္ဓတရားတော်များကို လေ့လာလိုက်စားနေသည့် ရဟန်းများကို ရဟန်းမြတ်များဟု အဓိပ္ပာယ်ဖွင့်ရပါမည်။ ဗုဒ္ဓ၏စာပေကျမ်းဂန်များကို တစ်ဖက်ကမ်းခပ် တတ်မြောက်သည့် တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့ရရှိထားသော ဆရာတော်များသည် ဖူးမြော်ထိုက်သည့် ရဟန်းမြတ်များတွင် ပါဝင်ပါသည်။**

### အလွန်ခက်ခဲသည့် စာမေးပွဲ

တိပိဋကဓရတိပိဋကကောဝိဒဘွဲ့ကို ရရန် အလွန်ခက်ခဲပါသည်။ တိပိဋကဓရ တိပိဋက ကောဝိဒ စာမေးပွဲသည် ကမ္ဘာပေါ်တွင် ရက်အကြာဆုံးစာမေးပွဲတစ်ခု ဖြစ်သကဲ့သို့ အောင်မြင်ရန်လည်း အလွန်ခက်ခဲသည့် စာမေးပွဲတစ်ခုအဖြစ် သတ်မှတ်ကြပါသည်။

စာမေးပွဲကို ဖြေရန် သောဝစဿတာ ဟုခေါ်သည့် ဘုရားရှင်ဟောသည့် ပါဠိတော်များထဲမှ စာအုပ်ပေါင်း လေးဆယ်ခန့်နှင့် ကျမ်းပေါင်း ၅၄ ကျမ်းကို လေ့လာရပါသည်။ စာမျက်နှာပေါင်း ၁၆၇၅၅ မျက်နှာကို လေ့လာရပြီး အဋ္ဌကထာ ၅၁ အုပ်ကိုလည်း အလွတ်ကျက်မှတ်ရပါသည်။ ဋီကာ ၂၆ ဋီကာကိုလည်း လေ့လာကျက်မှတ်ရပါသည်။ အုပ်ရေ ၂၀၊ စာမျက်နှာပေါင်း ၈၀၈၀ ရှိသည့် ပါဠိတော်ကြီးကို အာဂုံ ပြန်ဆိုနိုင်မှသာ တိပိဋကဓရ ဆိုသည့်ဘွဲ့ကို ရရှိပါသည်။ အာဂုံဆောင်ဖြေသည့် အခါ စာပြန်ရက် ၁၈ ရက် ဖြေရပါသည်။ သုံးရက် ပြန်ဆိုပြီးတိုင်း တစ်ရက်နားပါ သည်။ စုစုပေါင်း စာပြန်ရက် ၁၈ ရက်နှင့် နားရက် ခြောက်ရက် ပေါင်းသည့်အခါ စာမေးပွဲသည် ၂၄ ရက် ကြာပါသည်။ အာဂုံပြန်ပွဲ၌ နေ့စဉ် နံနက် ၈ နာရီမှ ၁၀ နာရီအထိ တစ်ကြိမ်၊ နေ့လယ် ၁ နာရီမှ ၄ နာရီခွဲအထိ တစ်ကြိမ်၊ နှစ်ကြိမ် ပြန်ဆိုရပါသည်။ တစ်နေ့လျှင် စာမျက်နှာ ၁၀၀ မှ ၁၅၀ အထိ ပြန်ဆိုရပါသည်။ စာပြန်ချိန်အတွင်း ၂၅ မိနစ် ပြန်ဆိုပြီး ၁၀ မိနစ် နားရပါသည်။ စာပြန်သောအခါ စာထောက်စာမ ဆရာတော်များက တစ်နေ့ ငါးကြိမ်အထိသာ ထောက်မပေးခွင့်ရှိပါသည်။ ထောက်ပေး၍ရလျှင် "ရ" ဟု မှတ်ထား ပြီး မရလျှင် "မ" ဟု မှတ်သားပါသည်။ ငါးကြိမ်ထက်ပို၍ ထောက်ရလျှင်လည်းကောင်း၊ "မ"ဟု မှတ်ထားခံရလျှင် လည်းကောင်း ကျရှုံးပါသည်။ နှုတ်ဖြေပြီးသည့်အခါ ပါဠိတော်အသီးသီးမှာ အဖွင့်ဖြစ်သည့် အဋ္ဌကထာ၊ ဋီကာ၊ မူလဋီကာ၊ အနုဋီကာ စသည့်ကျမ်းများ၏ အဓိပ္ပာယ်နှင့် သဘောတရားများကို ရေးဖြေ ဖြေဆိုရပါသည်။ ရေးဖြေအောင်မြင်မှသာ တိပိဋကကောဝိဒဘွဲ့ကို ရပါသည်။

### သာသနာ့အာဇာနည်ဆရာတော်များ

မြန်မာနိုင်ငံတွင် တိပိဋကဓရ တိပိဋက ကောဝိဒဘွဲ့ရရှိသော ဆရာတော် ၁၃ ပါးသာ ရှိပါသည်။ တိပိဋကဓရ ရွေးချယ်ရေးအဖွဲ့ကို ၁၉၄၇ ခုနှစ်မှ စတင်ဖွဲ့စည်းခဲ့ပါသည်။ ၁၉၄၈ ခုနှစ် ပထမအကြိမ် တိပိဋကဓရ စာမေးပွဲ၌ ခြောက်ပါး ဝင်ရောက်ဖြေဆိုရာ တစ်ပါးမျှ မအောင်မြင်ပါ။ ၁၉၅၀ ပြည့်နှစ် တတိယ အကြိမ်စာမေးပွဲ၌ ငါးပါး ဝင်ရောက်ဖြေဆိုရာ အရှင်ဝိစိတ္တသာရ တစ်ပါးသာ အာဂုံ ရေးဖြေ နှစ်ဌာနလုံး ဂုဏ်ထူးဖြင့် ဝိနည်း ငါးကျမ်းကို အောင်မြင်တော်မူပါသည်။ နောင်တစ်ချိန်တွင် မင်းကွန်းဆရာတော်ဘုရားကြီးအဖြစ် ကျော်ကြားလာမည့် အရှင်ဝိစိတ္တသာရာဘိဝံသသည် ၁၉၅၃ ခုနှစ်တွင် ကျင်းပသည့် ခြောက်ကြိမ်မြောက် တိပိဋကဓရစာမေးပွဲတွင် ပိဋကတ်သုံးပုံကို အာဂုံရေးဖြေနှစ်ခုလုံးတွင် ဂုဏ်ထူးဖြင့် အောင်မြင်တော်မူသဖြင့် ဗုဒ္ဓသာသန ဝိသိဋ္ဌတိပိဋကဓရ မဟာတိပိဋက ကောဝိဒ ဘွဲ့တံဆိပ်တော်နှင့် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော်ကို ရရှိတော်မူပါသည်။ မင်းကွန်း ဆရာတော်ဘုရားကြီးသည် တိပိဋကဓရ မဟာတိပိဋကကောဝိဒဘွဲ့ ကို မြန်မာနိုင်ငံတွင် ပထမဦးဆုံးရရှိသည့် သာသနာ့ အာဇာနည်ဖြစ်ပါသည်။ တိပိဋကဓရ တိပိဋကကောဝိဒ၊ တိပိဋကဓရ ဓမ္မ ဘဏ္ဍာဂါရိကဘွဲ့ရသော ဆရာတော်များသည် ဖူးမြော်ထိုက်သည့် ဆရာတော်များဖြစ်ပါသည်။ ဆရာတော်များကို ဖူးမြော်ခွင့်ရခြင်းသည် မင်္ဂလာတရားတော်နှင့် ညီပါသည်။ အဘယ့်ကြောင့် ဆိုသော် သီလ၊ ပညာ၊ သမာဓိနှင့်ပြည့်စုံသည့်ဆရာတော်များကို ဖူးမြော်သည့်အခါ မိမိ၏ မာန်မာနများကို လျှော့ရပါသည်။ မာန်မာနများကို လျှော့ခြင်းသည် ကောင်းကျိုးကိုဖြစ်စေပါသည်။ ထို့အပြင် ပညာပြည့်ဝသည့် ဆရာတော်များ၏ ဟောကြားမိန့်မှာချက်များသည် နာယူတတ်လျှင် အကျိုးကျေးဇူးများပါသည်။

> **"မိမိ၏အပြုအမူ၊ အပြောအဆိုကြောင့် တစ်ပါးသူ၏အကျိုးကို ထိခိုက်နစ်နာလျှင် မကောင်းမှုလုပ်ခြင်း မြောက်ပါသည်။ စည်းကမ်းဖောက်ဖျက်ခြင်းသည် မကောင်းမှုလုပ်ခြင်းဖြစ်ပါသည်။ စည်းကမ်းမဲ့ အမှိုက်ပစ်လိုက်ခြင်းသည် မကောင်းမှု မြောက်ပါသည်။ နေ့စဉ် စည်းကမ်းလိုက်နာခြင်းဖြင့် မကောင်းမှုများကို ရှောင်ရှားရပါမည်။ မိမိ၏ အပြောအဆို၊ အပြုအမူသည် တစ်ဖက်သားကို ထိခိုက်ခြင်း ရှိ မရှိ၊ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ခြင်း ရှိ မရှိ နေ့စဉ် ဆန်းစစ်ရန် လိုပါသည်"**

### အကျိုးများသည့်တရား

ပါမောက္ခချုပ်ဆရာတော် အရှင်နန္ဒမာလာဘိဝံသ လွတ်လပ်ရေးနေ့တွင် ဟောသည့် တရားကို တီဗွီမှ နာယူခွင့် ရရှိခဲ့ပါသည်။ တီဗွီမှ ဖူးမြော်နာယူရသော်လည်း အလွန်အကျိုးကျေးဇူးများသည့်အတွက် ပြန်လည်ဝေမျှလိုပါသည်။ လူရယ်လို့ဖြစ်လာလျှင် ရာဂဟု ခေါ်သည့် တွယ်တာမှုကြောင့် အနှောင်အဖွဲ့များရှိပါသည်။ တွယ်တာမှုကြောင့် စိတ်ဆင်းရဲရပါသည်။ အနှောင်အဖွဲ့မှ လွတ်မြောက်နိုင်မှသာ စိတ်ချမ်းသာမှုကို ရပါမည်။ တွယ်တာမှုကြောင့်၊ ပိုင်ဆိုင်လိုမှုကြောင့် စိတ်အလိုမကျဖြစ်သည့်အခါ ဒေါသ ဖြစ်လာပါသည်။ ဒေါသနောက်သို့ မောဟက လိုက်ပါသည်။ မောဟကြောင့် အမှား အမှန်ကို ခွဲခြားနိုင်စွမ်းမရှိပါ။ အမှား အမှန်ကို ခွဲခြားနိုင်စွမ်းမရှိသည့် အခါ မကြံစည်သင့်၊ မပြောသင့်၊ မလုပ်သင့်သည်များကို ပြုမူဆောင်ရွက်ပါသည်။ အယူမှားခြင်းသည် ဒိဋ္ဌိဖြစ်ပါသည်။ ဆရာတော်က လူသားများကို နှောင်ဖွဲ့ထားသည့်အရာများတွင် မာနလည်းပါသည်ဟု ဟောပါသည်။ မာနကြောင့် မိမိကိုယ်မိမိ အတတ်ဆုံး၊ အတော်ဆုံး၊ အလှဆုံးဟု ထင်ပါသည်။ မိမိကိုယ်မိမိ အတတ်ဆုံး၊ အတော်ဆုံးဟု ထင်နေသူသည် လေ့လာသင်ကြားခြင်း လုပ်ရန် အားနည်းသွားပါသည်။ မိမိ အယူအဆသာ မှန်သည်။ တစ်ဖက်သား အယူအဆမှားသည်ဟု အယူမှားပြန်ပါသည်။ မိမိထက် တော်သူ တတ်သူ ထင်ပေါ်ကျော်ကြားသူများအပေါ် မနာလို မစ္ဆရိယစိတ်များ ဖြစ်လာပါသည်။ မနာလို မစ္ဆရိယစိတ်နောက်သို့ ဒေါသက လိုက်ပါသည်။ ဒေါသနောက်သို့ မောဟက လိုက်ပါသည်။ မောဟကြောင့် မိမိ အပြစ်ကို ဖုံးကွယ်ခြင်း၊ မိမိကိုယ်မိမိ ဟန်ဆောင်ခြင်းတို့ ပြုမူမိပါသည်။ မရှိဘဲနှင့် ရှိယောင်ဆောင်ခြင်း၊ မတတ်ဘဲနှင့် တတ်ယောင်ဆောင်ခြင်း လုပ်သည့်အခါ အဖြစ်မှန်ကို ပေါ်မှာစိုး၍ စိတ်ဆင်းရဲမှု၊ မွန်းကျပ်မှုဖြစ်ရပါသည်။ အနှောင်အဖွဲ့ပင် ဖြစ်ပါသည်။

### အနှောင်အဖွဲ့များမှလွတ်မြောက်နည်း

အနှောင်အဖွဲ့များအကြောင်း ဟောပြီး အနှောင်အဖွဲ့မှ လွတ်မြောက်နိုင်သည့် နည်းများကိုလည်း ဆရာတော်က ဟောပါသည်။ ရာဂမှလွတ်မြောက်ရန် ဆင်ခြင်ရပါမည်။ လူတစ်ယောက်ကို တွယ်တာမှု ချစ်ခင်မှုဖြစ်နေလျှင် စိတ်ဆင်းရဲမှု ဖြစ်ရကြောင်းကို ဆင်ခြင်ရန် ဟောပါသည်။ လူတိုင်းတစ်နေ့ သေရမည်ဖြစ်ကြောင်း၊ သေသည့်အခါ ဘာကိုမှယူသွား၍ မရနိုင်ကြောင်း၊ သေသည့်အခါ တွယ်တာမှုအားလုံးနှင့် ခွဲရမည်ဖြစ်ကြောင်းကို ဆင်ခြင်ရပါမည်။ ဆင်ခြင်မှုများသည့်အခါ သတိကပ်လာပါသည်။ ဒေါသဆိုသည့် အနှောင်အဖွဲ့မှ လွတ်ရန် မေတ္တာတရားနှင့် နေရပါမည်။ လူတိုင်း အပေါ်တွင် မေတ္တာထား၍ ခွင့်လွှတ်နိုင်ရပါမည်။ မေတ္တာတရားရှေ့ထား၍ သည်းခံ ခွင့်လွှတ်နိုင်ရပါမည်။ ဗုဒ္ဓဘုရားရှင်ကလည်း "ခန္တီစ" ခွင့်လွှတ်ခြင်းသည် မင်္ဂလာတရားတော်နှင့်ညီသည်ဟု ဟောပါသည်။ ဒိဋ္ဌိကလွတ်ရန် သူ့အမြင် ကိုယ့်အမြင် နှိုင်းယှဉ် စဉ်းစားရပါမည်။ တစ်ဖက်သား၏ အမြင်များကို လေးစားရန် လိုပါသည်။ မတူညီခြင်းများ၏ အခြေခံအချက်ကို စဉ်းစားရပါမည်။ မစ္ဆရိယစိတ်တွေ လျော့နည်းရန် မုဒိတာ ပွားနိုင်အောင် ကြိုးစားရပါမည်။ ဗြဟ္မစိုရ် တရား လက်ကိုင်ထားရပါမည်။ သူတစ်ပါးကြီးပွားတိုးတက်မှုကို မုဒိတာ ပွားနိုင်ရန် လူတွေကို ချစ်တတ်ရပါမည်။ မိမိကိုယ်မိမိချစ်မှလည်း သူတစ်ပါးကို ချစ်တတ်ပါမည်။ ကိုယ်ကျင့်တရားစောင့်ထိန်းသူ၊ အများကိုကူညီသူ၊ မိမိကိုယ် မိမိ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေသူများသည် မိမိကိုယ်မိမိ ယုံကြည်မှု ရှိသူများဖြစ်ပြီး မိမိဘဝကိုမိမိ ကျေနပ်နေသူများ ဖြစ်ပါသည်။ မိမိဘဝကို မိမိ ကျေနပ်မှ မိမိကိုယ်မိမိ ချစ်၍ရပါသည်။

ဒုစရိုက်တရားများ ကင်းလွတ်အောင် သုစရိုက်တရားများကို ဆောင်ရွက်ရပါမည်။ ဒုစရိုက်သည် မကောင်းမှုကို လုပ်ခြင်း ဖြစ်ပါသည်။ မကောင်းမှုဟု ဆိုလျှင် မြန်မာလူမျိုး အများစုသည် ငါးပါးသီလကိုသာ စဉ်းစားမိကြပါသည်။ သူတစ်ပါး အသက်သတ်ခြင်း၊ လိမ်ညာပြောဆိုခြင်း၊ သူတစ်ပါးဥစ္စာ ခိုးယူခြင်း၊ အရက်သေစာ သောက်စားခြင်း၊ သူတစ်ပါး သားမယားကို ပြစ်မှားခြင်းကို စောင့်ထိန်းရုံဖြင့် မလုံလောက်ပါ။ မိမိ၏ အပြုအမူ၊ အပြောအဆိုကြောင့် တစ်ပါးသူ၏ အကျိုးကို ထိခိုက်နစ်နာလျှင် မကောင်းမှုလုပ်ခြင်း မြောက်ပါသည်။ စည်းကမ်းဖောက်ဖျက်ခြင်းသည် မကောင်းမှုလုပ်ခြင်း ဖြစ်ပါသည်။ စည်းကမ်းမဲ့ အမှိုက်ပစ်လိုက်ခြင်းသည် မကောင်းမှု မြောက်ပါသည်။ နေ့စဉ် စည်းကမ်းလိုက်နာခြင်းဖြင့် မကောင်းမှု များကို ရှောင်ရှားရပါမည်။ မိမိ၏ အပြောအဆို၊ အပြုအမူသည် တစ်ဖက်သားကို ထိခိုက်ခြင်း ရှိ မရှိ၊ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ခြင်း ရှိ မရှိ နေ့စဉ် ဆန်းစစ်ရန် လိုပါသည်။ မိမိ၏ အပြောအဆို၊ အပြုအမူများသည် တစ်ဖက်သားကို အကျိုးရှိအောင် တစ်နည်းနည်းဖြင့် ပံ့ပိုးနိုင်လျှင် သုစရိုက်တရားမြောက်ပါသည်။

ပါချုပ်ဆရာတော်၏ လွတ်လပ်ရေးနေ့တရားတော်ကို တီဗွီမှ ဖူးမြော်နာကြားရမှုကြောင့် အတွေးအမြင်များ ပိုကောင်းလာပြီး လူသားကောင်းကျိုးကို ပိုလုပ်ရန် စိတ်ခွန်အားများ ရရှိပါသည်။ ထို့ကြောင့်လည်း ရဟန်းမြတ်များကို ဖူးမြော်ရခြင်းသည် မင်္ဂလာမည်၏ဟု ဗုဒ္ဓဘုရားရှင်က ဟောကြားခဲ့ခြင်း ဖြစ်ပါသည်။ ရဟန်းမြတ်များကို ကိုယ်တိုင် ဖူးမြော်ခွင့်ရပြီး တရားနာယူခွင့်ရလျှင် အလွန်ကောင်းပါသည်။ ကိုယ်တိုင် ဖူးမြော်ခွင့်ရရန် အခြေအနေမပေးလျှင် အနည်းဆုံး တီဗွီ သို့မဟုတ် ယူကျု (Youtube)တို့မှ ဖူးမြော် တရားနာခြင်းဖြင့် မှန်ကန်သည့် အတွေးအမြင်များကို ရရှိပြီး မင်္ဂလာတရားတော်နှင့်အညီ ချမ်းသာအောင်မြင်ခြင်းကို ရရှိပါမည်။

**"မှတ်သားစရာ"**

**သီလ၊ သမာဓိ၊ သိက္ခာနှင့် ပြည့်စုံသော ရဟန်းမြတ်များ အဆုံးအမများကို နာယူမှတ်သား၍ လက်တွေ့ကျင့်သုံးနိုင်ရန် လိုအပ်ပါသည်။**

**ကျမ်းကိုး**
၁။ တိပိဋကဓရဓမ္မဥဿျောင်မင်းကွန်းထေရ်ရှင် ဘဒ္ဒန္တဝိစိတ္တသာရာ ဘိဝံသ၏ ဘဝဖြစ်စဉ် ထေရုပ္ပတ္တိတော်။

ဗုဒ္ဓအဆုံးအမဖြင့် အောင်မြင်ခြင်းစာအုပ်ပါ အကြောင်းအရာများသည် မင်္ဂလာတရားတော် ၃၈ ပါးအနက်မှ ၃၁ ပါးကို ခေတ်အမြင်ဖြင့် စာရေးသူက တစ်ပါးချင်းလေ့လာပြီး ဘဝအတွေ့အကြုံများပါ ပေါင်းစပ်ရေးသားထားခြင်း ဖြစ်ပါသည်။ စာဖတ်သူပရိသတ်များအနေဖြင့် မင်္ဂလာတရားတော်နှင့်အညီ လောကီအကျိုး၊ လောကုတ္တရာအကျိုးများ ရရှိဆင်ခြင်နိုင်စေရန် စေတနာမွန်ဖြင့် ထုတ်နုတ်ဖော်ပြခြင်း ဖြစ်ပါသည်။

စာတည်းအဖွဲ့

# ပင်းတယမြို့ ရွှေဥမင်သဘာဝလိုဏ်ဂူတော်ဘုရားနှင့် စဥ့်စံကျောင်းတော်ကို ပြန်လည်ဖွင့်လှစ်

**ပင်းတယ ဇန်နဝါရီ ၁**

ရှမ်းပြည်နယ်တောင်ပိုင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့ရှိ ရှေးဟောင်းသမိုင်းဝင် ရွှေဥမင်သဘာဝလိုဏ်ဂူတော်ဘုရားနှင့် ကျေးဇူးရှင်ကံလုံကျောင်းဆရာတော် ရုပ်ကလာပ်တော်ထားရှိရာ စဥ့်စံကျောင်းတော်ကို ဇန်နဝါရီ ၁ ရက်တွင် ပြန်လည်ဖွင့်လှစ်ပြီဖြစ်ကြောင်း သိရသည်။

**အနေကဇာတင်**

ရွှေဥမင်သဘာဝလိုဏ်ဂူတော်ဘုရားဖွင့်လှစ်ရာတွင် ဗုဒ္ဓရုပ်ပွားတော်များနှင့် စေတီပုထိုးများကို မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် အရှင်စန္ဒောဘာသနှင့် ဆရာတော်များက အနေကဇာတင်ကြပြီးနောက် ဘုရားအပေါ်ပစ္စယံရင်ပြင်တော်၌ ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများက မြို့နယ်သံဃနာယကဆရာတော်နှင့် သံဃာတော်များအား အရုဏ်ဆွမ်းဆက်ကပ်သည်။

ရွှေဥမင်သဘာဝလိုဏ်ဂူတော်ဘုရားနှင့် စဥ့်စံကျောင်းတော်တို့ကို ကိုဗစ်-၁၉ ရောဂါကြောင့် ၂၀၂၁ ခုနှစ် ဇူလိုင် ၇ ရက်မှစ၍ ပိတ်ထားခဲ့ရာမှ ယနေ့မှစတင်ပြီး ပြန်လည်ဖွင့်လှစ်လိုက်ခြင်းဖြစ်ကာ ပြည်သူများအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးနည်းလမ်းများနှင့်အညီ လာရောက်ဖူးမြော်နိုင်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



ရွှေဥမင်သဘာဝလိုဏ်ဂူတော်ဘုရား။

# ကော့သောင်းမြို့ ဘုရင့်နောင်အငူလမ်းတစ်လျှောက်၌ နှစ်သစ်ကြိုဆိုသူများ စည်ကား

**ကော့သောင်း ဇန်နဝါရီ ၁**

ကော့သောင်းမြို့၏ သမိုင်းဝင်နေရာတစ်ခုဖြစ်သည့် ဘုရင့်နောင်အငူ(Victoria Point) ဆိပ်ကမ်းသာလမ်းတစ်လျှောက်၌ ဒီဇင်ဘာ ၃၁ ရက် ညပိုင်းက နိုင်ငံတကာနှစ်သစ်ကူးနေ့ကို ကြိုဆိုကြသည့် မြို့နေပြည်သူများဖြင့် အေးချမ်းစည်ကားခဲ့သည်ကို တွေ့ရသည်။



ကော့သောင်းမြို့ ဆိပ်ကမ်းသာလမ်း၌ ဒီဇင်ဘာ ၃၁ ရက် ညပိုင်းက ဖွင့်လှစ်ထားသည့် ဈေးဆိုင်များ။

ကော့သောင်းမြို့ ဘုရင့်နောင်အငူသည် ပါချန်မြစ်ဝမှတဆင့် တစ်ဖက် ထိုင်းနိုင်ငံသို့ လှမ်းမြင်ရသည့်အပြင် သာယာလှပသည့် ပင်လယ်ရှုခင်းများကြောင့် မြို့သို့ လာရောက် လည်ပတ်ကြသည့် ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များ အမှတ်တရ ဓာတ်ပုံရိုက် မှတ်တမ်းတင်ကြသည့် နေရာတစ်ခုဖြစ်ပြီး မြို့ခံပြည်သူများလည်း အပန်းဖြေအနားယူခြင်း၊ ကျန်းမာရေး လေ့ကျင့်ခန်းများ ပြုလုပ်ခြင်းဖြင့် အစဉ် စည်ကားလေ့ရှိသောနေရာလည်း ဖြစ်သည်။

ဘုရင့်နောင်အငူ နေရာတွင် မြို့နယ် စည်ပင်သာယာရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် ပတ်လမ်း ပလက်ဖောင်းနှင့် အပန်းဖြေနားနေရန် နေရာများ ပြုလုပ်ခြင်း၊ ကြွေပြားခင်း အလှဆင်ခြင်း၊ လမ်းမီးတိုင်များဖြင့် အလှဆင်ခြင်းများ ပြုလုပ်ပြီး မြို့သို့ လာရောက်လည်ပတ်သည့် ခရီးသွားဧည့်သည်များ၊ မြို့နေပြည်သူများ စိတ်အေးချမ်းစွာ အပန်းဖြေနိုင်ရန် ဆောင်ရွက်ပေးထားရာ နှစ်သစ်ကူးနေ့အကြိုညပိုင်းတွင်လည်း မြို့နေပြည်သူမိသားစုများ၊ လူငယ်လူရွယ်အစုအဖွဲ့များအလိုက် အနားယူအပန်းဖြေကြရင်း နှစ်သစ်ကူးသည့်အချိန်ကို အေးချမ်းစည်ကားစွာ ကြိုဆိုခဲ့ကြသည်။

**ကျော်စိုး (ကော့သောင်း)**

# ကသာမြို့နယ်၌ အအေးဓာတ်ပိုလာ၍ တစ်ပိုင်တစ်နိုင် ဝက်သားပေါက်မွေးသူများ အခက်တွေ့လာ

**ကသာ ဇန်နဝါရီ ၁**

ကသာမြို့နယ်တွင် ညပိုင်း သိသိသာသာ အအေးဓာတ်ပိုလာ၍ မိသားစုအပိုဝင်ငွေ အထောက်အကူရရှိရေး တစ်ပိုင်တစ်နိုင်ဝက်သားပေါက်ရောင်းမွေးမြူရောင်းဝယ်ရေး လုပ်ကိုင်သူများ အခက်တွေ့နေကြကြောင်း သိရသည်။

ဆောင်းမဝင်မီကာလက ဝက်သားပေါက် နို့ခွဲချိန်တွင် အရောင်းအဝယ်လိုက်ခဲ့သော်လည်း ယခုဆောင်းဝင်လာသည့်ကာလတွင် တစ်လခွဲအရွယ် သားပေါက်ဝက်များကို ဝယ်ယူခြင်း မရှိတော့ကြောင်း၊ ထို့ကြောင့် ဝက်စာရှာဖွေကျွေးရသည့် ကုန်ကျစရိတ် ပိုများလာသလို အပူချိန်လျော့နည်း၍ အအေးဓာတ်ပိုလာသဖြင့် ဝက်သားပေါက်အချို့ သေဆုံးပါက ရင်းနှီးမြှုပ်နှံကျွေးမွေးထားရသည့် စရိတ်များ ဆုံးရှုံးရကြောင်း၊ ကျန်ရှိနေသော ဝက်သားပေါက်များကို မွေးမြူထားသော်လည်း ဝယ်သူမလာသဖြင့် အအေးဒဏ်ကြောင့် သေဆုံးခြင်းမရှိအောင် ဝက်ခြံပတ်လည်တွင် ပလတ်စတစ်များဖြင့် လေမဝင်အောင် ကာရံပေးထားရကြောင်း ဝက်သားပေါက်မွေးမြူရောင်းဝယ်သူတစ်ဦးက ပြောသည်။

ဆောင်းကာလ အအေးဒဏ်ကြောင့် ဝက်သားပေါက် မွေးမြူရောင်းချရာတွင် ဈေးမရတော့သဖြင့် တစ်ပိုင်တစ်နိုင် မွေးမြူရောင်းချသူများအနေဖြင့် တစ်လခွဲအရွယ် ဝက်သားပေါက်တစ်ကောင်လျှင် ပုံမှန် ငွေကျပ် ၆၅၀၀၀ ဈေးဖြင့် ရောင်းချရာမှ တစ်ကောင်လျှင် ငွေကျပ် ၅၀၀၀၀ ဈေးဖြင့်လည်းကောင်း၊ အချို့မှာ ကျွေးမွေးစရိတ်မတတ်နိုင်တော့သဖြင့် သုံးကောင်လျှင် ငွေကျပ်တစ်သိန်းဈေးဖြင့်လည်းကောင်း ရောင်းချသူများလည်းရှိကြောင်း သိရသည်။

**ငွေအိုး(ကသာ)**

# နွားထိုးကြီးမြို့ ပုညသာမဂ္ဂီ ဆွမ်းလောင်းအသင်းက အရုဏ်ဆွမ်းပြန်လောင်းမည်

**နွားထိုးကြီး ဇန်နဝါရီ ၁**

မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ်၏ တစ်ခုတည်းသော အရုဏ်ဆွမ်းလောင်းအသင်းဖြစ်သော ပုညသာမဂ္ဂီ အသင်းက ပြာသိုလဆန်း ၁ ရက်မှစ၍ နေ့စဉ်အရုဏ်ဆွမ်း ပြန်လောင်းတော့မည်ဟု ရှင်ပင်သာဒွန်းဦး ဘုရားဂေါပကအဖွဲ့ထံမှ သိရသည်။

အဆိုပါအသင်းသည် အလှူရှင်များ၏ လှူဒါန်းမှုဖြင့် နှစ်ပေါင်း ၄၀ ကျော်ကြာ နေ့စဉ်မပျက် အရုဏ်ဆွမ်းလောင်းခဲ့ရာ ကိုဗစ်ကပ်ရောဂါကြောင့် တစ်နှစ်ကျော်ရပ်နားခဲ့ရပြီး ယခုပြန်လည်ဆွမ်းလောင်းခြင်းဖြစ်သည်။ နွားထိုးကြီးမြို့ပေါ် ဘုန်းကြီးကျောင်း ၂၃ ကျောင်းမှ ပင့်သံဃာ ၂၀၀ ကျော်အား နေ့စဉ် အရုဏ်ဆွမ်းလောင်းလှူမည်ဖြစ်ကြောင်း သိရသည်။

**ဋ္ဌေးမြင့်မောင်**

# ကုလားပဲစိုက်ခင်းများ၌ သီးနှံဖျက်ပိုးကာကွယ်နိုင်ရန် ဥကပ်ပါးနကျယ်လွှတ်

**ချောင်းဦး ဇန်နဝါရီ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ်အတွင်း မင်းခေါင်၊ မင်းတည်၊ မကျီးဘုတ်ကျေးရွာများရှိ တောင်သူများ ဆောင်းသီးနှံအဖြစ် စိုက်ပျိုးထားသည့် ကုလားပဲစိုက်ခင်းများ၌ သီးနှံဖျက်ပိုးအန္တရာယ်ကာကွယ်နိုင်ရန် ယမန်နေ့က ဥကပ်ပါးနကျယ်လွှတ်ပွဲပြုလုပ်ပြီး တောင်သူများအား သီးနှံဖျက်ပိုးကာကွယ်ရေး ပညာပေးသည်။

မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဒေါ်ခင်မြတ်မြတ်ဦးနှင့် ဝန်ထမ်းများက ကျေးရွာများမှ တောင်သူများ စိုက်ပျိုးထားသည့် ကုလားပဲစိုက်ခင်းများသို့ ကွင်းဆင်းပြီး တောင်သူများနှင့် တွေ့ဆုံ၍ သီးနှံစိုက်ခင်းများတွင် ဓာတုဆေးသုံးစွဲခြင်းကို လျှော့ချနိုင်ရေး၊ ကုန်ကျစရိတ် သက်သာစေရေး၊ ဖျက်ပိုးများကို ကြိုတင်ကာကွယ်နိုင်ရေး၊ သဘာဝပတ်ဝန်းကျင်ပျက်စီးမှုကို ထိန်းသိမ်းနိုင်ရေးနှင့် စိုက်ပျိုးထားသည့် သီးနှံအရည်အသွေးကောင်းမွန်စေရေးအတွက် တောင်သူများအား ပညာပေးပြီး ကုလားပဲစိုက်ခင်း ဧက ၁၀၀ အတွင်း ဥကပ်ပါးနကျယ်လွှတ်ပေးခြင်းကို လက်တွေ့ဆောင်ရွက်ခဲ့သည်။



ချောင်းဦးမြို့နယ်မှ သီးနှံစိုက်ခင်းများတွင် ဥကပ်ပါးနကျယ်များ လွှတ်ပေးနိုင်ရန်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် ဥကပ်ပါးနကျယ်မွေးမြူရေးဓာတ်ခွဲခန်းကိုလည်း တည်ဆောက်လျက်ရှိကြောင်း၊ လာမည့်နှစ်များတွင် ဥကပ်ပါးနကျယ်များ ထုတ်လုပ်ပေးပြီး တောင်သူများ၏ စိုက်ခင်းများကို ကာကွယ်ပေးနိုင်တော့မည်ဖြစ်ကြောင်း၊ ဥကပ်ပါးနကျယ်လွှတ်ခြင်းသည် သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေဘဲ ရေရှည်အကျိုးဖြစ်ထွန်းသဖြင့် တောင်သူတိုင်း သုံးစွဲသင့်ကြောင်းနှင့် ဥကပ်ပါးနကျယ်လွှတ်သည့်အခါ တောင်သူတစ်ဦးချင်းမဟုတ်ဘဲ ကွင်းအတွင်းတောင်သူများစုပေါင်းပြီး တစ်ဆက်တစ်စပ်တည်းလွှတ်မှ ပိုပြီးအကျိုးကျေးဇူးရရှိကြောင်း တောင်သူများအား ပညာပေးခဲ့သည်။

ချောင်းဦးမြို့နယ်တွင် စပါး၊ ဝါ၊ ကုလားပဲနှင့် ပဲအမျိုးမျိုး၊ ဂျုံ၊ နေကြာ၊ ကြက်သွန်များ စိုက်ပျိုးလုပ်ကိုင်နေသည့်အပြင် နိုင်ငံခြားဝင်ငွေရရှိသည့် ဖရဲ၊ သခွား အများအပြားလည်း စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။ **ဝင်းမြင့်အောင်(ပြန်/ဆက်)**

# ကျေးရွာသစ်လူပ်ရှားမှုစီမံကိန်းနှင့်အတူ ဖွံ့ဖြိုးတိုးတက်လာသောရွာကလေး

မောင်သောင်း(မြို့ပြ)

**ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်းဟုဆိုသော်လည်း ရွာအသစ်တည်ထောင်ခြင်း မဟုတ်ပါ။ မူလရှိပြီး ရွာကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနက အကြံဉာဏ်ပေး၊ ကြီးကြပ်ပေးကာ ကျေးရွာဖွံ့ဖြိုးတိုးတက်စေရန် အဓိကတာဝန်ယူ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း ဖြစ်ပါသည်။**



မယ်ဇလီအိုင့်ကျေးရွာ၌ အပတ်စဉ်စုပေါင်းသန့်ရှင်းရေးပြုလုပ်စဉ်။

"မယ်ဇလီအိုင့်"အမည်ရှိ ရွာကလေးသည် ရှမ်းရိုးမတောင်ခြေနှင့် မလှမ်းမကမ်းမြေပြန့်တွင် တည်ရှိသော ရွာလေးတစ်ရွာဖြစ်ပါသည်။ ပျော်ဘွယ်- ရွှေညောင်ဖူးသွား ကားလမ်းဘေးတွင် တည်ရှိပြီး အိမ်ခြေ ၁၂၈ အိမ်ရှိကာ လူဦးရေ ၅၇၇ ဦး ရှိသည်။ မိရိုးဖလာလယ်ယာ စိုက်ပျိုးခြင်းကို လုပ်ကိုင်ကြသည်။ စပါး၊ ကုလားပဲ၊ နေကြာ၊ ကြက်သွန်၊ ခရမ်းချဉ်၊ နံနံတို့ စိုက်ပျိုးကြသည်။ တောင်သူလုပ်ငန်းခွင်နားချိန်တွင် လက်မှုလုပ်ငန်းဖြစ်သည့် ဆန်ကော၊ ဆန်ခါရက်လုပ်သည့်လုပ်ငန်းကို လုပ်ကိုင်ကြသည်။

### မယ်ဇလီအိုင့်ရွာဟု ပြောင်းလဲခေါ်ဆို

ရှမ်းလူမျိုးတစ်မျိုးဖြစ်သည့် "မယ်တလိုင်း" လူမျိုးတို့သည် ရှမ်းပြည်မှမြေပြန့်သို့ဆင်းလာပြီး ရွာတည်ထောင်ကာ "မယ်တလိုင်း"ရွာဟု ခေါ်ဆိုခဲ့ကြသည်။ ကာလကြာသော် မယ်ဇလီအိုင့်ရွာဟု ပြောင်းလဲခေါ်ဆိုခဲ့ကြသည်ဟု ဆိုပါသည်။

မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် အရှေ့ဘက် နှစ်မိုင်ခန့်အကွာတွင် တည်ရှိသော "မယ်ဇလီအိုင့်" ကျေးရွာသို့ စာရေးသူတို့အဖွဲ့ လေ့လာရေးသွားရောက်ခဲ့ပါသည်။ ကျေးရွာ၏ အနေအထားမှာ "ကျေးရွာသစ်စီမံကိန်း"နှင့်အတူ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်နေသည်ကို တွေ့ရပါသည်။ ရွာအဝင်လမ်းမကြီးသည် ကွန်ကရစ်လမ်းဖြစ်သည်။ ရွာတွင်းလမ်းမများမှာ ကျောက်ချောလမ်းဖြစ်သည်။ လမ်း၏တစ်ဖက်တစ်ချက်တွင် အုတ်စီရေမြောင်းကို စနစ်တကျပြုလုပ်ထားသည်။ ယခင်ကကဲ့သို့ ရေအိုင်၊ ဗွက်အိုင်များ မရှိတော့ပေ။ စနေနေ့တိုင်း စုပေါင်းသန့်ရှင်းရေးရှိသဖြင့် ရွာလယ်လမ်းမကြီးနှင့် ရေမြောင်းတို့မှာ သန့်ရှင်းသပ်ရပ်နေပါသည်။

ရွာအဝင် မုခ်ဦးကိုလည်း ထည်ဝါခံ့ညားစွာ ပြုလုပ်ထားသည်။ ရွာဦးတွင်ဘက်စုံသုံးခန်းမဆောင်အသစ်ကြီးကိုလည်း ခံ့ထည်စွာတွေ့ရပါသည်။

ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်ထွေးနှင့်အဖွဲ့က ရွာအဝင်မုခ်ဦးမှ ကြိုဆိုကြသည်။ ထို့နောက် ရွာလမ်းမတစ်လျှောက် လေ့လာရင်း ကျေးရွာ၏ဖွံ့ဖြိုးတိုးတက်နေမှုများကို မျက်မြင်ကိုယ်တွေ့ ကြည့်ရှုရင်း သိလိုသည်များကို မေးမြန်းခဲ့ပါသည်။

မယ်ဇလီအိုင့်ကျေးရွာလေးသည် ယခင်တစ်ခေါက်လာစဉ်ကနှင့်မတူ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်နေသည်ကိုတွေ့ရသည်။ ကျေးရွာသစ်စီမံကိန်း အကျိုးကျေးဇူးပင်ဖြစ်သည်။

ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်းကို ၂၀၁၄-၂၀၁၅ မှ ၂၀၁၈-၂၀၁၉ ခုနှစ်အထိ ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ၏ အထောက်အပံ့ဖြင့် ဆောင်ရွက်ခဲ့ပါသည်။ တစ်နိုင်ငံလုံးတွင် ကျေးရွာပေါင်း ၁၁၀ ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ မန္တလေးတိုင်းဒေသကြီးတွင် ၁၀ ရွာ ပါဝင်ခဲ့သည်။

**"ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်းကို ၂၀၁၄-၂၀၁၅ မှ ၂၀၁၈-၂၀၁၉ ခုနှစ်အထိ ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ၏ အထောက်အပံ့ဖြင့် ဆောင်ရွက်ခဲ့ပါသည်။ တစ်နိုင်ငံလုံးတွင် ကျေးရွာပေါင်း ၁၁၀ ကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။ မန္တလေးတိုင်းဒေသကြီးတွင် ၁၀ ရွာ ပါဝင်ခဲ့"**

မယ်ဇလီအိုင့်ကျေးရွာသည် ၂၀၂၀ ပြည့်နှစ်မှသာ ပါဝင်ခဲ့ပြီး မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေ ကျပ်သိန်း ၃၀၀ ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်ပါသည်။

### ကိုယ်တိုင်အသိဖြင့် ပါဝင်လုပ်အားပေးကြ

ပျော်ဘွယ်မြို့နယ်တွင် မယ်ဇလီအိုင့်ကျေးရွာ တစ်ရွာတည်းသာ အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်ပါသည်။ မြို့နယ်စီမံခန့်ခွဲမှုကော်မတီမှ ရွေးချယ်ခဲ့ခြင်းဖြစ်ပါသည်။ လုပ်ငန်းတစ်ခု လုပ်ကိုင်ရာတွင် တစ်ရွာလုံး တက်တက်ကြွကြွ လုပ်အားပေးကြသည်ကိုကြည့်ပြီး ရွေးချယ်ခဲ့ခြင်း ဖြစ်ပါသည်။ လုပ်အားပေးဆိုရာတွင်လည်း မလိုက်မနေရမဟုတ်ဘဲ ကိုယ်တိုင်အသိဖြင့် ပါဝင်လုပ်အားပေးကြခြင်းဖြစ်သည်။

မယ်ဇလီအိုင့်ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍကြီးသုံးရပ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည်ဟု သိရပါသည်။ ပထမနှစ်အတွက် ရန်ပုံငွေကျပ်သိန်း ၃၀၀ မှ ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်းကို စွမ်းဆောင်ရည်မြင့်မားရေးကဏ္ဍတွင် ငွေကျပ်သိန်း ၃၀၊ လူနေမှုဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍတွင် ငွေကျပ်သိန်း ၁၅၀၊ ဝင်ငွေတိုးပွားရေးကဏ္ဍတွင် ငွေကျပ်သိန်း ၁၂၀ ဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရပါသည်။

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအနေဖြင့် ပထမနှစ်တွင် ကျေးရွာရေပေးရေးအတွက် ငွေကျပ်သိန်း ၁၅၀ ကုန်ကျသည့် အမြင့် ၂၄ ပေရှိ ရေဂါလန် ၂၅၀၀ ဆံ့ ကွန်ကရစ်ရေစင်နှင့်စက်ရေတွင်းကို အကောင်အထည်ဖော် ဆောင်ရွက်ထားပါသည်။ အိမ်တိုင်ရာရောက် ရေပိုက်များသွယ်တန်းထားသည်ကိုလည်း တွေ့ရှိရသည်။

ထို့အပြင် စံပြစိုက်ကွက်များ ပြုလုပ်၍ သီးနှံမျိုးစေ့၊ နည်းပညာတို့ကို အခမဲ့ပေးဝေပါသည်။ ထွက်ရှိလာသော သီးနှံကို တောင်သူများကိုယ်တိုင် ခံစားခွင့်ရှိခဲ့သည်။

ယခုအခါ နှစ်နှစ်ပြည့်မြောက်ခဲ့ပြီ ဖြစ်ပါသည်။ နှစ်နှစ်အချိန်ကာလအတွင်းမှာပင် ကျေးရွာလေးသည် အတော်အသင့်ဖွံ့ဖြိုးတိုးတက်လာပြီ ဖြစ်ပါသည်။ ပထမနှစ် လုပ်ဆောင်ချက်များကြောင့် ဒုတိယနှစ်တွင် ဆုငွေကျပ်သိန်း ၁၀၀ ရရှိခဲ့ပါသည်။

ဒုတိယနှစ်တွင် ဝင်ငွေတိုးပွားရေးကဏ္ဍအတွက် ငွေကျပ်သိန်း ၁၅၀၊ လူနေမှုဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍတွင် ငွေကျပ်သိန်း ၁၂၀၊ စွမ်းဆောင်ရည်မြင့်မားရေးကဏ္ဍတွင် ငွေကျပ် သိန်း ၃၀ ဖြင့် ခွဲဝေသုံးစွဲခဲ့ပါသည်။

ဒုတိယနှစ်အတွက် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးတွင် ဆုရရှိငွေ၊ ပြည်သူလူထုပူးပေါင်းပါဝင်ငွေတို့ဖြင့် ၄၄၅ သိန်း ကုန်ကျသည့် (ပေ ၃၀ x ပေ ၆၀) ခန်းမတစ်ခုကို အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးခဲ့ပါသည်။ ခန်းမအတွက် မြေနေရာကို အလှူရှင်တစ်ဦးက လှူဒါန်းခဲ့ပါသည်။

### ကုသိုလ်ဒါနပြုလုပ်ကြ

ကျေးရွာအတွင်း ဆောင်ရွက်စရာရှိသည်များကို ရွာသူ ရွာသားအားလုံးက တက်တက်ကြွကြွ၊ စုံစုံညီညီ ဆောင်ရွက်ကြသည်ဟုဆိုပါသည်။ စနေနေ့တိုင်း ရွာအတွင်း သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် အခါအားလျော်စွာ လမ်းမကြီးဘေးရှိ သစ်ပင်ချုံနွယ်များ ရှင်းလင်းခြင်းတို့ကိုလည်း စုပေါင်းဆောင်ရွက်ကြသည်။ ထိုနေ့များတွင် ရွာမှစေတနာရှင်များက ကုသိုလ်ဒါနပြုလုပ်ကြသည်ဟု ဆိုပါသည်။

ကျေးရွာဖွံ့ဖြိုးတိုးတက်မှုများအတွက် တစ်လတစ်ကြိမ် အစီရင်ခံစာကို တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်များသို့ ပေးပို့ရပါသည်။

နောင်လာမည့် တတိယနှစ်တွင်လည်း စီမံချက်အတိုင်း အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် တစ်ရွာလုံးက စိတ်အားတက်ကြွလျက်ရှိသည်ကို မြင်တွေ့ခဲ့ရပါသည်။ တတိယနှစ်အတွက်လျာထားချက်မှာ ရွာအတွင်းလမ်းများကို ကွန်ကရစ်ခင်းရန်ပင်ဖြစ်ပါသည်။

မကြာခင်ကာလအတွင်းမှာပင် မယ်ဇလီအိုင့်ရွာလေးသည် "ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်း" နှင့်အတူ အလျင်အမြန်ဖွံ့ဖြိုးတိုးတက်လာမည်မှာ မလွဲဧကန်ပင်ဖြစ်ပါတော့သည်။ ။

# ကျောက်ပန်းတောင်းမြို့နယ်၌ ပဲစင်းငုံသီးနှံများ ခုတ်သိမ်းချိန်တွင် သီးနှံအထွက်ကောင်းသည့်အပြင် ဈေးကောင်းရရှိ

**ကျောက်ပန်းတောင်း ဇန်နဝါရီ ၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်အတွင်းရှိ အညာတောင်သူများ အဓိကအားထားစိုက်ပျိုးကြသည့် သီးနှံများအနက် တစ်ခုဖြစ်သော ပဲစင်းငုံသီးနှံများကို ဒီဇင်ဘာလလယ်ခန့်မှ စတင်ခုတ်သိမ်းလျက်ရှိပြီး ယခုနှစ်တွင် သီးနှံအထွက်ကောင်းသည့်အပြင် ဈေးကောင်းရရှိသဖြင့် တောင်သူများ အဆင်ပြေကြကြောင်း သိရသည်။

ကျောက်ပန်းတောင်းမြို့နယ်တွင် ပဲစင်းငုံသီးနှံကို ပြည်ပပို့ကုန်သီးနှံအဖြစ် ဈေးကွက်ရရှိမှုအပေါ် မူတည်၍ အားထားစိုက်ပျိုးကြပြီး နှစ်စဉ်ဧပြီလလယ်(တန်ခူးလဆန်း)တွင် နှမ်း၊ မြေပဲတို့နှင့်အတူ ရောနှော၍ သီးညှပ်စိုက်ပျိုးကြသည်များရှိသလို အချို့တောင်သူများကလည်း ပဲစင်းငုံသီးနှံတစ်မျိုးတည်းကိုပင် သီးခြားအားထား၍ စိုက်ပျိုးကြသည်။ ပဲစင်းငုံသီးနှံများ စတင်စိုက်ပျိုးချိန်တွင် မျိုးဈေးမှာ တစ်တင်းလျှင် ငွေကျပ် လေးသောင်းပေး၍ ဝယ်ယူစိုက်ပျိုးရကြောင်းနှင့် စိုက်ပျိုးပြီးကာလများတွင်လည်း ပိုးသတ်ဆေးပက်ဖျန်းပေးခြင်းများကိုလည်း အချိန်အခါအလိုက် ဆောင်ရွက်ပေးရကြောင်း သိရသည်။ ပဲစင်းငုံသီးနှံကို ဒီဇင်ဘာလလယ်(နတ်တော်လပြည့်ကျော်ခန့်)တွင် စတင်ခုတ်သိမ်းကြကြောင်း တွင်းဖြူကျေးရွာမှ တောင်သူ ဦးအေးမောင်က ပြောသည်။

ယခင်နှစ်များက တစ်ဧကလျှင် ပဲစင်းငုံအထွက်မှာ နှစ်တင်းခွဲ၊ သုံးတင်းသာ ရရှိရာမှ ယခုနှစ် ပဲစင်းငုံအထွက်မှာ တစ်ဧကလျှင် ငါးတင်း၊ ခြောက်တင်းခန့် ရရှိကြောင်းနှင့် အထွက်နှုန်းကောင်းမွန်သည့် အပြင် ရောင်းဈေးမှာလည်း ပေါ်ဦးပေါ်ဖျားတွင် တစ်တင်းဈေး ငွေကျပ် ၃၂၅၀၀ ခန့်သာ ရရှိရာမှ ယခုလက်ရှိတွင် တစ်တင်းလျှင် ငွေကျပ် ၃၆၀၀၀ အထိ ရရှိနေပြီဖြစ်ရာ သီးနှံအထွက်ကောင်းသလို ဈေးကောင်း ရရှိကြသဖြင့် ယခုနှစ် ပဲစင်းငုံစိုက်တောင်သူများ အဆင်ပြေကြကြောင်း သိရသည်။

နေအောင်(ပြန်/ဆက်)



# နံရံဆေးရေးပန်းချီထိန်းသိမ်းရေးနှင့် ရှေးဟောင်းအဆောက်အအုံများပေါ်တွင် ပေါက်ရောက်နေသောအပင်များ ရှင်းလင်းခြင်း သင်တန်းဆင်း



**ညောင်ဦး ဇန်နဝါရီ ၁**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲနှင့် မန္တလေးတိုင်းဒေသကြီး ပုဂံယဉ်ကျေးမှုဒေသထိန်းသိမ်းရေးကော်မတီတို့ ပူးပေါင်း၍ ဒီဇင်ဘာ ၂၀ ရက်မှ စတင်ဖွင့်လှစ်ခဲ့သော နံရံဆေးရေးပန်းချီထိန်းသိမ်းရေးနှင့် ရှေးဟောင်းအဆောက်အအုံများပေါ်တွင် ပေါက်ရောက်နေသော အပင်များ (ဓာတုဆေးဖြင့်) ရှင်းလင်းခြင်း သင်တန်းဆင်းပွဲကို ဒီဇင်ဘာ ၃၁ ရက်က ကျင်းပသည်။

သင်တန်းကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးကျော်မျိုးဝင်း၏ ကြီးကြပ်မှုဖြင့် တိုင်းဒေသကြီး ထိန်းသိမ်းရေးကော်မတီဝင် ဦးသန်းဌေး(နံရံပန်းချီထိန်းသိမ်းရေးမှူးဟောင်း)၊ ဓာတ်ခွဲဌာနစိတ်မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကြည်လင်းတို့က ဦးစီးဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး မန္တလေးဌာနခွဲမှ သင်တန်းသား နှစ်ဦး၊ ပုဂံဌာနခွဲမှ သင်တန်းသား ရှစ်ဦး၊ ပုဂံဒေသရှိ သမိုင်းအထင်ကရဘုရားများ ဂေါပကအဖွဲ့မှ သင်တန်းသား ၁၈ ဦး၊ ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ (BHT)မှ သင်တန်းသား ၁၈ ဦး၊ ဒေသခံပရဟိတအဖွဲ့နှင့် ဧည့်လမ်းညွှန်အဖွဲ့များမှ သင်တန်းသား ၁၀ ဦး တက်ရောက်သည်။

သင်တန်းတွင် သင်တန်းဆရာများက နံရံဆေးရေးပန်းချီကြွခိုင်မှုထိန်းသိမ်းခြင်း၊ အပေါက်ဖာထေးခြင်း၊ Grouting ဖျော်ရည်ထိုးသွင်းခြင်းနှင့် အနားသတ်ခြင်းလုပ်ငန်းများအကြောင်းကို စာတွေ့လက်တွေ့သင်ကြားပေးခဲ့ကြောင်း၊ ရှေးဟောင်းအဆောက်အအုံများပေါ်တွင် ပေါက်ရောက်နေသော အပင်များကို (ဓာတုဆေးဖြင့်) ရှင်းလင်းခြင်းနှင့် Assessment ကောက်ယူခြင်း စသည့်လုပ်ငန်းများကိုလည်း စာတွေ့လက်တွေ့ သင်ကြားပေးကြောင်း သိရသည်။

**မောင်မောင်ထိန်(ကျောက်ပန်းတောင်း)**

# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား အမျိုးသား အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲ ဗိုလ်လုပွဲကျင်းပ

**ပဲခူး ဇန်နဝါရီ ၁**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ၂၈ မြို့နယ် အသက် ၁၈ နှစ်အောက် အမျိုးသား အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ပဲခူးမြို့ ဥသာမြို့သစ် အားကစားကွင်း၌ ဒီဇင်ဘာ ၂၉ ရက်က ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများက ကြည့်ရှု အားပေးကြသည်။



စုပေါင်းတံခွန်စိုက်ဆုရ ဖြူးမြို့နယ်အသင်းအား တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆုဖလားပေးအပ်ချီးမြှင့်စဉ်။

အဆိုပါပြိုင်ပွဲကို ဒီဇင်ဘာ ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် ကျင်းပခဲ့ပြီး ကျား/မ မီတာ ၁၅၀၀၊ မီတာ ၈၀၀ ၊ မီတာ ၄၀၀၊ မီတာ ၂၀၀ ၊ မီတာ ၁၀၀ အပြေး ပြိုင်ပွဲများ၊ ကျား/မ အလျားခုန်၊ ကျား/မ သံလုံးပစ်၊ ကျား/မ သုံးဆင့်ခုန်၊ ကျား/မ လှံတံပစ်၊ ကျား/မ သံပြားပစ်၊ ကျား/မ တန်းမြင့်ခုန်၊ ကျား/မ မီတာ ၄၀၀ လက်ဆင့်ကမ်း၊ မီတာ ၁၆၀၀ လက်ဆင့်ကမ်း စသည့် အားကစားနည်းများကို တိုင်းဒေသကြီးအတွင်း မြို့နယ် ၂၈ မြို့နယ်မှ အားကစားသမား ၃၂၀ တို့က ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်းနှင့် ဆုရရှိသူများအား တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကာ မြို့နယ် တစ်မြို့နယ်စီအတွက် ထောက်ပံ့ ငွေကျပ် ၁၅၀၀၀၀ စီဖြင့် ၂၈ မြို့နယ်အတွက် ငွေ ကျပ် ၄၂ သိန်းကိုလည်း တိုင်းဒေသကြီးအစိုးရအဖွဲ့က ထောက်ပံ့ပေးကြောင်း သိရသည်။**တင်စိုး(ပဲခူး)**

# ကျောက်ဆည်မြို့နယ်ရှိ ကျေးရွာနှစ်ရွာ၌ အိမ်တိုင်ရာရောက် သောက်သုံးရေရရှိရေး လုပ်ငန်းများဆောင်ရွက်

**ကျောက်ဆည် ဇန်နဝါရီ ၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်အတွင်းရှိ ကြောင်(ရမန်း)၊ ရှားပင်ကျေးရွာနှစ်ရွာရှိ ဒေသခံကျေးလက်နေပြည်သူများ အိမ်တိုင်ရာရောက် သောက်သုံးရေဖူလုံစွာ ရရှိရေးအတွက် ရေပိုက်လိုင်းသွယ်တန်းခြင်း၊ ရေစုကန်တည်ဆောက်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည်။

ကြောင်(ရမန်း) ကျေးရွာတွင် အရှည်ပေ ၆၀၀၀ ရှိ ရေပိုက်လိုင်းသွယ်တန်းခြင်း၊ ဂါလန် ၅၀၀၀ ဆံ့ ရေစုကန်တည်ဆောက်ခြင်း၊ အလျား ငါးပေ ၊ အနံ ငါးပေ၊ အမြင့် ခုနစ်ပေရှိ ရေစက်ရုံတစ်ခုတည်ဆောက်ခြင်း၊ ရှားပင်ကျေးရွာတွင် အရှည်ပေ ၉၂၀၀ ရှိ အိမ်တိုင်ရာရောက်ရေပိုက်လိုင်းသွယ်တန်းခြင်း လုပ်ငန်းများကို ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်ခြောက်လတာကာလတွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေ ကျပ် ၃၁ ဒသမ ၀၀၆ သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အင်ဂျင်နီယာများကိုယ်တိုင် ၂၀၂၁ ဒီဇင်ဘာပထမပတ်က စတင်ဆောင်ရွက်ခြင်းဖြစ်ပြီး လုပ်ငန်းများအားလုံး ဆောင်ရွက်ပြီးစီးပါက ကျေးရွာနှစ်ရွာရှိ အိမ်ခြေ ၇၄၈ အိမ်မှ လူဦးရေ ၃၄၁၀ အတွက် အကျိုးပြုမည်ဖြစ်ကြောင်း ကျောက်ဆည်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးဝင်းမြင့်ထံမှ သိရသည်။ **အောင်သန်းဦး(ကျေးလက်)**

# မြန်မာငါးဖမ်းလှေတစ်စင်းမှ လှေလုပ်သားများအား ထိုင်းနိုင်ငံက ပြန်လည်လွှဲပြောင်းပေးအပ်

**ကော့သောင်း ဇန်နဝါရီ ၁**

အက်ဒမန် ပင်လယ်ပြင်အတွင်း စက်ချွတ်ယွင်းနစ်မြုပ်ကာ ထိုင်းရေပြင်ပိုင်နက်အတွင်းသို့ ဒီဇင်ဘာ ၂၈ ရက်က မျောပါရောက်ရှိခဲ့သည့် မြန်မာငါးဖမ်းလှေတစ်စင်းမှ လှေလုပ်သားခြောက်ဦးအား ထိုင်းနိုင်ငံ ရနောင်းမြို့ တာဝန်ရှိသူများက ကယ်ဆယ်ကာ အဆိုပါနေ့ ညနေပိုင်းက မြန်မာနိုင်ငံ တာဝန်ရှိသူများထံသို့ ပြန်လည်လွှဲပြောင်းပေးအပ်သည်။

အဆိုပါ(အမည်မရှိ)ငါးဖမ်းလှေမှာ ထိုင်း-မြန်မာနယ်စပ် မြန်မာ့ပင်လယ်ပြင်အတွင်း ငါးဖမ်းထွက်စဉ် စက်ချွတ်ယွင်းမှုဖြစ်ပွားပြီး နစ်မြုပ်ခဲ့ကာ ပင်လယ်ရေစီးကြောင်းနှင့်အတူ လှေလုပ်သားခြောက်ဦး အသက်ရှင်လျက် မျောပါ၍ ထိုင်းနိုင်ငံရေပိုင်နက်အတွင်း ရောက်ရှိသွားရာ ထိုင်းနိုင်ငံ နယ်ခြားစောင့် Royal Thai Navy တပ်ဖွဲ့က တွေ့ရှိကယ်ဆယ်ခဲ့သည်။ ၎င်းတို့အား ကိုဗစ်-၁၉ ရောဂါကူးစက်မှု ရှိမရှိစစ်ဆေးမှုများဆောင်ရွက်ပြီး ထိုင်း-မြန်မာနှစ်နိုင်ငံ ချစ်ကြည်ရေးရှေးရှုကာ မြန်မာနိုင်ငံ ကော့သောင်းမြို့မှ တာဝန်ရှိသူများထံသို့ ပြန်လည်လွှဲပြောင်း ပေးအပ်ခြင်းဖြစ်သည်။

အဆိုပါ လှေလုပ်သားများအား ကော့သောင်းမြို့တာဝန်ရှိအဖွဲ့အစည်းများက စနစ်တကျ ပြန်လည်လက်ခံခဲ့ပြီး လိုအပ်သည့် ကူညီထောက်ပံ့မှုများ ဆောင်ရွက်ကာ လှေလုပ်သားများအား ကိုဗစ်- ၁၉ ရောဂါ ကူးစက်မှုမဖြစ်ပွားစေရန် မိုးကုတ် Quarantine Center ၌ ၁၀ ရက် အသွားအလာ ကန့်သတ်ထားရှိစောင့်ကြည့်ပြီး ကိုဗစ်- ၁၉ ရောဂါပိုး စစ်ဆေးတွေ့ရှိခြင်း မရှိမှသာ မိမိတို့နေအိမ်အသီးသီးသို့ ပြန်လည် ပို့ဆောင်ပေးမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**



မြန်မာငါးဖမ်းလှေလုပ်သားများကို ထိုင်းနယ်ခြားစောင့်တပ်ဖွဲ့ရေယာဉ်က ကယ်ဆယ်နေစဉ်။

# အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲပြုလုပ်

**နေပြည်တော် ဇန်နဝါရီ ၁**

အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ဒီဇင်ဘာ ၃၀ ရက် ညနေပိုင်းက တိုင်းစစ်ဌာနချုပ် အားကစား ကွင်း၌ ပြုလုပ်ရာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြပြီး ပြိုင်ပွဲဝင်အသင်းများ၏ ဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ တစ်ဦးချင်းဆုရရှိကြသူများ၊ အသင်းလိုက်ဆုရရှိကြသူများနှင့် ဒိုင်းဆုရရှိသော အသင်းတို့အား တာဝန်ရှိသူများက ဒိုင်းဆုနှင့်ဂုဏ်ပြုဆုများ ပေးအပ်ကြသည်။

အဆိုပါတိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိ တပ်ရင်း/တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ၁၄ သင်းဖြင့် ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# မော်လမြိုင်မြို့ ရွှေစေတီကျောင်းတိုက် မေတ္တာဝေစည် ရွှေပါရမီစေတီ ထီးတော်အထွတ်တင်လှူပူဇော်ပွဲကျင်းပ

မော်လမြိုင် ဇန်နဝါရီ ၁

**မော်လမြိုင်မြို့ ရွှေစေတီကျောင်းတိုက် မေတ္တာဝေစည် ရွှေပါရမီစေတီတော်မြတ်ကြီးအား ထီးတော်တင် အလှူတော်မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပရာ မြစေတီစာသင်တိုက်မှ ဦးစီးပဓာန နာယကဆရာတော် ဥူးဝိမလဗုဒ္ဓိ အပါအဝင် ပင့်ဖိတ်တော်မူသော ဆရာတော်ကြီးများ၊ မွန်ပြည်နယ် ဝန်ကြီး ချုပ် ဦးဇော်လင်းထွန်း၊ ပြည်နယ်ဝန်ကြီးများနှင့် စေတနာရှင်၊ အလှူရှင်များ တက်ရောက်သည်။**



ရှေးဦးစွာ ဆရာတော်၊ သံဃာတော်များနှင့် ဧည့်ပရိသတ်အပေါင်းတို့က အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို၍ ဘုရားကန်တော့ ဖွင့်လှစ်ပေးပြီး မြစေတီဆရာတော်ထံမှ ရှစ်ပါးသီလ ခံယူကာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း၊ ပြည်နယ်ဝန်ကြီးများနှင့် အလှူရှင်တို့က စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ် လှူဒါန်းပေးပြီး ဆရာတော်၊သံဃာတော် တို့က မေတ္တာသုတ်ပရိတ်တရားတော်များ ချီးမြှင့်ပေး သည်။ ထို့နောက် စေတီတော်မြတ်ကြီးအား စိန်ဖူး တော်၊ ငှက်မြတ်နားတော်နှင့် ထီးတော်တို့အား နတ်ရထားပျံဖြင့် တင်မြှောက်ကပ်လှူပူဇော်ကြ သည်။ (ယာပုံ)

ဆက်လက်၍ ရွှေစေတီဆရာတော် ဘဒ္ဒန္တဓမ္မနန္ဒ ၏ သက်တော်(၅၀) ပြည့် ရွှေရတုမွေးနေ့ကုသိုလ် အလှူတော်မင်္ဂလာ အခမ်းအနားကို ကျင်းပရာ ပင့်ဖိတ်တော်မူသော ဆရာတော်ကြီးများအား ပြည်နယ်ဝန်ကြီးချုပ်နှင့် အလှူရှင်များက လှူဖွယ် ပစ္စည်းများ ဆက်ကပ်လှူဒါန်းမှုအပေါ် ဆရာတော် ကြီးများကဩဝါဒကထာ မြွက်ကြားပေးပြီး လှူဒါန်း မှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေ ကြောင်း သိရသည်။ **ဇာဖြူဝင်း(ပြန်/ဆက်)**

# ဥပဒေအရာရှိများသည် မိမိတို့တာဝန်ထမ်းဆောင်ရာအဆင့်အလိုက် မှန်ကန်မြန်ဆန်စွာ အကြံပေးစေလို

**စစ်တွေ ဇန်နဝါရီ ၁**

ရခိုင်ပြည်နယ် ဥပဒေချုပ်နှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်ဥပဒေ အရာရှိများ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက်ပိုင်း က ပြည်နယ်ဥပဒေချုပ်ရုံး တော်ဝင်သဇင်ခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ အောင်ကျော်မင်း တက်ရောက် အမှာစကား ပြောကြားသည်။



ညှိနှိုင်း အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ အောင်ကျော်မင်းက မြန်မာနိုင်ငံ သည် အင်္ဂလိပ်ကိုလိုနီ လက် အောက် ကျရောက်ပြီးနောက် အင်္ဂလိပ်အစိုးရက မြန်မာနိုင်ငံကို စီမံအုပ်ချုပ်ရေးအတွက် အုပ်ချုပ် ရေးဌာန၊တရားစီရင်ရေးကဏ္ဍများ ကိုကနဦးဖွဲ့စည်းထူထောင်ခဲ့သည် ဟုသိရှိရပါကြောင်း၊ အုပ်ချုပ်ရေး အရာရှိများကို တရားစီရင်ရေး အာဏာကိုပါ ပူးတွဲပေးအပ်ခဲ့ပြီး ကြီးလေးသည့်အမှုများမှာ အစိုးရ ကိုယ်စားလိုက်ပါရန် အစိုးရရှေ့နေ များကိုလည်း တာဝန်ပေးအပ် ခဲ့သည်ဟု သိရှိရကြောင်း၊ ထိုအစိုးရရှေ့နေဆိုသည်မှာ ယခု ဥပဒေအရာရှိဆိုသူများ၏ သမိုင်း အစဖြစ်သည့်အတွက် ဥပဒေ အရာရှိများ၏ နောက်ခံသမိုင်း သည် အလွန်ရှည်လျားခဲ့ပြီဖြစ် ကြောင်း၊ ဥပဒေအရာရှိများ အားလုံးသည် ဥပဒေဘွဲ့ရများကို သာ ခန့်ထားသည့် ပညာရှင် အရာရှိလည်းဖြစ်ကြောင်း၊ ဥပဒေ အရာရှိ၏ လုပ်ငန်းတာဝန်များကို ရှေ့နေချုပ်ဥပဒေ၊ နည်းဥပဒေများ တွင် ပြဋ္ဌာန်းထားပြီးဖြစ်သည်ကို တွေ့ရှိနိုင်ပါကြောင်း၊ ထို့အပြင် ဥပဒေအရာရှိများသည် နိုင်ငံ့ ဝန်ထမ်းဥပဒေများကို လိုက်နာ ကြရသကဲ့သို့ ဥပဒေအရာရှိ ကျင့်ဝတ်၊ ဥပဒေနှင့် အသက်မွေး ဝမ်းကျောင်းပြုသူများ၏ကျင့်ဝတ် ကိုလည်း လိုက်နာကြရသူများဖြစ် ကြောင်း၊ ထိုကဲ့သို့ ဥပဒေကျင့်ဝတ် စည်းမျဉ်းများနှင့်အညီ ကျင့်သားရ နေသော ဥပဒေအရာရှိများအပေါ် နိုင်ငံတော်က အထူးအလေးထား သကဲ့သို့ မိမိတို့ပြည်နယ်အစိုးရ အဖွဲ့အနေဖြင့်လည်း ဖြောင့်မှန် သော တရားစီရင်ရေးတွင် (Check and Balance) လုပ်နိုင်စေရန် အလေးထား အားကိုးနေသည်ကို ပြောကြားလိုကြောင်း၊ ဥပဒေ ပညာရှင်၊ ဥပဒေအရာရှိများသည် မိမိတို့ တာဝန်ထမ်းဆောင်ရာ အဆင့်အလိုက် မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့၊ ခရိုင်စီမံအုပ်ချုပ် ရေးအဖွဲ့များက ဥပဒေအကြံဉာဏ် တောင်းခံသော ကိစ္စများတွင် မှန်ကန်မြန်ဆန်စွာ အကြံပေးစေ လိုကြောင်း၊ တရားဥပဒေစိုးမိုးရေး အတွက် ပြစ်မှုကျူးလွန်သူများကို ဥပဒေနှင့်အညီ ပြစ်ဒဏ်ကျခံစေ ရန် အမှုလိုက်ပါ ဆောင်ရွက် ရာတွင် အဂတိတရား (၄)ပါး ကင်းရှင်းစွာနှင့် ဆောင်ရွက်ပြီး နိုင်ငံ့အကျိုး၊ ပြည်နယ်အကျိုး ကို ဆောင်ရွက်သယ်ပိုး သော ဥပဒေအရာရှိကောင်းများ ဖြစ်ကြပါစေကြောင်း ပြောကြား သည်။

ဆက်လက်၍ အနောက်ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦးက အမှာ စကားပြောကြားပြီး ပြည်နယ် ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့အား ပြည်နယ်ဥပဒေအရာရှိ ဦးဝင်း မောင်က ဥပဒေစာအုပ်များ လက်ဆောင်ပေးအပ်ခဲ့သည်။

ထို့နောက် ပြည်နယ်ဥပဒေချုပ် နှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်ဥပဒေ အရာရှိများ လုပ်ငန်းညှိနှိုင်းအစည်း အဝေးကို ဆက်လက်ကျင်းပ သည်။

**တင်ထွန်း(ပြန်/ဆက်)**

# လူမျိုးမရွေး ဘာသာမရွေး ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဇန်နဝါရီ ၁**

တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဘာသာရေး ခေါင်းဆောင်များ အပါအဝင် လူမျိုးမရွေး ဘာသာ မရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ များ၊ နာတာရှည်ရောဂါအခံရှိသူ များ၊ ကယ်ဆယ်ရေးစခန်းများ၊



ယာယီတိုက်ပွဲရှောင် စခန်းများ အတွင်းရှိ ပြည်သူများ၊ အသက် (၁၂)နှစ်အထက် အခြေခံပညာ အလယ်တန်းနှင့် အထက်တန်း အဆင့် ကျောင်းသား ကျောင်းသူ များစသည့် ဦးတည်အုပ်စုများ သတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများ မှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေး ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ် ဆေးထိုးခြင်း လုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက် ပေးလျက်ရှိသည်။

**ကာကွယ်ဆေးထိုးနှံ**

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့နှင့် သီပေါမြို့တို့၌ ဒေသခံပြည်သူ ၁၂၅၀၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ်၌ ဒေသခံပြည်သူ ၆၅ ဦး၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်၌ ဒေသခံပြည်သူ ၅၀၀ ၊ ဧရာဝတီ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၂၁၀၀၀၀ ၊ ရခိုင်ပြည်နယ် ကျောက် တော်မြို့နယ်နှင့် ပုဏ္ဏားကျွန်း မြို့နယ်တို့၌ ဒေသခံပြည်သူ ၂၄၅၀၊ မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ခရိုင်ခုနစ်ခုတို့မှ ဒေသခံ ပြည်သူ ၉၄၃၆ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန် များ၊ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်း များနှင့် ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေး ခြင်းများ ဆောင်ရွက်ပေးနိုင် ခဲ့သည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်– ၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်း သား ကျောင်းသူ ၇၂၁ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်း များ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်– ၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

**ကြည့်ရှုအားပေး**

ထိုသို့ ဆောင်ရွက်ပေးနေမှု များကို သက်ဆိုင်ရာ တိုင်းစစ်ဌာန ချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု အားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကြောင်း သတင်း ရရှိသည်။ **သတင်းစဉ်**

# တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ပြီးစီးခဲ့သော နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲ တက်ရောက်

မြိတ် ဇန်နဝါရီ ၁

**နိုင်ငံသားတိုင်း နိုင်ငံသားအခွင့်အရေး မဆုံးရှုံးစေရေး၊ နိုင်ငံသားဂုဏ်သိက္ခာနှင့်အညီ နေထိုင်နိုင်စေရေးအတွက် မြိတ်ခရိုင်အတွင်းရှိ ပြည်သူလူထုအားလုံး၏ လက်ဝယ်တွင် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်းများကို ပန်းခင်းစီမံချက်ဖြင့် ဥပဒေနှင့်အညီ ရပ်ကွက်/ကျေးရွာများအထိ ကွင်းဆင်းဆောင်ရွက်ပြီးစီးခဲ့သော နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို ဒီဇင်ဘာ ၃၁ ရက်က မြိတ်မြို့ ပုလဲရတနာခန်းမ၌ ကျင်းပရာ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် တက်ရောက်ပေးအပ်သည်။**



ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုက နိုင်ငံသား တစ်ဦးအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် ကိုင်ဆောင်သင့်သည့် ကတ်တစ်မျိုးမျိုးကို ကိုင်ဆောင်ထားရှိခြင်းမှာ နိုင်ငံသားဖြစ်မှုဆိုင်ရာ သက်သေအထောက်အထား ဖြစ်သည်နှင့်အညီ နိုင်ငံသားတစ်ဦးချင်းစီအတွက် အလွန်အရေးကြီးကြောင်း၊ နိုင်ငံသားတစ်ဦးချင်းစီအတွက် လူမှုဘဝပြည့်စုံနိုင်ဖို့ ကိုင်ဆောင်ရမည့် လက်မှတ်တစ်မျိုးမျိုးကို မဖြစ်မနေရယူကိုင်ဆောင်ထားခြင်း အားဖြင့် နိုင်ငံသားတစ်ဦး၏ အခွင့်အရေးဖြစ်သည့် ဆန္ဒမဲပေးပိုင်ခွင့်အပါအဝင် ဘဝရပ်တည်ရေးအတွက် အရေးကြီးသည့် စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး စသည့်အရေးကိစ္စအားလုံးအတွက် အခြေခံဥပဒေအရ ကာကွယ်ပေးထားသည့် နိုင်ငံသားတစ်ဦး၏ ရပိုင်ခွင့်များကို လက်လွတ်မဆုံးရှုံးမည်ဖြစ်ကြောင်း၊ စီမံချက်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်နိုင်ကြရန် အလေးထားပြီး ဦးဆောင်ဦးရွက် ပြုပေးကြရန် မှာကြားလိုကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် ဝန်ကြီးချုပ်က မြိတ်မြို့နယ်အတွင်း ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ပေးခဲ့သော နိုင်ငံသား စိစစ်ရေးကတ်ပြားများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်စွာမင်းနှင့် ပန်းခင်းစီမံချက်ကို စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်ခဲ့သည့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြိတ်ခရိုင်နှင့် မြိတ်မြို့နယ် ဦးစီးဌာနမှူးတို့အား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်သည်။(**အပေါ်ယာပုံ**) ဆက်လက်ပြီး ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်သစ်လွင်ထူး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများက ရပ်ကွက်/ကျေးရွာများနှင့် တပ်ရင်းတပ်ဖွဲ့များ၌ ဆောင်ရွက်ပြီးစီးခဲ့သော နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ပြည်သူများကိုယ်စား တာဝန်ရှိသူများအား ပေးအပ်သည်။

ပန်းခင်းစီမံချက်ဖြင့် မြိတ်ခရိုင်အတွင်းရှိ မြို့နယ်လေးမြို့နယ်တွင် အိမ်ထောင်စုလူဦးရေစာရင်း ၁၁၃၀၆ စောင်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၇၅၁၉ ကတ်ကို ဆောင်ရွက်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ မြိတ်မြို့နယ်တွင် အောက်တိုဘာ ၁ ရက်မှ ဒီဇင်ဘာ ၂၉ ရက်အထိ အိမ်ထောင်စုလူဦးရေစာရင်း ၃၈၁၉ စောင်နှင့် နိုင်ငံသား စိစစ်ရေးကတ်ပြား ၅၁၁၅ ကတ်ကို ဆောင်ရွက်ပေးနိုင်ခဲ့ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲ အခမ်းအနားတွင် ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခိုင်ထူး (ပြန်/ဆက်)**

# ကချင်ပြည်နယ်ဝန်ကြီးချုပ်က တိုင်းဒေသကြီးနှင့် ပြည်နယ် အသက်(၂၅)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် ပြည်နယ်လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းအား အောင်နိုင်ရေးအလံပေးအပ်

**မြစ်ကြီးနား ဇန်နဝါရီ ၁**

တိုင်းဒေသကြီးနှင့် ပြည်နယ် အသက်(၂၅)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ပြည်နယ်လက်ရွေးစင် U–25 အမျိုးသမီးဘောလုံးအသင်းအား အောင်နိုင်ရေးအလံပေးအပ်ပွဲနှင့် အောင်နိုင်ရေးအတွက် ထောက်ပံ့ငွေများပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁ ရက် နံနက် ၁၀ နာရီတွင် ပြည်သူ့အားကစားကွင်းအတွင်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည်။



အောင်နိုင်ရေးအလံ ပေးအပ်ပွဲတွင် ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးအောင်သူက ပြည်နယ်လက်ရွေးစင် U–25 အမျိုးသမီးဘောလုံးအသင်း ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် အုပ်ချုပ်/ထောက်ပံ့မှုဆိုင်ရာများ စီမံဆောင်ရွက်ထားရှိမှု အခြေအနေများကို လည်းကောင်း၊ အသင်းအုပ်ချုပ်သူ ဒေါ်ခင်မိုးသဲက အောင်နိုင်ရေးအတွက် စခန်းသွင်းလေ့ကျင့်ခဲ့မှု အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ပြည်နယ်လက်ရွေးစင် ဘောလုံးအသင်းအနေဖြင့် ပြိုင်ပွဲမှတစ်ဆင့် အတွေ့အကြုံကောင်း၊ သင်ခန်းစာကောင်းများ ဖော်ထုတ်ရယူခဲ့ကြရန်လိုကြောင်း၊ အားကစားသမားကောင်းစိတ်ဓာတ်ဖြင့် တရားမျှတ သန့်ရှင်းစွာ ယှဉ်ပြိုင်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုကို ပိုမိုမြှင့်တင်နိုင်သည့် အားကစားချစ်ကြည်ရေးသံတမန်ကောင်း တာဝန်ကို ကျေပွန်ခဲ့ကြရန်လိုကြောင်း၊ ထို့အပြင် အားကစားနှင့် ပြည်နယ်၏ဂုဏ်ကို မြှင့်တင်ပေးနိုင်သည့် အားကစားသူရဲကောင်းများအဖြစ် သမိုင်းမော်ကွန်း ရေးထိုးခဲ့ကြရန် လိုကြောင်း တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီးဒေါ်နန်ဆိုင်းတို့က ပြည်နယ်လက်ရွေးစင် U–25 အမျိုးသမီးဘောလုံးအသင်း အောင်နိုင်ရေးအတွက် ပံ့ပိုးကူညီလှူဒါန်းပေးကြသည့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့ကြပြီး U–25 အမျိုးသမီး ဘောလုံးအသင်းအတွက် အောင်နိုင်ရေးအလံကို အသင်းအုပ်ချုပ်သူများထံ ပေးအပ်ခဲ့သည်။ (**ဝဲပုံ**)

အလားတူ ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ (၇၅)နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့ အခမ်းအနားတွင် ဆင်ယင်ပြသသွားမည့် ပြည်နယ်၏ အထင်ကရနေရာများ၊ ထုတ်ကုန်များနှင့် ရိုးရာဓလေ့ ထုံးစံများအား မော်တော်ယာဉ် သုံးစီးဖြင့် အလှဆင်၍ ပါဝင်ပြသနိုင်ရေး စီစဉ် ဆောင်ရွက်ထားရှိမှုများနှင့် အုပ်ချုပ်/ထောက်ပံ့မှုဆိုင်ရာ ကိစ္စရပ်များအပေါ် ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် ဆက်လက်လက်ခံလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၁**

ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ် အသီးသီးတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ၁၀၁ ဦး၊ အမျိုးသမီး ၇၁ ဦး စုစုပေါင်း ၁၇၂ ဦး၊ ချင်းရွှေဟော်မြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား လေးဦး၊ လောက်ကိုင်မြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား သုံးဦး၊ အမျိုးသမီး နှစ်ဦး စုစုပေါင်း ငါးဦးတို့ကိုလည်းကောင်း၊ ယနေ့တွင် ကရင်ပြည်နယ် မြဝတီမြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ၁၁၉ ဦး၊ အမျိုးသမီး ၇၉ ဦး စုစုပေါင်း ၁၉၈ ဦး တို့ကိုလည်းကောင်း လက်ခံခဲ့ကြသည်။



ထိုသို့ လက်ခံရာတွင် သက်ဆိုင်ရာ ပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ်–၁၉ ရောဂါ စစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက်ရမည့် အထောက်အထား စာရွက်စာတမ်းများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားခြင်းတို့ကို စနစ်တကျ ဆောင်ရွက်ပေးပြီး တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက စီစဉ်ဆောင်ရွက်ပေးသည့် ခရီးသည်တင် မော်တော်ယာဉ်များဖြင့် ၎င်းတို့နေရပ်အသီးသီးသို့ လိုက်လံပို့ဆောင်ပေးခဲ့ကြောင်းနှင့် ရောဂါပိုးတွေ့ရှိသူများအား သက်ဆိုင်ရာနေရာများတွင် သီးသန့်ထားရှိ၍ လိုအပ်သည့် ကျန်းမာရေးဆိုင်ရာများနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## သတင်းနှင့်စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်း နှစ်ဦးအလှူနှင့်ရုံးခန်းဖွင့်ပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁**

သတင်းနှင့် စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်း၏ ၂၀၂၂ ခုနှစ် နှစ်ဦးအလှူ၊ ၂၀၂၁ခုနှစ်အတွင်း ကွယ်လွန်သွားခဲ့သော အသင်းမှ ဆရာသမားများ၊ အမှုဆောင်များ၊ အသင်းသားများအတွက် ရည်စူး အလှူနှင့် ပဉ္စမအကြိမ်မြောက် သက်ကြီးပူဇော်ပွဲကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ရွှေဥဒေါင်းခန်းမတွင် ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့် အညီ ကျင်းပသည်။

ရှေးဦးစွာ နှစ်ဦးအလှူအဖြစ် ပင့်သံဃာများထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး နာယက ကြီးများနှင့် အမှုဆောင်များက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်း၊ **(အပေါ်ယာပုံ)** ပရိတ်တရားများနာကြားခြင်း၊ နှစ်ဦး မေတ္တာပို့သခြင်းများ ပြုခဲ့ကြသည်။

ဆက်လက်၍ ၂၀၂၁ ခုနှစ်အတွင်း ကွယ်လွန်သွားခဲ့ကြသော ဆရာသမားများ၊ အသင်းအမှုဆောင်များ၊ အသင်းသားများ စုစုပေါင်း ၃၃ ဦးအတွက် ရည်စူးအလှူပြုလုပ်ကာ လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ အမျှအတန်း ပေးဝေခြင်း၊ မေတ္တာပို့သခြင်းများ ပြုလုပ်သည်။

ယင်းနောက် ယခုနှစ် သက်ကြီးပူဇော်ပွဲကို လက်ရှိ ကျန်းမာရေး အခြေအနေအရ ကန်တော့ခံများအား တစ်ဦးချင်း ဖိတ်ကြားကန်တော့နိုင်ခြင်းမရှိဘဲ တက်ရောက်လာသော နာယကကြီးများ၊ ကန်တော့ခံအမှုဆောင်ကြီးများကိုသာ အမှူးထားကာ ရည်စူးကန်တော့ကြသည်။

ထို့နောက် သိမ်ဖြူလမ်း သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းရှိ



အသင်းရုံးခန်းဖွင့်ပွဲကို ဆက်လက်ကျင်းပရာ ဥက္ကဋ္ဌ ဦးမြင့်ဆွေနှင့် အသင်းအမှုဆောင်များက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ကန်တော့ခံ ဆရာသမားများ၏ ကန်တော့ပစ္စည်းများကို အမှုဆောင်များ ကိုယ်တိုင် အိမ်တိုင်ရာရောက် ပို့ဆောင်ကန်တော့ကြမည်ဖြစ်ပြီး အသက် ၈၀ နှင့်အထက် သက်ကြီးကန်တော့ခံ အသင်းသားများအတွက် ကန်တော့ငွေများကို Wave Money ဖြင့်ဖြစ်စေ၊ K Pay ဖြင့်ဖြစ်စေ၊ မိမိပင်စင် ထုတ်ရာဌာနတွင်ဖြစ်စေ အဆင်ပြေစွာ ထုတ်ယူနိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

**ကိုဇော်**

## ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးလုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးသည့် သီပေါကြက်ခြေနီများအားဂုဏ်ပြု

**သီပေါ ဇန်နဝါရီ ၁**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီ၏ ကြီးကြပ်မှုဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်ခဲ့သော မြို့နယ်ကြက်ခြေနီလူငယ် မောင်မယ်များ ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မြို့နယ်ကြက်ခြေနီအသင်း စည်းဝေးခန်းမ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးဆိုင်ရာ စည်းကမ်းများနှင့်အညီ ကျင်းပရာ မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့



ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်စိုးဝင်း တက်ရောက် အမှာစကား ပြောကြားသည်။

ဆက်လက်၍ မြို့နယ်ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဦးစိုင်းဇော်ဝင်းနှင့် အပြည်ပြည်ဆိုင်ရာကြက်ခြေနီ (ရှမ်း/ မြောက်တာဝန်ခံ ) မစ္စတာမိုင်ဇင်းတို့က မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် တပ်ဖွဲ့ဝင်များအနေဖြင့် သမိုင်းကောင်း အစဉ်အလာရှိပြီးဖြစ်သကဲ့သို့ ယခုလို ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး လုပ်ငန်းများတွင် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်ခဲ့သဖြင့် မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥက္ကဋ္ဌ ဦးမောင်မောင်မြင့်၏ ဂုဏ်ပြုလွှာနှင့် အမှတ်တရပစ္စည်းများ ဂုဏ်ပြုပေးအပ်ခြင်း ဖြစ်ကြောင်း၊ ထို့ကြောင့် ကြက်ခြေနီလူငယ်မောင်မယ်များအနေဖြင့် ကောင်းမွန်သော အစဉ်အလာကို ထိန်းသိမ်းပြီး ကျန်းမာစွာဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ဆတက်ထမ်းပိုး ဆက်လက်ဆောင်ရွက် ကြစေလိုကြောင်း စသည်ဖြင့် ဂုဏ်ပြုစကား ပြောကြားသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး၊ အသင်း ဥက္ကဋ္ဌ၊ ရှမ်း/ မြောက် တာဝန်ခံတို့က ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး လုပ်ငန်းများတွင် စွမ်းစွမ်းတမံ ပါဝင်ကူညီ ဆောင်ရွက်ခဲ့သည့် ကြက်ခြေနီ လူငယ် ၂၇ ဦး၊ မြို့နယ် ကြက်ခြေနီတပ်ဖွဲ့မှူး ဒေါ်နန်းခင်ညွန့်လှူ၊ တပ်ခွဲမှူး ဦးစိုင်းထွန်းဝင်းနှင့် တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုလွှာနှင့် အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။(ဝဲပုံ)

**စိုင်း(သီပေါ)**

## ဆူဇူကီးဖလားပြိုင်ပွဲတွင် ထိုင်းအသင်း ချန်ပီယံဆု ခြောက်ကြိမ်မြောက်ရရှိ

**ရန်ကုန် ဇန်နဝါရီ ၁**

၂၀၂၀ အာဆီယံ ဆူဇူကီးဖလားပြိုင်ပွဲ ဗိုလ်လုပွဲ ဒုတိယအကျော့ကို ဇန်နဝါရီ ၁ ရက်က စင်ကာပူနိုင်ငံ၌ကျင်းပရာ ထိုင်းအသင်းသည် အင်ဒိုနီးရှားအသင်းနှင့် နှစ်ဂိုးစီသရေကျခဲ့သော်လည်း နှစ်ကျော့ပေါင်းရလဒ် ခြောက်ဂိုး-နှစ်ဂိုးဖြင့် အနိုင်ရကာ ချန်ပီယံဆုရရှိခဲ့သည်။

ထိုင်းအသင်းသည် ချန်ပီယံဆုကို ခြောက်ကြိမ်မြောက်ရယူပြီး အအောင်မြင်ဆုံးအသင်းအဖြစ် ဆက်လက်ရပ်တည်နိုင်ခဲ့သည်။ အင်ဒိုနီးရှားအသင်းမှာမူ ဗိုလ်လုပွဲအိပ်မက်ဆိုးများကို ချေဖျက်နိုင်ခြင်းမရှိသေးဘဲ ဗိုလ်လုပွဲတက်ရောက်သည့် ခြောက်ကြိမ်စလုံးအရေးနိမ့်ခဲ့ပြီး ဒုတိယဖြင့်သာ ထပ်မံကျေနပ်ခဲ့ရသည်။ ထိုင်းအသင်းသည် ချန်ပီယံဆုကို ၁၉၉၆၊ ၂၀၀၀၊ ၂၀၀၂၊ ၂၀၁၄၊ ၂၀၁၆ နှင့် ၂၀၂၀ ပြည့်နှစ် တို့တွင် ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

ပထမအကျော့တွင် လေးဂိုးပြတ်အနိုင်ရထားသည့် ထိုင်းအသင်းသည် ဒုတိယအကျော့တွင် သရေရလဒ်ရယူပြီး ချန်ပီယံဆုကို တစ်ကျော့ပြန် ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ အင်ဒိုနီးရှားအနေဖြင့် နိုင်ပွဲပြန်လည်ရရှိရန် ကြိုးပမ်းခဲ့သော်လည်း အပြန်အလှန်သွင်းဂိုးများဖြင့် သရေရလဒ်ဖြင့်သာ ကျေနပ်ခဲ့ရခြင်းဖြစ်သည်။

ပထမအကျော့တွင် ပြတ်သားသည့်ရလဒ်ထွက်ပေါ်ပြီးဖြစ်သော်လည်း နှစ်သင်းစလုံး အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့ပြီး ခုနစ်မိနစ်တွင် ရစ်ကီက အင်ဒိုနီးရှားအသင်းအတွက် ဂိုးစတင်သွင်းယူခဲ့သည်။ ယင်းနောက်ပိုင်းတွင် ထိုင်းအသင်းက ချေပဂိုးပြန်ရရန် ကြိုးပမ်းသော်လည်း အင်ဒိုနီးရှားခံစစ်ကစားပုံကြောင့် ဒုတိယပိုင်းမှသာ ဂိုးများပြန်သွင်းနိုင်ခဲ့သည်။ ထိုင်းအသင်းအတွက် ဂိုးများကို ၅၄ မိနစ်တွင် အဒီဆက်နှင့် ၅၆ မိနစ်တွင် ယိုရန်တို့က သွင်းယူခဲ့သည်။ မိနစ် ၈၀ တွင် အီဂီက အင်ဒိုနီးရှားအတွက် ချေပဂိုးပြန်သွင်းသဖြင့် သရေရလဒ်ဖြင့် ပြီးဆုံးခဲ့ခြင်းဖြစ်သည်။

၂၀၂၀ ဆူဇူကီးဖလားပြိုင်ပွဲအပြီးတွင် ထိုင်းအသင်းက ချန်ပီယံဆု ဆွတ်ခူးပြီး အင်ဒိုနီးရှားအသင်းက ဒုတိယ၊ ဗီယက်နမ်နှင့် စင်ကာပူအသင်းက ပူးတွဲတတိယဆုရရှိခဲ့သည်။

**ရဲရင့်လွင်**



ချန်ပီယံဆုရခဲ့သည့် ထိုင်းအသင်း အောင်ပွဲခံနေစဉ်။

## တစ်ယောက်လျော့ အာဆင်နယ်ကို အနိုင်ယူပြီး ၁၁ မှတ်အသာဖြင့် အမှတ်ပေးဇယားကို မန်စီးတီး ဦးဆောင်

ပရီမီယာလိဂ်ပွဲစဉ် (၂၁) ၏ အကောင်းဆုံးပွဲစဉ် တစ်ပွဲဖြစ်သည့် အာဆင်နယ်အသင်းနှင့် မန်စီးတီးအသင်းတို့ ပွဲစဉ်ကို ဇန်နဝါရီ ၁ ရက် ညပိုင်းက အမ်းမရိတ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ မန်စီးတီးက နှစ်ဂိုး- တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ယခုပွဲစဉ်တွင် အာဆင်နယ်နည်းပြ အာတီတာသည် ကိုဗစ်-၁၉ ကူးစက်ခံထားရပြီး သီးသန့်ခွဲခြား နေထိုင်နေရသည့်အတွက် ပွဲကြီးကြပ်ခွင့်နှင့် လွဲချော်ခဲ့ပြီး အဲဘတ် စတူဗင်ဘတ်က တာဝန်ယူကိုင်တွယ်ခဲ့ရသည်။ အာဆင်နယ်အသင်းသည် ပြီးခဲ့သည့် ပွဲစဉ်မှ ကစားသမားစာရင်းကို တစ်ဦးသာ အပြောင်းအလဲပြုလုပ်ပြီး ဆာကာ၊ အိုဒီဂတ်၊ မာတင်နယ်လီ၊ လာကာဇက်တို့ကို အသုံးပြုကာ မန်စီးတီးအသင်းကို ရင်ဆိုင်လာခဲ့သည်။ မန်စီးတီးအသင်းက ပြီးခဲ့သည့် ပွဲစဉ်မှ ကစားသမားစာရင်းကို သုံးဦး အပြောင်းအလဲပြုလုပ်ပြီး စတားလင်း၊ ဂျီးဆပ်၊ မာရက်ဇ်တို့ကို အသုံးပြုကာ အာဆင်နယ်အသင်းကို ရင်ဆိုင်လာခဲ့သည်။

အာဆင်နယ်အသင်းအတွက် ဦးဆောင်ဂိုးကို ပွဲချိန် ၃၁ မိနစ်တွင် တီယာနေ၏ ဖန်တီးမှုမှတစ်ဆင့် ဆာကာက သွင်းယူပေးနိုင်ခဲ့သည်။ မန်စီးတီးအသင်းသည် ပထမပိုင်းတွင် အာဆင်နယ်အသင်းဘက်သို့ ဘောလုံးပိုင်ဆိုင်မှု အသာရယူနိုင်ခဲ့သော်လည်း ဂိုးပေါက်တည့်မတ်မှု မရှိခဲ့ပေ။ ဒုတိယပိုင်းတွင် မန်စီးတီးအသင်း ကစားအားတက်လာပြီး ၅၇ မိနစ်တွင် ချေပဂိုးရရှိခဲ့သည်။ အဆိုပါ ချေပဂိုးကို ပယ်နယ်တီမှတစ်ဆင့် မာရက်ဇ်က အမှားအယွင်းမရှိ သွင်းယူပေးနိုင်ခဲ့သည်။

အာဆင်နယ် အသင်းသည် ချေပဂိုး ခွင့်ပြုပေးလိုက်ရပြီး မကြာမီတွင်အသင်းမှ ဂါဘရီရယ် ပြိုင်ဘက်ကစားသမားကို ကစားပုံကြမ်းတမ်းခဲ့သည့်အတွက် အနီကတ်ပြ ထုတ်ပယ်ခံခဲ့ရသည်။



မန်စီးတီးမှ မာရက်ဇ် ပယ်နယ်တီကန်သွင်းနေစဉ်။

ထို့နောက်တွင် တစ်ယောက်လျော့ အာဆင်နယ်အသင်းကို မန်စီးတီးအသင်း ဖိအားပေးကစားနိုင်ခဲ့သည်။ မန်စီးတီးအသင်းအတွက် အနိုင်ဂိုးကို ပွဲချိန်ပြည့်ခါနီးတွင် ရိုဒရီက သွင်းယူပေးနိုင်ခဲ့သည်။

မန်စီးတီးအသင်းသည် ယခုနိုင်ပွဲကြောင့် ၂၁ ပွဲကစားပြီး ၅၃ မှတ်ရရှိကာ ဒုတိယနေရာမှ ချယ်ဆီးကို ၁၁ မှတ်အထိ ဖြတ်ထားနိုင်ပြီ ဖြစ်သည်။

ဝက်ဖို့ဒ်နှင့် စပါးပွဲတွင် စပါးက တစ်ဂိုး – ဂိုးမရှိဖြင့် အနိုင်ရသည်။

**အောင်ဇော်**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | **ကျောက်စာရုံစေတီ** | ၂၇၉ | ၇၂၉ ဆူ | ၁၅၀ ဆူ | ၅၇၉ ဆူ |
| ၂။ | ဓမ္မာရုံ(၂၁၃× ၉၀ × ၄၆)ပေ | ၈၇၃၀. ၂၁ | ၁ လုံး | ၁၀၀၀ သိန်း | ၇၇၃၀. ၂၁ သိန်း |
| ၃။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၈ ပေ) | ၄၃၂၁ | ၁ ခု | - | ၁ ခု |
| ၄။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅ | ၁၈ ခု | - | ၁၈ ခု |
| ၅။ | High Mast မီးတိုင် (၂၀ မီတာ(၁)တိုင်) | ၄၉၄ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၆။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၇။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁ | ၄၅၅ ခန်း | ၁၉ ခန်း | ၄၃၆ ခန်း |
| ၈။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅ | ၅၀ တိုင် | ၁၈ တိုင် | ၃၂ တိုင် |
| ၉။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀ | ၁၈၀ တိုင် | ၄၅ တိုင် | ၁၃၅ တိုင် |
| ၁၀။ | မဟာရံတံတိုင်း စိန်တောင် စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇ | ၆၅၂ ခု | ၆၇ ခု | ၅၈၅ ခု |
| ၁၁။ | စကျင်ကျောက်ပြားတစ်ကျင်း | ၄. ၇ | ၂၁၁၉. ၅၃ ကျင်း | ၁၅ ကျင်း | ၂၁၀၄. ၅၃ ကျင်း |
| ၁၂။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှုနှင့် Expansion Joint) | ၄. ၁ | ၂၁၈. ၁၄ ကျင်း | ၁၁ ကျင်း | ၂၀၇. ၁၄ ကျင်း |
| ၁၃။ | ကွန်ကရစ် ၈ လက်မထု ခင်းကျင်း | ၃. ၆ | ၅၉၁၀. ၆၆ ကျင်း | ၁၁ ကျင်း | ၅၈၉၉. ၆၆ ကျင်း |
| ၁၄။ | ကြွေပြား ၁ ကျင်း | ၂ | ၁၇၃၆. ၀၈ ကျင်း | ၅၅ ကျင်း | ၁၆၈၁. ၀၈ ကျင်း |
| ၁၅။ | Garden Light (၁ မီတာ(၁)တိုင်) | ၁. ၂ | ၉၀ တိုင် | ၇၃ တိုင် | ၁၇ တိုင် |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် |
|---|---|---|---|
| ၁၆။ | မုစလိန္ဒအိုင်(၁ ကန်) | | |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှုလုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆ | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄ | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇ | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်း၊ ဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈ | ၁ ခု |
| | (င) ရေကန်ပတ်လမ်း မီးတိုင်များထွန်းညှိပေးခြင်းလုပ်ငန်း(၁ တိုင် ၉. ၅ သိန်း) | ၇၀၃ | ၇၄ တိုင် |
| ၁၇။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း(၁)ခန်း) | ၁၃၂၂ | ၉ ခန်း |
| ၁၈။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃ | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၁၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၂၅၅၈၂၅၂၁၆

ပြည်တွင်းအခွန်များဦးစီးဌာန

# အောင်ဘာလေသိန်းဆုဌာနခွဲ

(၃၄)ကြိမ်မြောက် ကျပ်၁၀၀၀တန်ထီပေါက်စဉ် ၂၀၂၂ ခုနှစ် ၊ ဇန်နဝါရီလ (၁) ရက်နေ့ *အခမဲ့ထုတ်ဝေသည်*

## အထူးဆုကြီး ကျပ်သိန်း (၅၀၀၀)ဆု

င - ၆၈၇၂၃၂

## အထူးဆုကြီး ကျပ်သိန်း (၁၀၀၀)ဆု

ဈ - ၉၃၂၃၃၂

### ဆုတစ်ဆုချင်းကျပ်သိန်း(၅၀၀)ဆုများ

ည - ၄၂၆၉၄၇ ဇ - ၅၇၈၅၇၈
ဂ - ၄၉၅၈၆၄

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသောဆုမဲ စုစုပေါင်းတန်ဖိုး (ဘဏ္ဍာသိမ်း ကျပ်သိန်း ၂၅၀၀ မှ အပါအဝင်) အား ပြန်လည် အစားထိုးဖွင့်လှစ်ပေးသည့် ကျပ်သိန်း(၅၀၀)ဆု ( ၄ )ဆု

စ - ၂၅၈၁၅၀ ဂ - ၈၂၂၈၆၈
ဇ - ၈၂၈၈၂၁ ဇ - ၈၅၇၀၃၄

### ဆုတစ်ဆုချင်းကျပ်သိန်း(၂၀၀)ဆုများ

ဆ - ၁၅၈၄၀၀
စ - ၁၆၇၁၃၇
ည - ၃၆၄၁၃၄
ဇ - ၈၃၂၅၉၅
ဂ - ၈၆၁၅၇၅
ည - ၉၂၈၉၆၀

### ဆုတစ်ဆုချင်းကျပ်သိန်း(၁၀၀)ဆုများ

ဃ - ၁၆၀၉၃၀ ဇ - ၅၁၄၇၃၁
ဇ - ၁၉၂၉၇၉ ဃ - ၅၃၇၁၇၅
စ - ၂၂၉၃၃၀ ဂ - ၈၆၇၆၃၆
စ - ၄၁၈၁၈၆ က - ၈၇၄၉၈၆
င - ၄၂၁၅၉၆ ခ - ၈၇၅၁၁၃

မရောင်းရထီလက်မှတ်များမှ ပေါ်ထွက်လာသောဆုမဲ စုစုပေါင်းတန်ဖိုး (ဘဏ္ဍာသိမ်းကျပ်သိန်း ၂၅၀၀မှ အပါအဝင်)အား ပြန်လည် အစားထိုး ဖွင့်လှစ်ပေးသည့် ကျပ်သိန်း(၁၀၀)ဆု ( ၁ )ဆု ည - ၂၈၇၃၁၁

### ဆုတစ်ဆုချင်း ကျပ်သိန်း(၅၀)ဆုများ

ဈ - ၂၉၁၄၇၄ ဆ - ၅၇၅၇၅၉
င - ၃၇၅၁၂၀ ဆ - ၇၃၆၁၄၉
စ - ၄၇၈၂၈၄ ခ - ၈၁၂၅၄၅
ဂ - ၅၀၅၁၈၄ ဈ - ၉၃၁၆၀၂
ဂ - ၅၂၄၅၁၇

### ဆုတစ်ဆုချင်း ကျပ်သိန်း(၂၀)ဆုများ

စ - ၂၃၉၂၆၄ စ - ၅၇၇၈၉၇ ဈ - ၈၃၆၃၃၅
ဇ - ၄၄၂၃၉၀ င - ၅၈၈၅၄၁ စ - ၈၆၁၅၁၁
ဇ - ၄၅၁၄၅၇ ည - ၅၉၈၅၄၀ ဃ - ၉၅၁၉၃၈
ခ - ၅၀၃၅၈၂ ည - ၆၉၄၇၅၂

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲ စုစုပေါင်းတန်ဖိုး (ဘဏ္ဍာသိမ်း ကျပ်သိန်း ၂၅၀၀ မှ အပါအဝင်) အား ပြန်လည် အစားထိုးဖွင့်လှစ်ပေးသည့် ကျပ်သိန်း(၂၀) ဆု ( ၁ )ဆု

င - ၉၂၈၈၃၂

### ဆုတစ်ဆုချင်း ကျပ်(၁၀)သိန်းဆုများ

ဆ - ၁၀၃၇၇၉ ဂ - ၆၄၄၈၉၈
စ - ၁၃၃၁၂၇ ဂ - ၆၆၁၆၃၂
ည - ၁၉၆၂၂၀ င - ၇၆၇၉၉၁
စ - ၄၂၇၁၅၅ ဆ - ၈၂၈၆၅၄
ဇ - ၄၄၇၄၄၆ ဆ - ၉၈၂၁၄၃
စ - ၅၆၂၀၇၃

### ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ

ခ - ၂၄၅၀၅
ဆ - ၄၄၂၆၈
ဈ - ၅၂၄၀၇

အက္ခရာနှင့်ရှေ့ဂဏန်း(၅)လုံး အစဉ်လိုက်တူ - ကျပ်(၃)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ

ဈ - ၅၁၂၇
က - ၅၇၉၂
ခ - ၈၂၃၈

အက္ခရာနှင့်ရှေ့ဂဏန်း(၄)လုံး အစဉ်လိုက်တူ - ကျပ်(၂)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ

ဇ - ၁၆၁ င - ၄၆၇
က - ၂၇၆ ဈ - ၆၈၃
ဂ - ၃၄၉ ခ - ၉၀၉
င - ၃၇၂

အက္ခရာနှင့်ရှေ့ဂဏန်း(၃)လုံး အစဉ်လိုက်တူ - ကျပ်(၁)သိန်း

### ဝေဝေဆာဆာပဒေသာကျပ်(၅)သောင်းဆုများ

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသောဆုမဲ စုစုပေါင်းတန်ဖိုး(ဘဏ္ဍာသိမ်း ကျပ်သိန်း ၂၅၀၀ မှ အပါအဝင်)အား ပြန်လည် အစားထိုးဖွင့်လှစ်ပေးသည့် ကျပ်ငါးသောင်း ( ၂ )ယူနစ်များ

ခ - ၃၀ ခ - ၇၈

အက္ခရာနှင့်ရှေ့ဂဏန်း(၂)လုံးအစဉ်လိုက်တူ ကျပ်(၅)သောင်း

## ဘဏ္ဍာသိမ်းရငွေကျပ်သိန်း(၂၅၀၀)မှ ချီးမြှင့်သောဆုမဲများ

### ဆုတစ်ဆုချင်း ကျပ်(၁၀)သိန်းဆုများ

ဂ - ၂၉၆၁၈၉ စ - ၄၉၈၆၃၃ ဇ - ၅၆၂၃၇၁ ဇ - ၇၅၃၆၁၂

### ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ

ဇ - ၄၇၀၈၃
စ - ၈၉၅၁၂

အက္ခရာနှင့်ရှေ့ဂဏန်း(၅)လုံးအစဉ်လိုက်တူ - ကျပ်(၃)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ

ခ - ၇၃၈၉ က - ၇၉၈၂

အက္ခရာနှင့်ရှေ့ဂဏန်း(၄)လုံးအစဉ်လိုက်တူ - ကျပ်(၂)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ

ဂ - ၄၇၅
ဇ - ၉၉၃

အက္ခရာနှင့်ရှေ့ဂဏန်း(၃)လုံးအစဉ်လိုက်တူ - ကျပ်(၁)သိန်း

၁။ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် ကျင်းပသည့် အောင်ဘာလေသိန်းဆုဖွင့်ပွဲတွင် (၃၄)ကြိမ်မြောက် ကျပ်(၁၀၀၀)တန်အတွက် ဆုမဲ(၁၀၆၄၀)ဆု ဖွင့်လှစ်ပေးခဲ့ပါသည်။

၂။ ၂၀၂၂ခုနှစ်၊ ဖေဖော်ဝါရီလ(၁)ရက်နေ့တွင် ဖွင့်လှစ်မည့် (၃၅)ကြိမ်မြောက် ကျပ်(၁၀၀၀)တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲအတွက် ဖြန့်ဝေရောင်းချပေးမည့် အက္ခရာများမှာ (က) အက္ခရာ မှ (ည) အက္ခရာထိ အက္ခရာ (၁၀)လုံး ဖြစ်ပါသည်။

၃။ (၃၄)ကြိမ်မြောက် ကျပ်(၁၀၀၀)တန် ဆုမဲများအနက် ကျပ် (၁၀)သိန်းနှင့်အထက်ဆုမဲများအား ထီဆုငွေ ထုတ်ပေးခြင်းကို ( ၃-၁-၂၀၂၂ )ရက်နေ့မှ စတင်၍ဆောင်ရွက်ပေးမည်ဖြစ်ပြီး ကျန်ဆုမဲများအား ထီဆုငွေ ထုတ်ပေးခြင်းကို ( ၁၂-၁-၂၀၂၂ )ရက်နေ့မှစ၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းနှင့် ဆုငွေများကို ကိုယ်တိုင်ဖြစ်စေ၊ တရားဝင်ကိုယ်စားလှယ်လွှဲစာဖြင့်ဖြစ်စေ၊ နိုင်ငံသားစိစစ်ရေးကတ်မူရင်း/မိတ္တူ၊ အိမ်ထောင်စုစာရင်း မူရင်း/မိတ္တူ၊ (၆)လအတွင်းရိုက်ကူးထားသည့် လိုင်စင်ဓာတ်ပုံ(၃)ပုံ တင်ပြရန် လိုအပ် ပါသည်။

အောင်ဘာလေသိန်းဆုဌာနခွဲ

**အောင်ဘာလေသိန်းထီပေါက်စဉ်အား www.ird.gov.mm တွင် ကြည့်ရှုထုတ်ယူနိုင်ပါသည်။**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာ ရင်းနှီး မြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးနှင့် စပ်လျဉ်းသည့် ကြိုတင်ကာကွယ်ရေးဆိုင်ရာ ကန့်သတ်ချက်များအား ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့အထိ တိုးမြှင့်သတ်မှတ်ကြောင်း ကြေညာချက်

၁။ ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်ပြန့်ပွားမှုကို ကာကွယ်ထိန်းချုပ်သည့် အစီအမံများအား ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်ရှေးရှုလျက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် ကမ္ဘာ့နိုင်ငံအသီးသီးမှ မြန်မာနိုင်ငံသို့ လာရောက်ကြမည့် ခရီးသွားများအပေါ် ပြည်ဝင်ခွင့်ယာယီကန့်သတ်ချက်များအား ထုတ်ပြန်ထားခဲ့ပြီး၊ အဆိုပါ ကန့်သတ်ချက်များအားလုံးကို ၃၁-၁၂-၂၀၂၁ ရက်နေ့အထိ ဆက်လက်တိုးမြှင့်သတ်မှတ်ကြောင်း ၃၀-၁၁-၂၀၂၁ ရက်စွဲပါ ကြေညာချက်ဖြင့် ထုတ်ပြန်ထားခဲ့ပြီးဖြစ်ပါသည်-

(က) မြန်မာနိုင်ငံသို့ လာရောက်ကြသည့် ခရီးသွားများအပေါ် ကြိုတင်ကာကွယ်ရေး ကန့်သတ်ချက်များနှင့်စပ်လျဉ်း၍ ၁၅-၃-၂၀၂၀ ရက်စွဲပါ ကြေညာချက်၊

(ခ) မြန်မာနိုင်ငံသို့ လာရောက်ကြသည့် ခရီးသွားများအပေါ် ကြိုတင်ကာကွယ်ရေး ထပ်တိုးကန့်သတ်ချက်များနှင့် ဆိုက်ရောက်ဗီဇာနှင့် အီလက်ထရောနစ်ဗီဇာ ထုတ်ပေးခြင်းများအား ယာယီရပ်ဆိုင်းမှုတို့နှင့်စပ်လျဉ်း၍ ၂၀-၃-၂၀၂၀ ရက်စွဲပါ ကြေညာချက်၊

(ဂ) ကမ္ဘာ့နိုင်ငံအသီးသီးမှ မြန်မာနိုင်ငံသို့ လာရောက်ကြသည့် ခရီးသွားများအပေါ် ကြိုတင်ကာကွယ်ရေး ထပ်တိုးကန့်သတ်ချက်များနှင့်စပ်လျဉ်း၍ ၂၄-၃-၂၀၂၀ ရက်စွဲပါ ကြေညာချက်၊

*စာမျက်နှာ ၆ ကော်လံ ၁* ❖

# ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရေထွက်ကုန်တင်ပို့မှု နှစ်လခွဲကျော်အတွင်း အမေရိကန်ဒေါ်လာ ခြောက်သန်းကျော်ရရှိ

**ရန်ကုန် ဇန်နဝါရီ ၁**

မြန်မာနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် အောက်တိုဘာလဝက်ခန့်မှ ဒီဇင်ဘာလကုန်ပိုင်းထိ နှစ်လခွဲကျော်အတွင်း ရေထွက်ကုန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ခြောက်သန်းကျော် ရရှိခဲ့သည်။

၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် နှစ်လခွဲကျော်အတွင်း ရေထွက်ကုန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ခြောက်သန်းကျော် ရရှိခဲ့ခြင်းဖြစ်ရာ ယမန်နှစ်ဘဏ္ဍာနှစ်တွင် ကိုးလခန့် ရေထွက်ကုန်တင်ပို့ရာ၌ အမေရိကန် ဒေါ်လာ ၄ ဒသမ ၇၇ သန်း ရရှိခဲ့သောကြောင့် ယခုနှစ်တွင် လအနည်းငယ်အတွင်း ရေထွက်ကုန်တင်ပို့မှုမှ နိုင်ငံခြားဝင်ငွေ တိုးမြှင့်ရရှိခဲ့ခြင်းသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ တက္ကနပ်စ်ဆိပ်ကမ်းသို့ ရေထွက်ကုန်တိုက်ရိုက်တင်ပို့သော စက်လှေများမှ ဝင်ငွေခွန်များ ပါဝင်သည်။

"မနှစ်က ဘဏ္ဍာနှစ်မှာ ကိုးလနီးပါး ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ရေထွက်ကုန်တင်ပို့မှုကနေ အမေရိကန်ဒေါ်လာ ၄ ဒသမ ၇၇ သန်း ရခဲ့တယ်။ *စာမျက်နှာ ၆ ကော်လံ ၁* ■



ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရေထွက်ကုန်တင်ပို့မည့် စက်လှေ တစ်စင်းကို တွေ့ရစဉ်။

## ဇန်နဝါရီ ၁ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ

| | |
|---|---|
| ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် | ၁၁၂ ဦး |
| ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ | ၄ ဦး |
| ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိမှု ရာခိုင်နှုန်း | ၁.၃၅ % |
| Omicron (အိုမီခရွန်) ပျံ့နှံ့သည့်နိုင်ငံပေါင်း | ၁၃၀ |

**ယနေ့** *သတင်း အညွှန်း*

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပြွန်တန်ဆာမြို့၌ အမျိုးသားငါးဦးက အကြမ်းဖက်မှုလုပ်ရပ်များ လုပ်ဆောင်ရန်အတွက် လက်လုပ်မိုင်းတပ်ဆင်နေစဉ် ပေါက်ကွဲမှုဖြစ်ပွား၍ လေးဦးသေဆုံးကာ တစ်ဦးဒဏ်ရာရရှိ
ပြည်တွင်းသတင်း စာ - ၉

နှစ်သစ်မှာ အိုမီခရွန်ကူးစက်ဖြစ်ပွားမှု မြင့်တက်လာခြင်းကို အကောင်းဆုံး ကိုင်တွယ်ဖို့ ကိုဗစ်-၁၉ ဆောင်ရွက်ချက်တွေကို တင်းကျပ်လိုက်တဲ့ ဥရောပ
နိုင်ငံတကာရေးရာ စာ - ၁၄